# စီမံ/ဖွံ့ဖြိုး ဂျာနယ်

အတွဲ-၄၊ အမှတ်(၄)၊ ၂၀၁၇ ခုနှစ် (အောက်တိုဘာ-နိုဝင်ဘာ-ဒီဇင်ဘာ)

စီမံ/ဖွံ့ဖြိုးဂျာနယ် အတွဲ(၄)၊ အမှတ်-၄




စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၊ ဗဟိုစာရင်းအင်းအဖွဲ့မှ
(၃)လ တစ်ကြိမ် ထုတ်ဝေသည်

MOPF

# စီမံ/ဖွံ့ဖြိုး ဂျာနယ်

စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၊ ဗဟိုစာရင်းအင်းအဖွဲ့မှ
(၃)လ တစ်ကြိမ် ထုတ်ဝေသည်

# စီမံ/ပွဲ ဖြိုး ဂျာနယ်

အတွဲ-၄၊ အမှတ်(၄)၊ ၂၀၁၇ ခုနှစ်၊ အောက်တိုဘာ-နိုဝင်ဘာ-ဒီဇင်ဘာ


## rmwdm


| | | |
|---|---|---|
| **uAsmu@** | | |
| jrifrwfaypq&mbo0 | op&uf | 1 |
| **aqmifyg;u@** | | |
| p0fqufjywfZkwfrIyefwkdifrsm;EIifhobm0ywf0ef;usifxdef;odrf;a&; | a'gufwm0g0garmif | 2 |
| ukEÜDrsm;0ya'opEIifhrefrmpDyGm;a&;tem*wf | armif#Dm | 11 |
| b0taxax(6) | ausmfef;(ñefrS-ird) | 14 |
| p0f;pm;oifhbnf;ynfwif;aiwezkdus&jcif;taumif;t&ifrsm; | apmEkdf (tokdabm*aA') | 18 |
| tmqD,Htem*wftcifhtvrf;EIifhpdefac:rIrsm; | oefjrif;a0 | 21 |
| &ifEDSyfEDyfvkdrnfhpD;yGm;a&;jrifhrm;&rfokpcifhtay:pdefac:aerIrsm;EIifh jrefrmEkdif&HrifEDSyfEDaumf&SSef tcef;u@ | a'gufwmnDDarmif (DICA) | 24 |
| ukdD,m;orW®EkdifHvwfvyfaompDyGm;a&;Zkefrsm;(KFEZ) | a'gufwmyifvkt; | 29 |
| 0efxrf;aumif;qkdnf | a'gufwmcdkcdk0if; | 32 |

| | | |
|---|---|---|
| yk'f 36 EStwkd a'ouDynf , &if;EBSyfEu umfwD;\ tcef;u@ | ndrmif | 35 |
| okwoe&yf0ef;rS | pef , kt mif | 39 |
| tm&S0a&myEdkifH;\ cpfunfay;ifpnf;r(ASEM) | 0if0if0g | 44 |
| E-GDDS taumif;odumif;p&m | anmifwkd(cso) | 48 |
| trpdorDxkrf;yum;jr;Sfwif&;rS&&Sf;Ykrf;rqDY | oef;oef;pD;Hef | 53 |
| ub ,fbv (Who am I?) (2) | ESoef;Y | 56 |
| tvkftukdtcifvrf;r;azmfxkwfay;jcif;zifpDpD0fuaom vkfom; ap;uuf;zpfay;vma&; | rkd tupfwm (Mai Ester) | 59 |
| ppfwrf;qkdnfrS(o)erl tcuf vuf;\ ta&;yykH | 0Dxef;xef0if (pm&if;tifynm) | 62 |
| vrlqufqH&;ynmrdwfquf | jynfzd[ef | 64 |
| 2018 up0Dpm;ay; vkfo ifwh&maw | rkd | 66 |
| EdkifH&;\ t"yÜf | ó kH | 69 |
| Memory Flashback | Ek 0f | 72 |

# ykEÐdK rSwf wrf;

| | | |
|---|---|---|
| ruf£S-ud | - | pD'Zzd |
| twif;t yif;t qif | - | [ef; rif;ckd |
| pmrc;iy;uf rSwf | - | 5300070114 |
| xkwfa0ol | - | 0,Dpd;rif; |
| | | ñef;um;a&;rSL (okwoeEDSzd;a&;Xme) |
| | | A [kdm&;if;t if;t zU |
| | | pD'lejE5o @ma&;0ef;u,Xme/ |
| ykEÐdKol | - | 0,Dwfx ef;aumf |
| | | aumrwf;pf;me , ykEÐdKwkdf (r-09744) |
| | | r*v mawmif;ñef;rU, ñ&ef;ukd rU |
| tkyfa& | - | |
| wef;ck | - | |

# jrifjrwfaypG
# q&mhb0



ချမ်းသာဆင်းရဲ၊ ဘဝဝဲဝယ်
မခွဲခြားတတ်၊ စိတ်မြင့်မြတ်ကာ
နှံ့စပ်ပညာ၊ စေတနာထား
မေတ္တာပွားရင်း၊ ချစ်မုန်းခြင်းကင်း
ရင်တွင်းမှလာ၊ ဝါသနာနှင့်
ပညာပေးလှူ၊ မြတ်သောသူ။
တပည့်ဂုဏ်ကြီး၊ ရာထူးကြီးနှင့်
ရွှေထီးဆောင်းကာ၊ မြင့်နေပါလည်း
ဆရာမြတ်မှာ၊ မုဒိတာပွား
ရင်မှာအားတွေ၊ တဝေဝေ။
တိုင်းပြည်အနှံ့၊ တောတောင်ဖြန့်၍
ခြေဆန့်ခရီး၊ နှင်ပြီးရင်းနှင်
စာတွေသင်ရင်း၊ အမြင်ရှင်းအောင်
ပြောဆိုဆောင်ရွက်၊ ဦးဆောင်တတ်တာ
မြတ်ဆရာ။
စေတနာ၊ အနစ်နာ၊ ဝါသနာ
မေတ္တာ၊ အကြင်နာ၊ ဉာဏ်ပညာ
အသပြာကို ရှေ့တန်းမတင်သူပါ။

**သစ်ရွက်**



# စဉ်ဆက်မပြတ်ဖွံ့ဖြိုးမှု ပန်းတိုင်များနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး

| ဒေါက်တာဝါဝါမောင် |

သင့်တင့်သည့် သဘာဝပတ်ဝန်းကျင်သည် လူသားနှင့်သက်ရှိသတ္တဝါ ဖြစ်ပေါ်စေနိုင် သကဲ့သို့ လူသား/သက်ရှိသတ္တဝါသည်လည်း သဘာဝပတ်ဝန်းကျင် အပေါ်တွင် မှီခိုလျက်ရှိသည်။ သဘာဝပတ်ဝန်းကျင် ယိုယွင်းပျက်စီးမှုသည် လူသား/ သက်ရှိ သတ္တဝါတို့အား ခြိမ်းခြောက်လျက်ရှိပါသည်။ ကမ္ဘာ့လူဦးရေသည် ၁၈ ရာစုနှစ်က (၁ ဘီလီယံ) သာ ရှိခဲ့သော်လည်း ၂၀၁၇ ခုနှစ်တွင် (၇.၆ ) ဘီလီယံကျော် ရှိလာခဲ့သည်။ လူရေဦးတိုးပွားလာသည်နှင့်အမျှ လူနေမှုပုံစံ (Life Style) များလည်း ပြောင်းလဲလာသည်ကို တွေ့ရှိရပေမည်။ လူသားတို့အတွက် လိုအပ်ချက် (Needs) နှင့် လိုအင်ဆန္ဒ (Wants) တို့ များပြားလာသည်နှင့်အမျှ သယံဇာတရင်းမြစ်များ ( Natural Resources)အပေါ် ထုတ်နုတ် သုံးစွဲ လာကြခြင်းဖြင့် ဆိုးရွားစွာ ထိခိုက်လာခဲ့သည်။ သယံဇာတရှားပါးမှုနှင့် လောင်စာစွမ်းအင် ရှားပါးမှုပြဿနာနှင့် ရင်ဆိုင်ကြုံတွေ့ရပေသည်။ ထို့ပြင် သဘာဝပတ်ဝန်းကျင် ယိုယွင်းလာခြင်းဖြင့် စိန်ခေါ်မှုအသစ်များဖြင့် ရင်ဆိုင်ကြုံတွေ့လာခဲ့ကြရသည်။

**၂၁ ရာစုသို့ ရောက်ရှိလာချိန်တွင် Globalization အသီးအပွင့်တို့ကို ကမ္ဘာ့နိုင်ငံများအကြား ညီမျှစွာ ခွဲဝေခံစားနိုင်ရန် ကမ္ဘာ့ကုလသမဂ္ဂ၏ ရာစုသစ် ကြေငြာချက် (Millennium Declaration)အဖြစ် ကြေငြာခဲ့သည့် ထောင်စုနှစ် ဖွံ့ဖြိုးမှုပန်းတိုင်များသည် ၂၀၁၅ ခုနှစ် အကုန်တွင် ပြီးဆုံးခဲ့ပြီ ဖြစ်သည်။** ယခုအခါ ကမ္ဘာ့ဖွံ့ဖြိုးမှု ပန်းတိုင်များသည်

ထောင်စုနှစ် ဖွံ့ဖြိုးမှုပန်းတိုင်များ (**MDGs**) အဖြစ်မှ စဉ်ဆက်မပြတ် ဖွံ့ဖြိုးမှုပန်းတိုင်များ (**SDGs**)အဖြစ်သို့ ပြောင်းလဲလာခဲ့ပြီဖြစ်သည်။

ထောင်စုနှစ် ဖွံ့ဖြိုးမှု ပန်းတိုင်များ (**Millennium Development Goals-MDGs**) အား ကမ္ဘာ့နိုင်ငံများ၏ ဖွံ့ဖြိုးမှုလမ်းညွှန်အဖြစ် ၂၀၀၀ ခုနှစ်မှ ၂၀၁၅ ခုနှစ်အတွင်း ချမှတ် အကောင်အထည် ဖော်ခဲ့ကြရာတွင် မပြီးဆုံးသေးခဲ့သော လုပ်ငန်းစဉ်များလည်း တည်ရှိခဲ့ပါသည်။ ၂၀၁၅ ခုနှစ်စက်တင်ဘာလကုန်တွင် ကျင်းပခဲ့သည့် ကုလသမဂ္ဂ စုံညီ အစည်းအဝေးတွင် စဉ်ဆက်မပြတ် ဖွံ့ဖြိုးမှု ပန်းတိုင်များ (**Sustainable Development Goals-SDGs**)များအား အတည်ပြု ပြဋ္ဌာန်းခဲ့ပြီး ၂၀၁၆ ဇန်နဝါရီလ (၁) ရက် နေ့မှ စတင်၍ အသက်ဝင်ခဲ့ပြီ ဖြစ်သည်။ **စဉ်ဆက်မပြတ် ဖွံ့ဖြိုးမှုပန်းတိုင်များအဖြစ် စုစုပေါင်း ပန်းတိုင်(၁၇)ခု ၊ ရည်မှန်းချက်ပေါင်း (၁၆၉) ခု ရှိပြီး တိုင်းတာမည့် ညွှန်ကိန်းပေါင်း (၂၃၂) ရှိပါသည်။ အကောင်အထည်ဖော်ရန် စဉ်ဆက်မပြတ် ဖွံ့ဖြိုးမှု** ပန်းတိုင်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

- **ပန်းတိုင် (၁)**- နေရာအနှံ့ ဆင်းရဲမှုပုံစံအားလုံး အဆုံးသတ်ရေး
- **ပန်းတိုင် (၂)** - ငတ်မွတ်ခေါင်းပါးမှု အဆုံးသတ်ရေး၊ စားနပ်ရိက္ခာ ဖူလုံရေး ၊ အာဟာရ ပြည့်ဝမှု တိုးတက်ရေး နှင့် စဉ်ဆက်မပြတ် စိုက်ပျိုးရေးဖြစ်ပေါ်တိုးတက်စေရေး
- **ပန်းတိုင် (၃)** - လူတိုင်းစေ့ ကျန်းမာရေးနှင့် သာယာဝပြောရေး
- **ပန်းတိုင် (၄)** -လူသားအားလုံး အကျုံးဝင်ကာ ညီညွတ်မျှတပြီး အရည်အသွေးရှိသည့် ပညာ သင်ယူနိုင်ရေးနှင့် ဘဝတစ်လျှောက် အစဉ်လေ့လာ သင်ယူနိုင်သော အခွင့်အလမ်းရရှိရေး
- **ပန်းတိုင် (၅)**- ကျားမ တန်းတူညီမျှရရှိရေးနှင့် အမျိုးသမီးများ၊ အမျိုးသမီးငယ်များ အားလုံး စွမ်းပကားတိုးမြှင့်စေရေး၊
- **ပန်းတိုင် (၆)** - လူသားတိုင်း သန့်ရှင်းသောသောက်သုံးရေနှင့် မိလ္လာစနစ်ရရှိရေးနှင့် စဉ်ဆက်မပြတ်သော စီမံခန့်ခွဲမှု ဖြစ်ပေါ်စေရေး ၊
- **ပန်းတိုင် (၇)**- လူသားတိုင်း တတ်နိုင်သော၊ စိတ်ချရသော၊ ရေရှည်တည်တံ့ ခိုင်မြဲ သော၊ ခေတ်မီ စွမ်းအင်ရရှိရေး၊
- **ပန်းတိုင် (၈)**- စဉ်ဆက်မပြတ်နှင့် အားလုံးပါဝင်နိုင်သည့် ရေရှည်စီးပွားရေးဖွံ့ဖြိုးမှု တိုးတက်စေရေး၊ လုပ်သားပြည့် အလုပ်အကိုင်ရရှိရေးနှင့် အားလုံးအတွက် ထုတ်လုပ်နိုင်စွမ်းရှိ၍ သင့်တင့် လျောက်ပတ်သော အလုပ်အကိုင် တိုးတက်ဖြစ်ပေါ် ရရှိစေရေး ၊
- **ပန်းတိုင် (၉)** - ကြံ့ခိုင်သောအခြေခံအဆောက်အအုံများ တည်ဆောက်ခြင်း၊ အားလုံး အကျုံးဝင်ပြီး ရေရှည်တည်တံ့သည့် စက်မှုထူထောင်ခြင်းနှင့် တီထွင်ဆန်းသစ်မှုများ အား အားပေးမြှင့်တင်ရေး၊
- **ပန်းတိုင် (၁၀)**- နိုင်ငံတွင်းနှင့် နိုင်ငံများအကြား မညီမျှမှုလျှော့ချရေး၊
- **ပန်းတိုင် (၁၁)**- အားလုံး အကျုံးဝင်ပြီး လုံခြုံစိတ်ချစွာဖြင့် ကြံ့ခိုင်ပြီး ရေရှည် စဉ်ဆက်မပြတ် တိုးတက်မှုကိုဖြစ်စေမည့် မြို့ပြများနှင့် အခြေချနေထိုင်မှုများ ဖြစ်ပေါ် စေရေး၊
- **ပန်းတိုင် (၁၂)**- ရေရှည် တည်တံ့စေမည့် စားသုံးခြင်းနှင့် ထုတ်လုပ်ခြင်းပုံစံများ ဖြစ်ပေါ်စေရေး ၊
- **ပန်းတိုင် (၁၃)**- ရာသီဥတုပြောင်းလဲခြင်းနှင့် ၎င်း၏ အကျိုးသက်ရောက်များကို လျှော့ပါးစေရေးအတွက် အရေးကြီးလုပ်ငန်းစဉ်များ ချမှတ်ဆောင်ရွက်ရေး ၊
- **ပန်းတိုင် (၁၄)**- စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှုကိုဖြစ်ပေါ်စေရန် ပင်လယ်၊ သမုဒ္ဒရာ နှင့် ရေသယံဇာတများကို ရေရှည်တည်တံ့စွာ အသုံးပြုနိုင်ရေးအတွက် ထိန်းသိမ်း စောင့်ရှောက်ရေး၊
- **ပန်းတိုင် (၁၅)** - ကမ္ဘာလုံးဆိုင်ရာ ဂေဟစနစ်အားကာကွယ်ထိန်းသိမ်းကာ ရေရှည်တည်တံ့ အောင်အသုံးပြု ရေး၊ သစ်တောများ ရေရှည်တည်တံ့စေရန် စီမံခန့်ခွဲ ရေး၊ သဲကန္တာရများ ဖြစ်ပေါ်စေမှုအား ပပျောက်စေရေး၊ မြေယာ ပြန်းတီးယိုယွင်းပျက်စီးမှု ရပ်တံ့စေရေး၊ ဇီဝမျိုးစုံ မျိုးကွဲ ပြုန်းတီးမှု ရပ်တံ့စေရေး၊
- **ပန်းတိုင် (၁၆)**- စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှု

အတွက် ငြိမ်းချမ်း၍ အားလုံး ပါဝင်နိုင်သော အဖွဲ့ အစည်းများ တိုးတက်စေရေး ၊ အားလုံးအတွက် တရားမျှတမှု ဖြစ်ပေါ်စေရေးနှင့် အဆင့်တိုင်း၌ ထိရောက်၍ တာဝန်ခံမှု၊ တာဝန်ယူမှုရှိသော၊ လူတိုင်း အကျုံးဝင်သည့် အဖွဲ့ အစည်းများ ထူထောင်ရေး၊

- ပန်းတိုင် (၁၇) - အကောင်အထည် ဖော်ဆောင်မှုအား ဖြစ်ပေါ်စေမည့် အထောက်အပံ့များ အားကောင်းစေခြင်းနှင့် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှုအတွက် ကမ္ဘာလုံးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများ ရှင်သန်အား ကောင်းစေရေး၊

စဉ်ဆက်မပြတ် ဖွံ့ဖြိုးမှုပန်းတိုင်များသည် လူမှုရေး၊ စီးပွားရေး၊ နိုင်ငံရေးတို့နှင့် ဆက်စပ်လျက်ရှိခြင်းကြောင့် စဉ်ဆက်မပြတ် ဖွံ့ဖြိုးမှုပန်းတိုင် (၁၇) ခုသည်လည်း အလွန်ကျယ်ပြန့်သည်ကို တွေ့ရှိရသည်။ သို့သော် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးသည်လည်း ရေရှည်တွင် လူတို့၏ လူမှုရေး၊ စီးပွားရေး၊ နိုင်ငံရေး တို့နှင့် ဆက်စပ်လျက်ရှိခြင်းတို့ကြောင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးကို ဆောင်ရွက်နိုင်မှသာ စဉ်ဆက်မပြတ် ဖွံ့ဖြိုးမှုပန်းတိုင်များအား အောင်မြင်နိုင်မည် ဖြစ်ပါသည်။

## သဘာဝပတ်ဝန်းကျင်ယိုယွင်းလာမှုကို ဖြစ်ပေါ်စေသည့် အကြောင်းရင်းများ

သဘာဝပတ်ဝန်းကျင်ယိုယွင်းလာမှုကို ဖြစ်ပေါ်စေသည့် အကြောင်းရင်းများ (Major Causes for Environmental Degradation) တွင် သစ်တောများပြုန်းတီးလာခြင်း၊ လူဦးရေ တိုးပွားလာမှုနှင့် လူနေမှု စနစ်ပြောင်းလဲလာခြင်း၊ စက်မှုကဏ္ဍတိုးတက်လာခြင်း၊ စွမ်းအင်တိုးမြင့် သုံးစွဲလာခြင်း၊ သဘာဝ ပတ်ဝန်းကျင်ကို ပျက်ယွင်းစေသော ဓာတ်ငွေ့များ ထုတ်လွှတ်မှု မြင့်မားလာခြင်းတို့ ပါဝင်သည်။ အကျိုးဆက်များအနေဖြင့် မြေငလျင်အန္တရာယ်၊ တောမီးလောင်ခြင်း၊ မြေပြိုခြင်း၊ ရေလွှမ်းမိုးခြင်းအန္တရာယ်များ၊ မုန်တိုင်း တိုက်ခတ်ခြင်း၊ အပူလှိုင်း အန္တရာယ်ကျရောက်ခြင်း၊ မိုးခေါင်ရေရှားခြင်း၊ မီးခိုးမြူ ပြဿနာများကို ဖြစ်ပေါ်စေသည်။ ထို့အပြင် နောက်ဆက်တွဲ ပြဿနာများအဖြစ် သဘာဝ သယံဇာတများ ရှားပါးလာခြင်း၊ စီးပွားရေးကြပ်တည်းမှုများ၊ လူများအစုလိုက်၊ အပြုံလိုက် ရွှေ့ပြောင်းရခြင်း၊ အိမ်ယာမဲ့မှုများ၊ ကျန်းမာရေးဆိုးကျိုးများ၊ လူမှုရေးစနစ် ပျက်စီးမှု၊ နိုင်ငံရေးစနစ် မတည်ငြိမ်မှုများကို ဖြစ်ပေါ်စေနိုင်သည်။ စသည့်ဆိုးကျိုးများကြောင့် နောင်ကာလ၏ မျိုးဆက်သစ်များနစ်နာမှု မရှိစေရန် စဉ်ဆက် မပြတ် ဖွံ့ဖြိုးမှု (Sustainable Development)ဟူသော သဘောတရား ပေါ်ပေါက်လာခဲ့သည်။

## စဉ်ဆက်မပြတ်ဖွံ့ဖြိုးမှုဆိုသည်မှာ

စဉ်ဆက်မပြတ်ဖွံ့ဖြိုးမှု (Sustainable Development) ဆိုသည်မှာ နောင်လာ နောက်သား တို့၏ စားသုံးမှုမလျော့စေဘဲ လက်ရှိလူသားတို့၏ လိုအင်ဆန္ဒများကို ဖြည့်ဆည်းပေးခြင်းပင်ဖြစ်သည်။ အရပ်စကားနှင့် တင်ပြရလျှင် "သုံးလည်းသုံး ကုန်လည်းမကုန်ပါစေနဲ့၊ မျိုးဆက်သစ်များ အတွက် ဒုက္ခရောက် မကျန်ခဲ့ပါစေနဲ့" ဟူသည့် သဘောပင်ဖြစ်ပါသည်။ ရာသီဥတုပြောင်းလဲမှုသည် လူသားတို့၏ လုံခြုံမှုကို ခြိမ်းခြောက်မှု ဖြစ်ပေါ်နေခြင်း တို့ကြောင့် ကမ္ဘာ့လူသားတိုင်း အလေးအနက်ထားရမည့် ပြဿနာပင်ဖြစ်ပေသည်။ ဤကမ္ဘာ စကြာဝဠာတစ်ခုလုံးတွင်ရှိသော သဘာဝပတ်ဝန်းကျင်မှ သယံဇာတများကို ထိန်းသိမ်းရန်မှာ ကမ္ဘာ့လူသားများ အားလုံး၏ တာဝန်ပင်ဖြစ်သည်။ အလားတူပင် ဤမြန်မာနိုင်ငံတစ်နိုင်ငံလုံးတွင် တည်ရှိနေသည့် သဘာဝပတ်ဝန်းကျင်မှ သယံဇာတများကို ထိန်းသိမ်းရန်မှာလည်း မြန်မာနိုင်ငံသားများအားလုံးတွင် တာဝန်ရှိ ပေသည်။

## ကမ္ဘာကြီးပူနွေးမှုကို လျှော့ချရေး

ကမ္ဘာကြီးပူနွေးမှုကို လျှော့ချရန် ကမ္ဘာကြီးပေါ်တွင် သင့်တင့်မျှတ ကောင်းမွန်သော ရာသီဥတုဖြစ်လာစေရန် ဆောင်ရွက်ရမည့်အချက်များမှာ ကာဗွန်ဒိုင်အောက်ဆိုဒ် ဓာတ်ငွေ့လျှော့ချရေး၊ သစ်တော၊ သစ်ပင်များ ထိန်းသိမ်းရေးနှင့် ပြုစုပျိုးထောင်ရေး၊ ပြည့်ဖြိုးမြဲ စွမ်းအင်သုံးစွဲရေး၊ စွန့်ပစ်ပစ္စည်းများ လျှော့ချရေး၊ ရေအရင်းအမြစ်ထိန်းသိမ်းရေး၊ အဆိပ်နှင့် ဓာတုပစ္စည်းသုံးစွဲမှု လျှော့ချရေး တို့ပင်ဖြစ်သည်။

ကမ္ဘာ့လေထုအတွင်း မှန်လုံအိမ်အာနိသင်

ဓာတ်ငွေ့များ တိုးတက်ဖြစ်ပေါ်လျက်ရှိသည်။ မှန်လုံအိမ်ဓာတ်ငွေ့များကြောင့် ကမ္ဘာ့မြေမျက်နှာပြင် အပူချိန်မြင့်မားမှုများတွေ့ရှိရပေသည်။ ကမ္ဘာ့မျက်နှာပြင် အပူချိန်မြင့်မားမှု၏အကျိုးဆက်ကြောင့် ရာသီဥတုပြောင်းလဲခြင်းများ ဖြစ်ပေါ်လာသည်။ မှန်လုံအိမ် ဓာတ်ငွေ့များ (Greenhouse Gases) များပြား ပျံ့နှံ့ လာသည့်အတွက် နေမှဖြတ်သန်းလာသော အပူရှိန်အား ကမ္ဘာမြေကြီးမှ စုပ်ယူနိုင်မှုနည်းပါးလာသည်။ ရေငွေ့နှင့် ကာဗွန်ဒိုင်အောက်ဆိုဒ်၊ မီသိန်းနှင့် နိုက်ထရက် အောက်ဆိုက်တို့ဖြစ်ပေါ်မှု များပြားလာခြင်းကြောင့် အပူငွေ့များကိန်းအောင်းမှု များပြားလာသည်။ လူတို့၏အပြုအမူနှင့် ဆောင်ရွက်ချက်များကြောင့် ပိုမိုဆိုးရွားလာခဲ့သည်။ ကမ္ဘာ့အပူချိန်သည် ၂၀ ရာစုမှ စ၍ တစ်ဖြေးဖြေးမြင့်တက်လာခဲ့ပြီး မိုးရွာသွန်းမှု ပုံသဏ္ဍာန်များပြောင်းလဲသွားပြီး စိုက်ပျိုးထုတ်လုပ်နိုင်မှုအပေါ် အကျိုးသက်ရောက်မှုများ ရှိနေပေသည်။ မိမိတို့မြန်မာနိုင်ငံသည်လည်း စိုက်ပျိုးရေးနိုင်ငံဖြစ်ခြင်းကြောင့် ရာသီဥတုပြောင်းလဲမှု၏ဒဏ်အား ခံစားနေရ လျက်ရှိသည်။ ထို့ပြင် မိုးသည်းထန်စွာ ရွာသွန်းခြင်း၊ ရေကြီးခြင်း၊ လေပြင်း တိုက်ခတ်ခြင်း၊ ငလျင်လှုပ်ခြင်း၊ မိုးကြိုးပစ်ခြင်း၊ မိုးသီးကြွေခြင်း၊ မြေပြိုခြင်း ၊ မြစ်ချောင်းများ တိမ်ကောခြင်းတို့ကြောင့် မြစ်ရေ၊ ချောင်းရေလျှံ ရေလွှမ်းမိုးခြင်း အစရှိသဖြင့် သဘာဝ ဘေးအန္တရာယ်များကိုလည်း ခပ်စိတ်စိတ်နှင့် ရင်ဆိုင်ကြုံတွေ့လာရသကဲ့သို့ ပျက်စီးမှုစွမ်းအားများ ကြီးမားလာရခြင်းကြောင့် သဘာဝ ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုများသည်လည်း လွန်စွာအရေးပါလာခဲ့ပြီးဖြစ်သည်။

**မှန်လုံအိမ်အာနိသင်ရှိသော ဓာတ်ငွေ့ အကျိုးသက်ရောက်မှု (Greenhouse Gases Effect)** ကြောင့် ကမ္ဘာမှ အပူငွေ့များ ပြန်မထွက်နိုင်ဘဲ ကမ္ဘာ့အပူချိန်မြင့်မားလာကာ ကမ္ဘာကြီး ပူနွေးလာစေခဲ့သည်။ မှန်လုံအိမ်ဓါတ်ငွေ့ထုတ်လွှတ်သော ကဏ္ဍများအဖြစ် စွမ်းအင် ကဏ္ဍ၊ စက်မှုကဏ္ဍ၊ စိုက်ပျိုးရေးကဏ္ဍ၊ သစ်တောကဏ္ဍ၊ စွန့်ပစ်ပစ္စည်းကဏ္ဍများကို တွေ့ရှိရသည်။ **FAO**နှင့် **UNEP**တို့၏ လေ့လာမှု များအရ နှစ်စဉ် သစ်တော ပြုန်းတီးမှာ ဘရာဇီးနိုင်ငံ၌ ၂၆.၅ %၊ ဇမ်ဘီယာ နိုင်ငံ၌ ၉.၂%၊ အင်ဒိုနီးရှားနိုင်ငံ၌ ၆.၁ % ရှိသည်။ သစ်တောများ ပျက်စီးရခြင်းအကြောင်းအရင်းများမှာ တောမီးလောင်ခြင်း၊ လူဦးရေတိုးတက်လာ၍ မြို့ရွာ တိုးချဲ့ခြင်း၊ စက်မှုဇုံများ တိုးချဲ့ခြင်း၊ စိုက်ပျိုးမြေ တိုးချဲ့ရန်အတွက် သစ်တောများ ခုတ်ထွင်ခြင်း၊ သစ်ထုတ် လုပ်ရောင်းချခြင်း၊ တောင်ယာ စိုက်ပျိုးခြင်းတို့ကြောင့် ဖြစ်သည်။

**အက်စစ်မိုးရွာသွန်းမှု**သည် အပင်၏ဇီဝကမ္မပျက်စီးစေခြင်း၊ မြေဆီလွှာ ပြုန်းတီးခြင်းတို့ကို ဖြစ်ပေါ်စေနိုင်ပြီး မော်တော်ကားမှထွက်သော ကာဗွန်မိုနောက်ဆိုဒ်၊ ဆာလဖာဒိုင် အောက်ဆိုဒ်၊ ခဲအမှုန်များ အပင်များကို သေကြေပျက်စီးစေနိုင်သည်။ လူသားတို့၏ စားနပ်ရိက္ခာဖူလုံရေးကို ထိခိုက်နိုင်သည်။ သစ်တောများကို အသုံးပြု ပုံပြုနည်းနှင့် ပတ်သက်၍ အစိုးရမူဝါဒများ၏ လွှမ်းမိုးမှုလည်းရှိသည်။ မြေယာသစ်များ ဖော်ထုတ်ခြင်း၊ ဆည် တာတမံတည်ဆောက်ခြင်းတို့၏ ဆိုးကျိုးအဖြစ် ဂေဟစနစ်ပျက်စီးစေခြင်း၊ မြစ်ချောင်း တိမ်ကောမှုများ ဖြစ်ပေါ်စေခြင်း၊ ဆိုးရွားသော ရာသီဥတု ဖောက်ပြန်မှုများကြောင့် သဘာဝအပေါ် မှီခိုနိုင်မှု အားနည်းလာပြီး စွမ်းအင်သုံးစွဲမှုမြင့်တက် လာခဲ့ပေသည်။ စွမ်းအင် သုံးစွဲမှုမြင့်တက် လာသည်နှင့်အမျှ စွမ်းအင်မလုံလောက်သော၊ ရှားပါးသော ပြဿနာ ရင်ဆိုင်ရမှုမှ တစ်ဆင့် အကြပ်အတည်းများကို ပိုမိုဖြစ်ပေါ်စေနိုင်သည်။

## သဘာဝပတ်ဝန်းကျင် ထိမ်းသိမ်းရန် ပူးပေါင်းမှုများ

၂၁ရာစု Globalization ခေတ်တွင် ကမ္ဘာ့လုံခြုံရေးကို ခြိမ်းခြောက်စိန်ခေါ်မှုများအနက် သဘာဝ ပတ်ဝန်းကျင်ယို့ယွင်းပျက်စီးမှုကြောင့် ဖြစ်ပေါ်လာသော အကျိုးဆက်များသည် သမရိုးကျမဟုတ်သော ခြိမ်းခြောက်မှု (Non-traditional threat) အဖြစ် ကမ္ဘာအနှံ့ ပျံ့နှံ့သတိထားလာခဲ့သည်ကို တွေ့ရှိရပေမည်။ လူသားများ အသက်ရှင်နေထိုင်ရန်အတွက် မှီတင်းနေထိုင်ရသည့် သဘာဝပတ်ဝန်းကျင်၏ ယိုယွင်းမှု ပြဿနာများသည် မိမိနိုင်ငံ အပါအဝင် ကမ္ဘာကြီး၏ လုံခြုံရေးကိုပါ ခြိမ်းခြောက်လာပြီဖြစ်၍ လူသားအားလုံး၏ အရေးကိစ္စ အဖြစ်ခံယူပြီး အရှည်မျှော်တွေးကာ စိတ်ကောင်းစေတနာများဖြင့် နောင်လာ နောင်သား

မျိုးဆက်သစ်များ အန္တရာယ်ကင်းစွာ နေထိုင်နိုင်ရေးအတွက် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးနှင့် သက်ဆိုင်သော မဟာဗျူဟာ၊ နည်းဗျူဟာ ကောင်းများ စူးစမ်းဖော်ထုတ်ကာ နိုင်ငံတကာ အဖွဲ့အစည်းများမှ ဦးဆောင်၍ နိုင်ငံများ အကြား၊ ကမ္ဘာ့နိုင်ငံသားများအကြား ပူးပေါင်း ဆောင်ရွက်မှသာ အောင်မြင်မှု ရရှိနိုင်ပေမည်။

United Nations Framework Convention on Climate Change (UNFCCC) နှင့် ချိတ်ဆက်လျက်ရှိသော ရာသီဥတု ပြောင်းလဲမှု ကာကွယ်ရေးအတွက် ကျိုတို အပြည်ပြည်ဆိုင်ရာ သဘောတူညီချက် Kyoto Protocol ကို ကမ္ဘာ့နိုင်ငံပေါင်း ၁၉၂ နိုင်ငံတို့မှ ၁၉၉၇ ခုနှစ်ကတည်းက စတင် အကောင်အထည်ဖော်ဆောင်ခဲ့ကြသည်။ ဂျပန်၊ နယူးဇီလန်နှင့် ရုရှားနိုင်ငံတို့သည် ပထမ အသုတ် ဖန်လုံအာနိသင် ဓာတ်ငွေ့များ လျှော့ချရေး ရည်မှန်းချက်များတွင် ပါဝင်ခဲ့သော်လည်း ဒုတိယ အသုတ်တွင် အဆိုပါ ရည်မှန်းချက် အသစ်များအား ချမှတ်ခဲ့ခြင်းမရှိခဲ့ပေ။ ကနေဒါ နိုင်ငံသည် ၂၀၁၂ ခုနှစ်တွင် Kyoto Protocol မှ ထွက်ခွာခဲ့ပြီး အမေရိကန် ပြည်ထောင်စု အနေဖြင့် ယခုချိန်ထိ လက်မှတ် ရေးထိုးနိုင်ခြင်း မရှိပါ။ ကျိုတို အပြည်ပြည်ဆိုင်ရာ သဘောတူညီချက်၏ သက်ရောက်မှု အနေဖြင့် ၂၀၁၂ ခုနှစ်အထိ ကာဗွန်ဒိုင်အောက်ဆိုဒ်ဓာတ် ထုတ်လွှတ်မှုအား ၁၂.၅% လျှော့ချနိုင်ခဲ့သည်။ Multilateral Environmental Agreements (MEAs) ကို လက်မှတ်ရေးထိုး ဆောင်ရွက်သည့် နိုင်ငံများလည်း ရှိသည်။ Kyoto Protocol Extension (2012-20) နောက်ဆက်တွဲအဖြစ် ဒိုဟာ သဘောတူညီချက် (Doha Agreement) ကို ၂၀၁၂ ခုနှစ်တွင် ဆောင်ရွက်ခဲ့သည်။

အရှေ့တောင်အာရှ နှင့် အရှေ့အာရှဒေသသည် ကမ္ဘာ့ရာသီဥတုပြောင်းလဲမှု အခြေအနေများ၌ အဆိုးဝါးဆုံး ခံစားရသည့် နေရာတစ်ခုဖြစ်လာနိုင်သည်ဟု သိပ္ပံပညာရှင်များက ခန့်မှန်းထားသည့် တရုတ်၊ အိန္ဒိယနှင့် ဘရာဇီးကဲ့သို့ စက်မှုနိုင်ငံကြီး များအပေါ် ပိုမိုအာရုံစိုက်ရန် လိုအပ်လာခဲ့ပြီ ဖြစ်သည်။ ကျိုတိုသဘောတူစာချုပ်၏ Clean Development Mechanism ကို အကောင်အထည်ဖော်ရေး အတွက် ရံပုံငွေ ထူထောင်ရေးသည် အရေးပါလာပြီဖြစ်သည်။ အာရှ -ပစိဖိတ်ဆိုင်ရာ သဘော တူညီချက်နှင့် ပူးပေါင်းဆောင်ရွက်မှုများမှာ ASEAN Agreement on Tran boundary Haze Pollution နှင့် Asia-Pacific Partnership on Clean Development and Climate တို့ဖြစ်သည်။

ကာဗွန်ဓာတ်ငွေ့များ လျော့ပါးအောင် ကြိုးစားပြီး ကမ္ဘာကြီးပေါ်တွင် သင့်တင့် မျှတသော၊ ကောင်းမွန်သော ရာသီဥတုဖြစ်လာစေရန်အတွက် ကာဗွန် ထုတ်လွှတ်မှု အနည်းဆုံး ဖြစ်စေမည့် စွမ်းအင် (ဥပမာ- နေရောင်ခြည်စွမ်းအင်၊ လေစွမ်းအင်) စသည့် အစားထိုး ပြည့်ဖြိုးမြဲစွမ်းအင်များကို အသုံးပြုခြင်း၊ ပတ်ဝန်းကျင် ထိန်းသိမ်းရေးနည်းပညာ ရပ်ဆိုင်ရာလုပ်ငန်းများတွင် ရင်းနှီးမြှုပ်နှံမှုများကို ပိုမိုတိုးတက်စေခြင်း၊ ကာဗွန်စုပ်ယူနိုင်သည့် သဘာဝပတ်ဝန်းကျင်ကို ကာကွယ်စောင့်ရှောက်ခြင်းနှင့် စက်မှုနှင့်အခြား လုပ်ငန်းများမှ ကာဗွန်ထုတ်လွှတ်မှုများကို ကန့်သတ်ထိန်းချုပ်ခြင်းစသည့် လုပ်ငန်း ဆောင်ရွက်မှုများဖြင့် ရာသီဥတု ပြောင်းလဲလာမှု ပြဿနာများကို ကမ္ဘာ့နိုင်ငံများ အားလုံး ပူးပေါင်းလက်တွဲ တိုက်ဖျက်ကြရန် အထူးလိုအပ်နေသည်။

အာဖရိကဒေသနိုင်ငံများ၊ အာရှနှင့် တောင်အာရှဒေသနိုင်ငံများတွင် ကမ္ဘာ့ရာသီဥတု ပြောင်းလဲမှု၏ အကျိုးဆက်များကို ပြင်းပြင်းထန်ထန်ခံစားရလျက်ရှိရာ ဒေသတွင်းနိုင်ငံများနှင့် ကမ္ဘာ့အဖွဲ့အစည်းများ အထူးအလေးပေး အကောင်အထည်ဖော်ဆောင်ရမည့်ကဏ္ဍများ ဖြစ်လာခဲ့ပါသည်။ ထို့ကြောင့် သဘာဝပတ်ဝန်းကျင်ကို ထိခိုက်မှုနည်းပါးစေသောနည်းပညာများ (Environmental Friendly Technologies) လွှဲပြောင်းရယူရေး၊ ကာဗွန်ခရက်ဒစ်ရောင်းဝယ်မှု (Carbon Credit Trading)၊ သဘာဝပတ်ဝန်းကျင်ကို ပိုမိုဆိုးဝါးပျက်စီးစေမည့် အသက် မွေးဝမ်းကျောင်းမှ အခြား အသက်မွေးဝမ်း ကျောင်းလုပ်ငန်းသို့ (Alternative livelihood) သို့ ပြောင်းလဲစေခြင်း၊ ထိုသို့ အသက်မွေးဝမ်းကျောင်း ပြောင်းလဲစေလိုက်သော ထုတ်ကုန်များ အတွက် ဈေးကွက် (Market) ရရှိစေခြင်း၊ အသေးစားချေးငွေများ (Micro credit) ဖန်တီး ရရှိစေခြင်း၊ မီဒီယာများမှတစ်ဆင့် ပတ်ဝန်းကျင်ထိန်းသိမ်းမှု အသိ

အမြင် (Environmental Awareness) ရရှိစေခြင်း၊ လူတို့၏ နေထိုင်စားသောက်မှု ပုံစံ (Life Style) ပြောင်းလဲစေခြင်း၊ ပတ်ဝန်းကျင်ထိန်းသိမ်းမှု အသိအမြင်ကို ပိုမိုပြန့်ပွားစေရေးအတွက် မူလတန်း၊ အလယ်တန်း ကျောင်းပညာရေး၌ပင် ကျောင်းသင်ခန်းစာ၌ ထည့်သွင်းသင်ကြားစေခြင်း၊ သဘာဝပတ်ဝန်းကျင် ယိုယွင်းပျက်စီးမှုနှင့် ထိန်းသိမ်းရေး လုပ်ငန်းများအတွက် ဆွေးနွေးပွဲများ၊ နှီးနှော ဖလှယ်ပွဲများ၊ စာတမ်းဖတ်ပွဲများ စသည်တို့ကို ဆောင်ရွက်ရမည် ဖြစ်ပါသည်။

## သဘာဝ ပတ်ဝန်းကျင်ထိမ်းသိမ်းရေးနှင့် ဆင်းရဲနွမ်းပါးမှု လျော့ချရေးတို့၏ ဆက်စပ်မှု

Globalization၏ အသီးအပွင့်တို့ကို ကမ္ဘာ့နိုင်ငံများအကြား ညီမျှစွာ ခွဲဝေခံစားရန် ၂၁-ရာစု နှစ်သို့ ရောက်ရှိ လာချိန်တွင် ကမ္ဘာ့ကုလသမဂ္ဂ၏ ရာစုသစ်ကြေငြာချက် (Millennium Declaration) အဖြစ် ဆင်းရဲ၊ ချမ်းသာသော နိုင်ငံများ အားလုံးတို့အတွက် ဆင်းရဲနွမ်းပါးမှု ပပျောက်ရေး (Eradication of poverty) နှင့် လူသားဖွံ့ဖြိုးမှု (Human Development) တို့အတွက် ထောင်စုနှစ်ဖွံ့ဖြိုးမှုပန်းတိုင်များ (Millennium Development Goals-MDGs) တွင် ပတ်ဝန်းကျင်ဆိုင်ရာ စဉ်ဆက်မပြတ် ထိန်းသိမ်းမှု (Environmental Sustainability) ပန်းတိုင်သည် သတ္တမမြောက် ပန်းတိုင်အဖြစ် တည်ရှိခဲ့သည်။ ၂၀၁၅ ခုနှစ်နောက်ပိုင်း စဉ်ဆက်မပြတ် ဖွံ့ဖြိုးမှု ပန်းတိုင်များ **(Sustainable Development Goals -SDGs)** များတွင် ပန်းတိုင်အမှတ် (၁၃) (၁၄) နှင့် (၁၅) တို့သည် **သဘာဝ ပတ်ဝန်းကျင် ထိန်းသိမ်းရေးနှင့် စပ်လျဉ်းသည့် ပန်းတိုင်များ**ဖြစ်သည်။ ရာသီဥတုပြောင်းလဲမှုကို ကာကွယ်ခြင်းအားဖြင့် မိမိနိုင်ငံအတွက် သာမက ကမ္ဘာ့လူသားဖွံ့ဖြိုးမှုကို တိုးတက်အောင် လုပ်ဆောင်ရာ ရောက်ပေသည်။

သဘာဝ ပတ်ဝန်းကျင်ထိမ်းသိမ်းရေး (Environment Preservation) နှင့် ဆင်းရဲနွမ်းပါးမှု လျော့ချရေး (Poverty Reduction) တို့သည်လည်း နီးစပ်စွာ ဆက်စပ်လျက်ရှိပေသည်။ အသေးစား ချေးငွေလုပ်ငန်း (Microfinance) သည် ဆင်းရဲနွမ်းပါးမှု လျော့ချရေးနှင့် စီးပွားရေး ဖွံ့ဖြိုးမှု၏ နည်းလမ်းတစ်ရပ်အနေဖြင့် လွန်ခဲ့သည့် ဆယ်စုနှစ်များက ခေတ်စားပေါ်ပေါက်လာခဲ့သည်။ Microfinanceသည် အလုပ်အကိုင်ဖန်တီးမှုကို ပိုမိုဖြစ်ပေါ်စေပြီး လူမှုရေး၊ စီးပွားရေး၊ သာရေး၊ နာရေးများတွင် အသုံးပြုရန် ဝင်ငွေကို ရရှိစေနိုင်သည့်အပြင် အထူးသဖြင့် အမျိုးသမီးများနှင့် ကလေးများအတွက် ပညာသင်ကြားမှုနှင့် အခြားသော လူနေမှုအဆင့်အတန်း မြင့်မားရေးအတွက် အခွင့် အလန်းများကို ဖန်တီးပေးစေသည်။ မိသားစုများ၏ ဝင်ငွေ တိုးတက်စေနိုင်ရုံမျှသာမက တစ်ပိုင်တစ်နိုင်၊ အသေးစားနှင့် အလတ်စား စီးပွားရေး လုပ်ငန်း များအား တိုးတက်စေနိုင်ပါသည်။

အသေးစား ချေးငွေလုပ်ငန်းသည် အထူးသဖြင့် အမျိုးသမီးလုပ်သားထုကို အသုံးချရာရောက်ပြီး နိုင်ငံအတွက် ထုတ်လုပ်မှုစွမ်းအား (Productivity) တိုးတက်လာနိုင်သကဲ့သို့ အမျိုးသမီးများ လမ်းမှားမရောက် စေနိုင်အောင် ဆွဲဆောင်အားပေးမှု နည်းလမ်း (Technique for empowering women) ပင် ဖြစ်ပေသည်။

Microfinance သည် ဆင်းရဲသားများအတွက် ချေးငွေဖန်တီးမှု (Access to credit) ကို ဖြစ်ပေါ်စေနိုင်ပြီး ကျယ်ပြန့်စွာ အသုံးပြုနိုင်သည့်အပြင် ၄င်းကိုစီမံ အုပ်ချုပ်ရသည်မှာလည်း လွယ်ကူပေသည်။ အပြည်ပြည်ဆိုင်ရာ အလှူရှင်များ (International Donors) များသည် တစ်နှစ်လျှင် Microfinance အပေါ်တွင် အမေရိကန် ဒေါ်လာ တစ်ဘီလီယံခန့် သုံးစွဲကြောင်း ၊ သို့သော် ကမ္ဘာပေါ်တွင် ဖွံ့ဖြိုးဆဲနိုင်ငံများ၏ လူဦးရေ ၃ ဘီလီယံလောက်မှာ ဘဏ္ဍာရေး ဝန်ဆောင်မှု မရရှိခြင်း သို့မဟုတ် အနည်းငယ်သာ ရရှိခြင်းတို့ကို ဖြစ်ပေါ်စေလျက်ရှိသည်။



## ဥတုရာသီတည်ငြိမ်ရေးနှင့် သဘာဝပတ်ဝန်းကျင်ထမ်းသိမ်းရေးအတွက် ပါဝင်သင့်သော Stakeholders များ

သဘာဝပတ်ဝန်းကျင်ယိုယွင်းမှုသည် လူသားအားလုံး၏ အရေးကိစ္စဖြစ်ပြီး တစ်ဦးတစ်ယောက်တည်း၊ တစ်နိုင်ငံတည်း၊ ဒေသတစ်ခုတည်းနှင့် ပတ်ဝန်းကျင်ထိမ်းသိမ်းမှုပြုရန် မတတ်နိုင်သကဲ့သို့ လူသားအားလုံး အသိနှင့်ယှဉ်၍ ပူးပေါင်းဆောင်ရွက်မှုဖြင့်သာ ကုစားနိုင်ပေမည်။ ထို့ကြောင့် သဘာဝပတ်ဝန်းကျင် ထိမ်းသိမ်းရန်မှာ Stakeholderအားလုံးနှင့် သက်ဆိုင်ပေသည်။ အထက်ပါလုပ်ဆောင်ချက်များကို လုပ်ဆောင်ရာတွင် ထိုလုပ်ဆောင်ချက် အားလုံးနှင့် ပါဝင်သက်ဆိုင်သည့် (Stakeholders) များမှာ သက်ဆိုင်ရာ နိုင်ငံအစိုးရ (Government) ၏ ဦးဆောင်မှု၊ ပုဂ္ဂလိက ကဏ္ဍ (Private Sector)မှ ပူးပေါင်းပါဝင် ဖြည့်ဆည်း ဆောင်ရွက်ရေး၊ အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများ (Intentional Organization)၊ ပြည်တွင်းနှင့် အပြည်ပြည်ဆိုင်ရာ အစိုးရမဟုတ်သော အဖွဲ့အစည်းများ (Local and International NGOs)နှင့် လူထု (Community) တို့ ပါဝင်ပေသည်။

## Stakeholdersများ အကြား ပူးပေါင်းမှု မြှင့်တင်ရေး

ဥတုရာသီတည်ငြိမ်ရေးအတွက် နိုင်ငံအစိုးရ၏ ဦးဆောင်မှု (Government Leadership)မှာ အလွန်အရေးပါပေသည်။ နိုင်ငံအစိုးရ၏ မူဝါဒများအပြင် နိုင်ငံတွင်းမှီတင်းနေထိုင်သော နိုင်ငံသားများ အားလုံး ပါဝင်လာနိုင်စေရန် ဗဟိုမှ ဦးစီးဆောင်ရွက်မှု၊ အဖွဲ့အစည်းများ (Institutions) အကြား ပူးပေါင်းကာ လိုက်လျောညီထွေဖြစ်စေမည့် သဘာဝပတ်ဝန်းကျင် ယိုယွင်းမှု ကာကွယ်ရေး မဟာဗျူဟာများ ချမှတ်ခြင်း၊ **အောက်ခြေအထိ** ထိရောက်စွာ အကောင်အထည် ဖော်ဆောင်ခြင်း၊ ဥပဒေ ထိန်းသိမ်းမှု (Law Enforcement) တို့ လိုအပ်ပေသည်။

စီးပွားရေးလုပ်ငန်းများ၊ အဖွဲ့အစည်းများ နှင့် Corporation များသည် အမြတ်အတွက်သာ ဦးတည်လုပ်ရှားခြင်း (Profit Motive) နှင့်သာမက လူ့အဖွဲ့အစည်း (Society)ကိုလည်း တန်ဖိုးထားရပေမည်။ မိမိတို့လုပ်ငန်းသည် ဖောက်သည်များတည်ရှိနေခြင်းကြောင့်သာ စီးပွားရေး ဆက်လက် ရပ်တည်နေနိုင်ပြီး လူ့အဖွဲ့အစည်း ကောင်းမွန်တိုးတက်စေရန် စေတနာထားလျှက် မိမိ ထုတ်ကုန်များကို ရွေးခြယ်ထုတ်လုပ်ခြင်း၊ ထုတ်ကုန် ဖွံ့ဖြိုးအောင် လုပ်ဆောင်ခြင်း၊ ပတ်ဝန်းကျင် ထိန်းသိမ်း ကာကွယ်မှုနှင့် စွမ်းအင်အသုံးပြုရာတွင် ချွေတာမှု ဖြစ်စေသော (Environmental Friendly Technologies and Energy Saving Technologies) များ တီထွင်ခြင်း၊ အသုံးပြုခြင်း၊ မိမိတို့ရရှိသည့် အမြတ်ထဲမှ လူ့အဖွဲ့အစည်း အကျိုးပြုလုပ်ငန်းများတွင် ပါဝင်လှူဒါန်းခြင်း၊ စဉ်ဆက်မပြတ်ဖွံ့ဖြိုးမှု (Sustainable Development) အတွက် အလေးထားဆောင်ရွက်မှုစသည်ဖြင့် Corporate Social Responsibility အဖြစ် ဆောင်ရွက်လာခဲ့ကြသည်။ ဤသို့သော ဆောင်ရွက်မှုများသည် ပုဂ္ဂလိက ကဏ္ဍ (Private Sector) များအကြား ကျယ်ကျယ်ပြန့်ပြန့် ပါဝင်ဆောင်ရွက်လာစေရန် လိုအပ်ပါသည်။ ထို့ကြောင့် သိက္ခာရှိစွာ လူ့အဖွဲ့အစည်းအတွင်း ကောင်းကျိုးကို လိုလားသည့် စီးပွားရေးလုပ်ငန်းများသည် အမြတ် တစ်ခုအတွက် ပဓာနမထားဘဲ စီးပွားရေး၊ လူမှုရေးနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းမှုဆိုင်ရာ အတွေးအခေါ်များကို ကျယ်ကျယ်ပြန့်ပြန့် ပေါင်းစပ် ညှိနှိုင်း အသုံးပြုမှသာလျှင် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်နေသောလုပ်ငန်းနှင့် လူ့အဖွဲ့အစည်း (Sustainable Business & Society) ကို ဖြစ်ပေါ်စေနိုင်မည်ဖြစ်သည်။


လူသားတိုင်း ဥတုရာသီ တည်ငြိမ်ရေးနှင့် သဘာဝ ပတ်ဝန်းကျင် ထိန်းသိမ်းရေးအတွက် သစ်ပင်စိုက်ခြင်း၊ သစ်တောများ စိမ်းလန်းစိုပြေရေး လုပ်ငန်းများ၊ အမှိုက်သိမ်းစနစ်နှင့် အမှိုက်စွန့်ပစ်စနစ်များ ကောင်းမွန်ရေး၊ ရေစီးရေလာ ကောင်းမွန်စေရေး၊ ရေဝေရေလဲများ ထိန်းသိမ်းခြင်း၊ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး အသိပညာ ပျံ့ပွားစေရေးတို့ကို ဆောင်ရွက်သင့်ပေသည်။ စီးပွားရေးလုပ်ငန်းများ သာမက လူသားအားလုံးနှင့် သက်ဆိုင်သည့် လုပ်ငန်းဖြစ်ခြင်းကြောင့် တစ်ဦးချင်း တစ်ယောက်ချင်း အမူအကျင့် နှင့် သက်ဆိုင်သော Four Rsဟုခေါ်သည့် ဖြစ်စဉ်လေးခုနှင့် ဤကမ္ဘာ စကြာစဋ္ဌာ တစ်ခုလုံးတွင်ရှိသော သဘာဝပတ်ဝန်းကျင် ပိုမို ကောင်းမွန်လာစေရေးအတွက် ရှားပါးသည့် သယံဇာတများကို

လက်တွေ့ ထိန်းသိမ်းနိုင်ပေသည်။ ၄င်းတို့မှာ-

- သဘာဝ သယံဇာတသုံးစွဲမှုကို လျှော့ချရန်၊ (Reduce)
- အသုံးပြုပြီးသောသဘာဝသယံဇာတများကိုထပ်ခါ ထပ်ခါပြန်လည်အသုံးပြုရန်၊ (Reuse)
- အသုံးပြုပြီးပျက်စီးသွားသော ပစ္စည်းများကို ထုတ်လုပ်မှုဖြစ်စဉ်၌ ပြန်လည် အသုံးချ ရန်၊ (Recycle)
- မူလအနေအထားသို့ ပြန်လည် တိုးတက်ကောင်းမွန်စေရေး ဆောင်ရွက်ရန် (Recover) တို့ဖြစ်သည်။




စီးပွားရေး အခွင့်အလမ်းများ ဖန်တီးပေးမှုတွင် ရေမြေတောတောင်တို့ဖြစ်သော လောက၏အလှအပများကို ခံစားရင်း အပန်းဖြေနိုင်သည့် သဘာဝအခြေခံ ခရီးသွားလုပ်ငန်းသည် ၂၁ ရာစုတွင် ခေတ်စားနေပေရာ သဘာဝအခြေခံခရီးသွားလုပ်ငန်း (Ecotourism) သည် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းလိုသည့် စိတ်ဓာတ်ရှိသူ ကမ္ဘာလှည့် ခရီးသည်များအား ဆွဲဆောင်လျက်ရှိပေသည်။ သဘာဝအခြေခံခရီးသွားလုပ်ငန်း၏ထူးခြားချက် တစ်ရပ်မှာ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး လုပ်ငန်းများ၌ ကမ္ဘာလှည့် ခရီးသည်များ ကိုယ်တိုင် ပါဝင်ဆောင်ရွက်ခွင့်ပေးခြင်းဖြစ်သည်။ ဒေသတစ်ခု၏ ပေါက်ရောက်ပင်များ (Flora)၊ ဒေသတစ်ခု၏ တိရစ္ဆာန်များ (Fauna) နှင့် ယဉ်ကျေးမှုအစဉ်အလာ (Cultural Heritage)တို့ကို ကမ္ဘာလှည့်ခရီးသည်များအား ပြသကာ ဝင်ငွေရှာဖွေပေးနိုင်သော စီးပွားရေးလုပ်ငန်းမှာ ခရီးသွား လုပ်ငန်းပင်ဖြစ်သည်။ သဘာဝပတ်ဝန်းကျင် ကောင်းမွန်ရေးကို မြှင့်တင်အားပေးနိုင်ပြီး ဒေသခံပြည်သူတို့၏ ယဉ်ကျေးမှုအမွေအနှစ်ကို ထိန်းသိမ်း စောင့်ရှောက်ပေးသော သဘာဝ အခြေခံခရီးသွား လုပ်ငန်းသည် အသုံးပြုပြီး ပစ္စည်းများကို ပြန်လည်ပြုပြင် အသုံးပြုခြင်း သို့မဟုတ် တစ်ကျော့ပြန် ထုတ်လုပ်ခြင်း (Recycling) စွမ်းအင်ကို ထိရောက်စွာ အသုံးချခြင်း (Energy Efficiency)၊ ရေကိုချွေချွေတာတာ သုံးစွဲခြင်း (Water Conservation)၊ ရေအရင်းအမြစ်ကို ထိမ်းသိမ်းခြင်း စသည့် အချင်းအရာများနှင့် ပြည့်စုံရပြီး ဒေသခံပြည်သူများ၏ စီးပွားရေး အခွင့်အလမ်းများကို မြှင့်တင် ဖော်ဆောင်ပေးရာလည်းရောက်ပေသည်။




ဂေဟစနစ်များကို ထိန်းသိမ်းစောင့်ရှောက်ခြင်းမှတစ်ဆင့် ဇီဝမျိုးစုံမျိုးကွဲများ ထိန်းသိမ်းခြင်း (Conservation of Biological Diversity)နှင့် ယဉ်ကျေးမှု ဓလေ့ထုံးစံအသီးသီးကို စောင့်ထိန်းခြင်း (Cultural Diversity)အချက်မှာ သဘာဝအခြေခံ ခရီးသွားလုပ်ငန်း လုပ်ကိုင်သူများ စံနှုန်းကိုက်ရန် လိုအပ်ချက် ဖြစ်သည်။ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး ဦးတည်ချက်ကို အလေးမူသည့် သဘာဝအခြေခံ ခရီးသွားလုပ်ငန်းများသည် တစ်စစ ခေတ်စားလာခဲ့ခြင်းကြောင့် နိုင်ငံတကာ သဘာဝအခြေခံ ခရီးသွားလုပ်ငန်းအသင်း (International Ecotourism Society)ကို ၁၉၉၀ ပြည့်နှစ် ကတည်းက စတင်ထူထောင်ကာ ကမ္ဘာနှင့်အဝှမ်း ကျယ်ပြန့် အောင်မြင်အောင် ကြိုးပမ်းခဲ့ကြရာ ပိုမိုတိုးတက်အောင် ပြုလုပ်လျက်ရှိသည်။ မိမိတို့နိုင်ငံတွင်လည်း ရေမြေတောတောင် စိမ့်စမ်းများနှင့် သဘာဝအလှ ကြွယ်ဝသည့် နိုင်ငံဖြစ်ခြင်းကြောင့် တစ်ဖက်မှ အဆိုပါ လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရန် ဆောင်ရွက်ရန်လိုအပ်သကဲ့သို့ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းသည့် အသိပညာဖြင့် ကျယ်ကျယ်ပြန့်ပြန့်ဆောင်ရွက်ရန် လိုအပ်သည်။




Globalization ဖြစ်စဉ်အရ ကမ္ဘာ့နိုင်ငံများနှင့် နိုင်ငံသားများ အပေါ် ရိုက်ခတ်လျက်ရှိပါသည်။ ယနေ့မျက်မှောက်ကာလတွင် စစ်ရေး ခြိမ်းခြောက်မှုများကို ဦးစားပေးထားသော Traditional Security Concept မှကျော်လွန်၍ သမားရိုးကျမဟုတ်သော လုံခြုံရေး (Non-Traditional Security) ဖြစ်ရာ ကမ္ဘာလုံးဆိုင်ရာနှင့် မိမိတို့ ဒေသတွင်းဆိုင်ရာ အလိုက် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ပြဿနာများဖြစ်သည့် သဘာဝ သစ်တောပြုန်းတီးမှု၊ သဘာဝ တောမီးလောင်ခြင်း၊ ဓာတုဗေဒပစ္စည်း ဆိုင်ရာ ညစ်ညမ်းမှု၊ လေထုညစ်ညမ်းမှု၊ ပင်လယ်ပြင်နှင့်မြစ် ချောင်းများညစ်ညမ်းမှုနှင့် ကမ္ဘာကြီး ပူနွေးလာမှုဟူ၍ လူသားလုံခြုံမှု (Human Security)ကို ဦးတည်ခြိမ်းခြောက် လာခဲ့ကြပါသည်။

ထို့ကြောင့် သက်ရှိသတ္တဝါများနှင့် လူသားအားလုံးအတွက် အရေးကြီးသည့်ပြဿနာ တစ်ရပ်မှာ သဘာဝ ပတ်ဝန်းကျင်ယိုယွင်းပျက်စီးလာသည့် အခြေအနေပင်ဖြစ်သည်။ လွန်ခဲ့သော ဆယ်စုနှစ်သုံးစုအတွင်း ပတ်ဝန်းကျင်ထိန်းသိမ်းရေး အသိအမြင်သည် အပြည်ပြည်ဆိုင်ရာ နယ်ပယ်၌လည်းကောင်း၊ နိုင်ငံအတွင်း၌ လည်းကောင်း၊ ထင်ရှားစွာ ပေါ်ပေါက်လာခဲ့သည်။ ဖွံ့ဖြိုးပြီးစက်မှုနိုင်ငံကြီးများတွင် စီးပွားရေးတိုးတက် ဆောင်ရွက်ရာ၌ ၄င်းတို့၏စားသုံးမှုနှင့် ကုန်ထုတ်လုပ်မှု ပုံစံများသည် သဘာဝ သယံဇာတများ၊ လေထု၊ မြေထု၊ ရေထုညစ်ညမ်းမှုနှင့် မြေဆီလွှာပြုန်းတီးမှု စသည်တို့ကို ဖြစ်စေခဲ့သည်။ ယခုအခါ စီးပွားရေး ဖွံ့ဖြိုးရေးနှင့် စက်မှုထွန်းကားရေး ဆောင်ရွက်ရာ၌ ပတ်ဝန်းကျင်ပြုန်းတီးမှု ဖြစ်ပေါ်ခဲ့ပါက ရေရှည်ဖွံ့ဖြိုးမှုကို မရနိုင်ကြောင်း ဖွံ့ဖြိုးပြီး နိုင်ငံများသာမက ဖွံ့ဖြိုးဆဲနိုင်ငံများကပါ လက်ခံသဘောပေါက်လာကြသည်။ စီးပွားရေးတိုးတက်မှု ဆောင်ရွက်ရာတွင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးကိုပါ ထည့်သွင်းစဉ်းစားရမည်ဆိုသည်ကိုလည်း သဘောပေါက်လာကြသည်။

သို့ဖြစ်၍ ကမ္ဘာမြေပေါ်ရှိ သက်ရှိ၊ သက်မဲ့၊ သယံဇာတပစ္စည်းတို့သည် လူသားအားလုံးတို့၏ ဘုံအမွေအနှစ်ဖြစ်ပေရာ လူသားအားလုံးက ထိန်းသိမ်းရန် တာဝန်ရှိပေသည်။ ပတ်ဝန်းကျင်မှ အကျိုးခံစားခွင့်များကိုလည်း ဘိုးစဉ်ဘောင်ဆက်က ထိန်းသိမ်းလာသကဲ့သို့ နောင်လာမည့် သားစဉ်မြေးဆက်အတွက်လည်း ပတ်ဝန်းကျင် ထိန်းသိမ်းထားခြင်းအားဖြင့် အညီအမျှ ခွဲဝေခံစားကြရမည်ဖြစ်ပါသည်။

စဉ်ဆက်မပြတ် ဖွံ့ဖြိုးမှုပန်းတိုင်များကို ချမှတ်ထားရာတွင် ရည်မှန်းချက်ထားရာ နောက်ဆုံးနှစ်မှာ ၂၀၃၀ ခုနှစ် ဖြစ်ပေသည်။ အဆိုပါ ပန်းတိုင်ထက်ပို၍ အရေးကြီးသည်မှာ အားလုံး ပါဝင်နိုင်သည့် ဖွံ့ဖြိုးမှု (Inclusive Development) ပင် ဖြစ်ပါသည်။ ရရှိသော အချက်အလက်များအရ တစ်ကမ္ဘာလုံး အတိုင်းအတာအားဖြင့် ဆင်းရဲနွမ်းပါးမှု လျော့ကျလာပြီး လူမှုစီးပွားရေးညွှန်ကိန်းများ တိုးတက် လာကြောင်း တွေ့ရှိရသော်လည်း ကမ္ဘာ့နိုင်ငံများအကြား ညီမျှမှု မရှိသေးသည်ကို တွေ့မြင်နိုင်ပါသည်။ အမှန်တကယ် ပြောင်းလဲမှု ရရှိရန် လိုလားအပ်သော စိတ်ဓာတ် (Political Will) ဖြင့် ရာသီဥတု တည်ငြိမ်ရေးနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးကို ဆောင်ရွက်ခြင်းဖြင့် စဉ်ဆက်မပြတ် ဖွံ့ဖြိုးမှုပန်းတိုင်များ အကောင်အထည်ဖော်ဆောင်ရေးအတွက် ပါဝင်သင့်သော Stakeholders များအကြား ကျယ်ကျယ်ပြန့်ပြန့် ပါဝင်ဆောင်ရွက်လာစေရန်နှင့် ထိရောက်သော ပူးပေါင်းမှုများ မြှင့်တင်ရန် လိုအပ်ချိန်ပင် ဖြစ်ပေသည်။

♦

# ကုမ္ပဏီများဥပဒေသစ်နှင့် မြန်မာ့စီးပွားရေး အနာဂတ်

## မောင်ငိုကာ



မြန်မာနိုင်ငံကုမ္ပဏီများဥပဒေကို ၂၀၁၇ ခုနှစ် ဒီဇင်ဘာလ ၆ ရက်နေ့က နိုင်ငံတော်သမ္မတ လက်မှတ်ရေးထိုးခဲ့ပြီး ပြည်ထောင်စု လွှတ်တော်က ဥပဒေအမှတ်၊ ၂၉/၂၀၁၇ နဲ့ အတည်ပြု ထုတ်ပြန်ခဲ့ပြီး ဖြစ်ပါတယ်။ ဥပဒေသစ်မှာ ဘာတွေပါသလဲ၊ ဘာတွေပြောင်းလဲသွားသလဲ ဆိုတာကလည်း လူထုစိတ်ဝင်စားမှု အများဆုံးဖြစ်နေတဲ့ အချက်လည်းဖြစ်ပါတယ်။ ဥပဒေသစ်နဲ့ ပတ်သက်တဲ့ အပြောင်းအလဲတွေ၊ ထူးခြားချက်တွေကို တစ်ချက်ချင်း ရှင်းပြပေးလိုက်ပါတယ်။

(၁) ကုမ္ပဏီများ ဖွဲ့စည်းတည်ထောင်ရာမှာ လွယ်ကူစေခြင်း။ ကုမ္ပဏီဥပဒေသစ်အရ ရှယ်ယာ ဝင်တစ်ဦးတည်း၊ ဒါရိုက်တာတစ်ဦးတည်းနဲ့ ကုမ္ပဏီထောင်ခွင့်ပြုလိုက်ပါတယ်။ ဥပဒေဟောင်းဖြစ်တဲ့ ၁၉၁၄ ခုနှစ် မြန်မာနိုင်ငံကုမ္ပဏီများအက်ဥပဒေအရ ရှယ်ယာဝင် (၂) ဦး လိုအပ်ချက်ကို ဖြေလျှော့ပေးလိုက်ပါတယ်။ ဒါကြောင့် မိမိတစ်ဦးတည်းနဲ့ စီးပွားရေးလုပ်လိုတဲ့ နိုင်ငံသားတွေ၊ မိသားစု စီးပွားရေးလုပ်ငန်းလေးတွေ လွယ်လွယ်ကူကူနဲ့ မှတ်ပုံတင်နိုင်မှာဖြစ်ပြီး လုပ်ငန်းသစ် ထူထောင်လိုသူများအတွက် များစွာလွယ်ကူသွားစေမှာ ဖြစ်ပါတယ်။ ဒါ့အပြင် ဖွဲ့စည်း တည်ထောင်တဲ့ ကုမ္ပဏီများရဲ့ လုပ်ငန်းစဉ်တွေကိုလည်း လျှော့နည်းသွားစေမှာဖြစ်ပြီး ယခင်ကလို ကုမ္ပဏီထူထောင် ရာမှာ ရှေ့နေလက်မှတ်တွေ (သို့မဟုတ်) လက်မှတ်ရ ပြည်သူ့စာရင်းကိုင် လက်မှတ်တွ ရေးထိုးပြီး အတည်ပြုပေးရတဲ့ လုပ်ငန်းစဉ်လည်း ပျောက်သွားမှာ ဖြစ်ပါတယ်။ အကျိုးဆက်ကတော့ ကုမ္ပဏီ မှတ်ပုံတင်ဘို့လုပ်ရတဲ့ လုပ်ငန်းစဉ်တွေနဲ့ ပတ်သက်တဲ့ ကုန်ကျစရိတ် သိသိသာသာ လျော့ကျသွားပါမယ်။

(၂) သင်းဖွဲ့မှတ်တမ်း၊ သင်းဖွဲ့စည်းမျဉ်း မလိုအပ်တော့ခြင်း။ ဥပဒေဟောင်း အရ ကုမ္ပဏီ ထောင်ရာမှာ သင်းဖွဲ့မှတ်တမ်းနဲ့ သင်းဖွဲ့စည်းမျဉ်းဆိုတဲ့ စာရွက်စာတမ်း လိုအပ်ချက် နှစ်မျိုးကို ပြည့်စုံအောင် ပြုစုရပါတယ်။ ယခုဥပဒေသစ်မှာတော့ အဆိုပါ နှစ်မျိုးကို တစ်ပေါင်းတည်းပြုပြီး “ကုမ္ပဏီရဲ့ ဖွဲ့စည်းပုံစည်းမျဉ်း” ဆိုပြီး ပြင်ဆင်ခဲ့ပါတယ်။ ဖွဲ့စည်းတည်ထောင်လိုသူတွေ အဆင်ပြေစေဖို့ DICA က စံပြု ဖွဲ့စည်းပုံစည်းမျဉ်းကို အများပြည်သူသိအောင် ထုတ်ပြန်ကြေညာပေးမှာ ဖြစ်ပါတယ်။ သို့ပေမယ့်လည်း အဆိုပါ ဖွဲ့စည်းပုံစည်းမျဉ်းကို မသုံးဘဲ မိမိဘာသာရေးဆွဲတင်ပြရင်လည်း လက်ခံဆောင်ရွက်ပေးမှာဖြစ်ပါတယ်။ ဖွဲ့စည်းပုံစည်းမျဉ်း မှာ ယခင် ကုမ္ပဏီမှတ်ပုံတင်စဉ်ကလို ကုမ္ပဏီရဲ့ လုပ်ငန်းရည်ရွယ်ချက်တွေ ဖော်ပြပေးဖို့ လိုအပ်ချက်ကိုလည်း ပယ်ဖျက်ထားပြီး ဖြစ်တဲ့အတွက် ကုမ္ပဏီများ အနေနဲ့ မိမိလုပ်ကိုင်လိုတဲ့လုပ်ငန်းကို ရည်ရွယ်ချက် တင်ပြ

ပြီးမှ လုပ်ရန် မလိုတော့ဘဲ လွတ်လွတ်လပ်လပ် လုပ်ကိုင်ခွင့်ရသွားမှာ ဖြစ်ပါတယ်။ ယခင် မှတ်ပုံတင်ထားတဲ့ ကုမ္ပဏီအဟောင်းများအနေနဲ့ ဖွဲ့စည်းမှတ်ပုံတင်စဉ်က တင်ပြထားတဲ့ သင်းဖွဲ့မှတ်တမ်း၊ သင်းဖွဲ့စည်းမျဉ်းကိုလည်း ဥပဒေသစ်က ဆက်လက်လက်ခံပေး မှာဖြစ်ပြီး ကုမ္ပဏီတွေက ဆန္ဒရှိလို့ ဖွဲ့စည်းပုံ စည်းမျဉ်း အနေနဲ့ ပြောင်းလဲလိုလျှင်လည်း လက်ခံဆောင်ရွက်ပေးမှာ ဖြစ်ပါတယ်။

(၃) သတ်မှတ် မတည်ငွေရင်းနဲ့ ရှယ်ယာတစ်ခုတန်ဖိုး သတ်မှတ်ချက်တွေကို ပယ်ဖျက်ပေးခြင်း။ ယခင်က ကုမ္ပဏီမှတ်ပုံတင်ရာမှာ မည်၍မည်မျှအထိ ရင်းနှီးမြှုပ်နှံပါမည်ဆိုတဲ့ သတ်မှတ်မတည်ငွေရင်း(Authorized Capital) ကို ဖော်ပြပေးရပြီး ရှယ်ယာတစ်စုရဲ့ တန်ဖိုးကိုလည်း သတ်မှတ်ဖော်ပြပေးရပါတယ်။ ဥပဒေသစ်မှာ သတ်မှတ်မတည်ငွေရင်း သတ်မှတ်ချက် ပယ်ဖျက်ပေးထားပြီး ကုမ္ပဏီပိုင်ရှင်များ လွတ်လပ်စွာ ရင်းနှီးမြှုပ်နှံခွင့်ရသွားမှာဖြစ်ပါတယ်။ ရှယ်ယာတန်ဖိုးကိုလည်း ပုံသေ သတ်မှတ်ထားခြင်း မပြုတော့ဘဲ ပြောင်းလဲလာတဲ့ အခြေအနေအပေါ် မူတည်ပြီး ဆောင်ရွက်နိုင်ဘို့ ဖြေလျှော့ပေးလိုက်ပါတယ်။

(၄) မြန်မာနိုင်ငံသားကုမ္ပဏီများမှာ နိုင်ငံခြားသားများ ပါဝင်ခွင့်ပြုခြင်း။ ယခင် ဥပဒေတုန်းက မြန်မာကုမ္ပဏီတစ်ခုခုမှာ နိုင်ငံခြားသားရှယ်ယာ တစ်စုပါခဲ့ရင် အလိုလို နိုင်ငံခြား ကုမ္ပဏီဖြစ်သွားတဲ့အတွက် နိုင်ငံသားများအနေနဲ့ နိုင်ငံခြားသားများနဲ့ ပူးပေါင်းပြီး စီးပွားရေးလုပ်ကိုင်ဘို့ အခက်အခဲတွေ များစွာပေါ်ခဲ့ပါတယ်။ ဥပဒေသစ် မှာ မြန်မာနိုင်ငံသားကုမ္ပဏီတစ်ခုမှာ နိုင်ငံခြားသား ရင်းနှီးမြှုပ်နှံမှုကို ၃၅% အထိ ပါဝင်ခွင့်ပြုလိုက်တဲ့အတွက် နိုင်ငံသားများအနေနဲ့ မိမိနိုင်ငံသား ကုမ္ပဏီ အခွင့်အရေးကို လက်လွတ် ဆုံးရှုံးခြင်းမရှိဘဲ နိုင်ငံခြားသားများနဲ့ ပူးပေါင်းဆောင်ရွက်သွားနိုင်မှာ ဖြစ်ပါတယ်။

(၅) ကုမ္ပဏီတွင် မြန်မာပြည်၌ အများအားဖြင့် နေထိုင်သူတစ်ဦး ဒါရိုက်တာအဖြစ် ပါဝင်ရန် လိုအပ်ခြင်း။ ဥပဒေသစ်အရ နိုင်ငံသား၊ နိုင်ငံခြားသားများ လွတ်လပ်စွာ ကုမ္ပဏီ ထောင်ခွင့်ရှိမှာဖြစ်ပါတယ်။ ဒီလိုထူထောင်ရာမှာ လိုအပ်ချက် တစ်ခုကတော့ ကုမ္ပဏီရဲ့ ဒါရိုက်တာတစ်ဦးဟာ မြန်မာနိုင်ငံမှာ တစ်နှစ်ကို အနည်းဆုံး ၁၈၃ ရက် နေထိုင်နိုင်တဲ့ ပုဂ္ဂိုလ်ဖြစ်ဘို့ လိုအပ်ပါတယ်။ အများနဲ့ သက်ဆိုင်တဲ့ ကုမ္ပဏီဆိုရင်တော့ မြန်မာပြည်မှာ အများအားဖြင့် နေထိုင်တဲ့ မြန်မာနိုင်ငံသားဖြစ်ဘို့ လိုပါတယ်။

(၆) အသေးစားကုမ္ပဏီများအတွက် စည်းမျဉ်းများ လျှော့ချထားပေးခြင်း။ အသေးစား ကုမ္ပဏီဆိုတာကတော့ ကုမ္ပဏီရဲ့ ဝန်ထမ်း/လုပ်သားဦးရေ ၃၀ ဦးထက်မများခြင်း၊ ကုမ္ပဏီရဲ့ တစ်နှစ်တာဝင်ငွေ ကျပ်သန်း ၅၀ ထက်မများခြင်း ဆိုတဲ့ အချက် နှစ်ရပ်နဲ့ ကိုက်ညီတဲ့ ကုမ္ပဏီကို ဆိုလိုတာပါ။ အဲဒီလို အသေးစား ကုမ္ပဏီလေးတွေကို နှစ်စဉ် အထွေထွေအရပ်ရပ် အစည်းအဝေး ကျင်းပရခြင်း၊ ကုမ္ပဏီရဲ့ ငွေစာရင်းများကို နှစ်စဉ်စာရင်းစစ်ဆေးမှုခံယူရခြင်း ကနေ ကင်းလွတ်ခွင့်ပြု ထားပါတယ်။ အသေးစား ကုမ္ပဏီများအနေနဲ့ အစည်းအဝေး ကျင်းပရခြင်း ကြောင့် ကုန်ကျစရိတ်နဲ့ စာရင်းစစ် ဝန်ဆောင်ခများ ပေးချေရခြင်း ကုန်ကျစရိတ် သက်သာသွားမှာ ဖြစ်ပါတယ်။ စာရင်းစစ်ဆေးမှုခံယူရခြင်းကနေ ကင်းလွတ်ခွင့် ပြုပေးထားပေးမဲ့ ကုမ္ပဏီတစ်ခု ထားရှိရမဲ့ ငွေကြေးဆိုင်ရာ အထောက်အထား၊ စာရင်းဇယားများကိုတော့ ပြည့်စုံစွာ ထားရှိရမှာ ဖြစ်ပါတယ်။ ဒါ့အပြင် ကုမ္ပဏီရဲ့ ဖွဲ့စည်းပုံစည်းမျဉ်းမှာ နှစ်စဉ် စာရင်းစစ် ခံယူဖို့ ထည့်သွင်းရေးဆွဲထားလျှင် ဖြစ်စေ၊ ကုမ္ပဏီမှတ်ပုံတင်အရာရှိက စာရင်းစစ်ခံဖို့ ညွှန်ကြားလျှင်ဖြစ်စေ စာရင်းစစ်ဆေးမှု ခံယူရမှာဖြစ်ပါတယ်။

(၇) ကုမ္ပဏီများ ဆုံးဖြတ်ချက်လွယ်ကူစွာ ဆောင်ရွက်နိုင်ခြင်း။ ကုမ္ပဏီများအနေနဲ့ အထွေထွေအရပ်ရပ် အစည်းအဝေးကို ကျင်းပရခြင်းအစား ကုမ္ပဏီနဲ့ ၎င်းတို့ရဲ့ ဒါရိုက်တာအဖွဲ့ဟာ ဆုံးဖြတ်ချက်တစ်ခုကို

စာနဲ့ရေးသား ဆုံးဖြတ်ပြီး ရှယ်ယာရှင် အားလုံးက သဘောတူလက်မှတ်ရေးထိုးလျှင် အစည်းအဝေး ကျင်းပဆုံးဖြတ် သကဲ့သို့ အတည်ဖြစ်ပါတယ်။ ဒါ့အပြင် ဗွီဒီယိုအစည်းအဝေး (Video Conferencing) နဲ့လည်း အစည်းအဝေး ကျင်းပခွင့် ပေးပါတယ်။ ဒါရိုက်တာအဖွဲ့ ဆုံးဖြတ်ချက်ကိုလည်း ဒါရိုက်တာအဖွဲ့ အစည်းအဝေးခေါ်ရန်မလိုဘဲ စာနဲ့ ရေးသား ဆုံးဖြတ်ချက်ကို ဒါရိုက်တာများ သဘောတူ လက်မှတ်ရေးထိုး အတည်ပြုလို့ ရပါတယ်။

(၈) ဒါရိုက်တာများ၏ တာဝန်များ တိကျစွာ ပြဋ္ဌာန်းထားခြင်း။ ယခင် ဥပဒေတုန်း က ဒါရိုက်တာတွေရဲ့ တာဝန်တွေကို ဖော်ပြတဲ့ ပြဋ္ဌာန်းချက် မပါခဲ့ပေမယ့် ဥပဒေသစ်မှာတော့ ဒါရိုက်တာတွေရဲ့ တာဝန်တွေကို တိကျစွာ ပြဋ္ဌာန်း ထားပါတယ်။ ဒါရိုက်တာ တစ်ယောက် ဥပဒေပါ ဒါရိုက်တာတာဝန် ပြဋ္ဌာန်းချက် ကို ချိုးဖောက်ခဲ့ရင် ဒါရိုက်တာ အရည်အချင်း ပျက်ယွင်းကြောင်း ဖော်ပြ၍ ဒါရိုက်တာ အဖွဲ့က ထုတ်ပယ်နိုင်တဲ့အပြင် ကျပ် ၁၀ သန်း ဒဏ်ငွေပေးဆောင်ရ ခြင်း၊ ထောင်ဒဏ် ၇ နှစ် ကျခံရခြင်း စတာတွေကို ပြစ်မှုအပေါ် မူတည်ပြီး အရေးယူခံရမှာဖြစ်ပါတယ်။

(၉) ကော်ပိုရိတ်စီမံအုပ်ချုပ်မှု ပိုမိုကောင်းမွန်စေခြင်း။ ယခင်ဥပဒေမှာ ၂၁ ရာစုရဲ့ လိုအပ်ချက် ဖြစ်တဲ့ ကော်ပိုရိတ်စီမံအုပ်ချုပ်မှုဆိုင်ရာ ပြဋ္ဌာန်းချက်တွေ မပါခဲ့ပါဘူး။ ဥပဒေသစ်မှာတော့ ရှယ်ယာရှင်တွေရဲ့ အခွင့်အရေးတွေ၊ ရှယ်ယာရှင်များအကြား သာတူညီမျှ ဆက်ဆံမှုတွေ၊ ပါဝင်ပတ်သက်သူအားလုံးရဲ့ အခန်းကဏ္ဍ (The Role of Stakeholders)၊ ထုတ်ဖော်ပြောဆိုခြင်းနှင့် ပွင့်လင်းမြင်သာမှုရှိခြင်း (Disclosure and Transparency)၊ ဒါရိုက်တာများ၏ တာဝန်များစတဲ့ ကော်ပိုရိတ်စီမံအုပ်ချုပ်မှုဆိုင်ရာ လိုအပ်ချက်တွေ ဆိုင်ရာအခန်းတွေမှာ တိကျစွာ ပြဋ္ဌာန်းရေးဆွဲထားပါတယ်။

(၁၀) ကုမ္ပဏီမှတ်ပုံတင်အရာရှိအား အခွင့်အာဏာ အပ်နှင်းခြင်း။ ဥပဒေဟောင်းမှာ ကုမ္ပဏီမှတ်ပုံတင် အရာရှိအနေနဲ့ ကုမ္ပဏီတွေကို ထိန်းကျောင်းနိုင်မည့် ပြဋ္ဌာန်း ချက်တွေ မပါခဲ့ပေမယ့် ဥပဒေသစ်အရတော့ ကုမ္ပဏီမှတ်ပုံတင်အရာရှိကို စည်းမျဉ်းစည်းကမ်း ဖောက်ဖျက်တဲ့ ကုမ္ပဏီများကို မှတ်ပုံတင်ခြင်းကို ဆိုင်းငံ့ခွင့်၊ ဒဏ်ကြေးချမှတ်ခွင့်၊ စုံစမ်းစစ်ဆေးခွင့်၊ ဥပဒေနဲ့အညီ အရေးယူခွင့်တွေကို အပ်နှင်းလိုက်ပါတယ်။

မြန်မာနိုင်ငံကုမ္ပဏီများဥပဒေသစ်နဲ့ ပတ်သက်ပြီး နိုင်ငံတကာမီဒီယာများက ဒီဥပဒေဟာ မြန်မာနိုင်ငံ ရဲ့ စီးပွားရေးကို ကြီးမားစွာ အပြုသဘော အကျိုးသက်ရောက်စေမှာဖြစ်ကြောင်း အကျယ်တဝင့် ရေးသားဖော်ပြနေကြတာကို တွေ့ရှိရပါတယ်။ ဥပဒေသစ်ကြောင့် နိုင်ငံအတွင်းမှာ ကုမ္ပဏီထူထောင် စီးပွားရေးလုပ်ကိုင်ကြမယ့် လုပ်ငန်းရှင်များအတွက် စည်းမျဉ်းစည်းကမ်းဆိုင်ရာ ဝန်ထုပ်ဝန်ပိုးများ၊ ဥပဒေပြဋ္ဌာန်းချက်တွေကို လိုက်နာရခြင်းကြောင့် ကုန်ကျရတဲ့ ကုန်ကျစရိတ်များကို လျှော့ကျစေမှာလည်း ဖြစ်ပါတယ်။ ပိုမိုထူးခြားတာက နိုင်ငံသား လုပ်ငန်းရှင်ငယ်များ၊ မှတ်ပုံမတင်ဘဲ ဆောင်ရွက်နေကြတဲ့ စီးပွားရေး လုပ်ငန်းများ ကုမ္ပဏီထူထောင် မှတ်ပုံတင်ခြင်းဖြင့် အခွင့်အလမ်းတွေ ပိုမိုရရှိခံစားစေဘို့လည်း လမ်းပွင့်သွားပြီ ဖြစ်ပါတယ်။

ကုမ္ပဏီမှတ်ပုံတင်လုပ်ငန်းတွေ ပိုမိုလွယ်ကူ သက်သာ မြန်ဆန်သွက်လက်စေဘို့ အာရှဖွံ့ဖြိုးရေးဘဏ်ရဲ့ အကူအညီနဲ့ Online မှတ်ပုံတင်လုပ်ငန်းကိုပါ ဆက်လက် ဆောင်ရွက်နေတဲ့အတွက် အနာဂတ်မှာ နိုင်ငံသားများ ကုမ္ပဏီထူထောင်ဘို့ များစွာအဆင်ပြေမှာ ဖြစ်ပါတယ်။ ကုမ္ပဏီဥပဒေကို စတင်ကျင့်သုံးနိုင်ဘို့ မြန်မာနိုင်ငံလိုဘဲ ကုမ္ပဏီဥပဒေပြင်ဆင်ခဲ့ကြတဲ့ ဒေသတွင်း နိုင်ငံအများစု အနေနဲ့ ဥပဒေပြဋ္ဌာန်းချိန်ကစပြီး တစ်နှစ်နီးနီး၊ တစ်နှစ်ကျော်ကျော် အချိန်ယူ ဆောင်ရွက်ခဲ့ကြပေမယ့် မြန်မာနိုင်ငံကတော့ လုပ်ငန်းစဉ်အားလုံးကို ၇ လနဲ့ ပြီးပြတ်အောင် ဆောင်ရွက်ပြီး ၂၀၁၇ ခုနှစ်၊ ဩဂုတ်လ ၁ ရက်နေ့မှာ ဥပဒေသစ်ကို စတင်ကျင့်သုံးနိုင်အောင် DICA ဝန်ထမ်းများက တက်တက်ကြွကြွ၊ တက်ညီလက်ညီ ဆောင်ရွက်နေကြပါကြောင်း အသိပေးတင်ပြလိုက်ရပါတယ်။

# ဘဝအတွေ့တွေ (၄)




## | ကျော်ဒွန်း၊ ညွှန်ကြားရေးမှူး (ငြိမ်း) |

(ခေတ်အဆက်ဆက် နိုင်ငံ့တာဝန်များကို ထမ်းဆောင်ခွင့်ရသော စီးပွားရေးတက္ကသိုလ်မှ ဘွဲ့ရသူများကို ဤစာစဉ်ဖြင့် ဂုဏ်ပြုအပ်ပါသည်။)

### ဘွဲ့ရသွားပြီခင်ဗျ

နောက်ဆုံးနှစ်ကို ဒုတိယအကြိမ်ဖြေပြီး ဘွဲ့ရသွားပြီပေါ့၊ ဘွဲ့ရတော့ပါမောက္ခ ဒေါက်တာခင်မောင်ကြည်က စီးပွားရေးတက္ကသိုလ် သုတေသနဌာနမှာ တစ်လ ၁၂၅/နဲ့ သုတေသနလက်ထောက်ဆိုပြီး ခန့်ထားတယ်။ တိုက်ပုံဝတ်ပြီးဆရာလိုလို ဘာလိုလိုနဲ့၊ ဆရာတွေနဲ့ရောပြီး လက်ဘက်ရည်ဆိုင်ထိုင်၊ ဆရာ၊ ဆရာမတွေ လစာတွေကမာရွတ်ဘဏ်မှာသွားထုတ်ပေး၊ သုတေသနဌာနမှာ ဆရာတွေက စာရင်းအင်းပညာနဲ့ ပတ်သက်တာတွေခိုင်းတယ်။ SAMPLINGတို့ ဘာတို့ပေါ့၊ ဒေါက်တာ ဗိုလ်လေး (ဘောဂဗေဒ)ရေးတဲ့ စီးပွားရေးအတိုင်းအတာပညာစာအုပ်ကိုဖတ်ပြီး သုတေသနစာတမ်းတွေမှာ တွက်ချက်သုံးသပ်ပေးတယ်၊ စာရင်းအင်းပညာနဲ့ပတ်သက်ပြီး မတွက်တတ်လျှင် ဆရာဒေါက်တာမြင့်တင်(စာရင်းအင်းပညာ)ထံ သွားမေးတယ်။

အစ်မသူငယ်ချင်းတစ်ယောက် အဆက်အသွယ်နဲ့ ကမာရွတ်ပရဟိတကျား ကျောင်းမှာ အချိန်ပိုင်း တွဲဘက်ကျောင်းဆရာအလုပ်ရပြန်တယ်၊ ညနေ(၃း၀၀)နာရီမှ (၅း ၀၀)နာရီထိ ခုနှစ်တန်းကျောင်းသားတွေကို သင်္ချာသင်ပေး ရတယ်။ တစ်လ ၁၅၀/ရတယ်၊ သုတေသနဌာနက ဆရာ တွေကလည်း စာသင်တာအားပေးတယ်၊ အဲဒီတော့ တစ်လ ဝင်ငွေက ၁၂၅+၁၅၀ ဆိုတော့ ၂၇၅ပေါ့၊ နည်းပြဆရာလစာ နီးပါးပေါ့။

နေ့လည်ပိုင်းသုတေသနဌာနမှာ အလုပ်အားတဲ့အချိန် ဆရာတွေက သူတို့ရဲ့ဆွေမျိုး၊ တပည့်နဲ့ ပတ်သက်တဲ့ ပထမနှစ်ကျောင်းသူလေးတွေကို စာရင်းအင်းပညာသင်ခိုင်းတယ်၊ အဲဒီကစပြီးစာသင်တာ ဝါသနာပါသွားတယ်၊ တစ်ညနေ လှည်းတန်းထိပ်ဦးချစ်ဆိုင်မှာ ထိုင်နေစဉ်၊ ဆရာဦးဇော်ဖေဝင်း(အားမာန်)ကို လှမ်းနှုတ်ဆက်လိုက်တယ်၊ ဆရာကပြောတယ် ဒီပလိုမာတန်းတွေ DS, DEPတွေမှာ STATISTICS ဘာသာကို ကျူရှင်ပြဖို့ဆရာ သမိုင်းဆောင်သွားရှာမလို့ပြောတယ်၊ ဆရာရယ် DSမှာ သင်တာတွေက Eco First Year; Second Year Statistics Courseတွေပါ ကျွန်တော်သင်နိုင်ပါတယ်ပြောလိုက်ပါတယ်၊ ဒါဆို စနေနေ့ နံနက်လှည်းတန်းစံပါယ်ခြံ (၂)လမ်း သူ့အိမ်လာခဲ့လို့ပြောတယ်။

## ဆရာဖြစ်သွားပြီဗျာ


၁၉၇၃ ခုနှစ်ကာလ စနေနေ့ နံနက်(၇း၀၀)နာရီမထိုးခင် ဆရာဦးဇော်ဖေဝင်း၊ အိမ်ခန်း(၁၂ပေ× ၄၅ပေ)လေးဆီရောက်သွားတယ်၊ အခန်းအလယ်မှာ သုံးထပ်သားဆေးအမဲရောင်သုံးထားတာကို သံကြိုးနဲ့ ချိတ်ထားတယ်၊ လှုပ်နေတဲ့ Blcakboardနဲ့ ဆရာဦးဇော်ဖေဝင်းက DEPမှ အရာရှိကြီးတွေကို စီးပွားရေးအတိုင်းအတာ Eco-nometricစသင်တယ်၊ y=a+bx မျဉ်းဖြောင့်ပုံစံကို ရှင်းပြနေတယ်။

မိမိအလှည့်ရောက်တော့ DSသင်တန်းသားတွေကို သင်ရတယ်၊ CSEDက အရာရှိတွေများတယ်၊ ဆေးသုတေသနက ဆရာဝန်လည်းပါတယ်၊ ကျောင်းမှာ ကထိက ဆရာမဒေါ်ခင်စန်းမြင့်က PROBABILITYကို အင်္ဂလိပ်လိုသင်တယ်တဲ့၊ သင်တန်းသားထဲမှာ ၁၉၅၁ က တက္ကသိုလ်စရောက်သူပါတယ်၊ ကျွန်တော်က ၁၉၅၁မှာ မွေးပါတယ်ပြောတော့ အဲဒီစာရင်းအင်းအရာရှိ ဦးထွန်းအောင်ကျော် (ဘိုကလေးမြို့နယ်သား)က ဆရာလေး မြန်မာလိုပြောပါ၊ အင်္ဂလိပ်လိုရေးပါ၊ ပုံသေနည်းတွေ ကျွန်တော်တို့ နားမလည်လို့ပါတဲ့၊ ပညာသင်ပေးတဲ့အတွက် ဆရာလေးလို့ပဲ ခေါ်မယ်တဲ့၊ သူ့ရုံးမှာ DGကိုတောင် ဆရာမခေါ်ဘူးတဲ့၊ အဲဒီတော့ တာဝန်က ပိုကြီးသွားပြီ အမျိုးတို့ရေ။

စတင်သင်ရတာက PROBABILITY THEORY ADDITIONAL LAWနဲ့ MULTIPLICATION LAW• ဘယ်လိုပြောရမှာလဲစဉ်းစားတယ်၊ ADDဆိုတာပေါင်းတာ၊ UNION ပေါ့၊ (OR)လို့ သုံးတယ်၊ MULTIPLEဆိုတာ မြှောက်တာ၊ INTERSETပေါ့၊ (AND)လို့ သုံးတယ်၊ တခါလာပြန်ရော အပေါင်းနိယာမမှာ MUTRUALLY EXCLUSIVEပါပြန်ရော၊ ခက်ပြီ၊ ရအောင်ရှင်းတယ်၊ အပြန်အလှန် ပိတ်ပင်တယ်၊ မရောယှက်ဘူးပေါ့၊ သီးခြားစီဖြစ်တယ်ပေါ့၊ သူတို့နားလည်သွားကြသည်။

(I) $Pr = Pr(A) + Pr(B)$

(II) $Pr(A\ OR\ B) = Pr(A) + Pr(B) - Pr(AB)$




နောက်ပြီး အမြှောက်နိယာမလာပြန်ရော၊ INDE-PENDENTနဲ့ DEPENDENT ရှင်းရပြန်ရော၊ ကင်းလွတ်တယ်ဆိုတာ မမှီခိုဘူးပေါ့၊ မကင်းလွတ်ဘူးဆိုတာ မှီခိုတယ်ပေါ့၊ မိဘကိုသားသမီးက မှီခိုတယ်စတဲ့ ဥပမာနဲ့ကနဦးဖြစ်ရပ်ကို နောက်ဖြစ်ရပ်က မှီခိုတယ်စသည်ဖြင့် ရှင်းပြတယ်၊ မှီတယ်ဆိုတာကို၊ ခုံနောက်ကျောမှီပုံနဲ့ ဥပမာပြတော့ သူတို့နားလည်သွားကြတယ်။ အဲဒီမှာပဲ စာသင်နည်းတွေသိလာတယ်၊ ရန်ကုန်မြို့အလယ်မှာ ဆရာဒွန်း(စာရင်းအင်းပညာ)ဖြစ်ဖို့ အကြောင်းတရားတွေပဲလားပေါ့။

| | | |
|---|---|---|
| I | $Pr(A\ and\ B)$ | $= Pr(A)\ Pr(B)$ |
| II | $Pr(A \cap B)$ | $= Pr(A) . Pr(B/A)$ |
| | | $= Pr(B) . Pr(A/B)$ |

I = ကင်းလွတ်ခြင်း

II = မှီခိုခြင်း

B/A = A ကိုမှီ၍ B ဖြစ်ပေါ်ခြင်း

A/B = B ကိုမှီ၍ A ဖြစ်ပေါ်ခြင်း

(မှတ်မိသေးတဲ့ ပုံသေနည်းလေးတွေပါ)

## ကျူရှင်စသင်ပြီ (၁၉၇၄)

လှိုင် အ·ထ·က (၂) ပရဟိတကျား ကျောင်းမှာ သင်္ချာဆရာလုပ်ခဲ့ဖူးတော့၊ သင်္ချာကျူရှင်ဖွင့်ဖို့ ကြိုးစားကြည့်တယ်။ အင်းစိန်လမ်းအမှတ်(၈၀) TIMERADIOသင်တန်းခန်းမကို တစ်လ ၅၀ိ နဲ့ အချိန်ပိုင်း ငှားတယ်၊ သူငယ်ချင်း ကသ၂၀၀ ကိုတင်ဝင်း(ပုသိမ်)နဲ့ ၆ မိုင် ဓမ္မာရုံလမ်းက ပုဂ္ဂလိက အဆောင်မှာငှားနေတယ်၊ တစ်ယောက်ခန်း တစ်လ ၃၀ိ၊ စားပွဲတလုံး၊ ကုတင်တလုံး ၉ပေ × ၉ပေ အခန်း၊ ထမင်းက ကိုယ်တိုင်ချက်စား ကြတယ်။

၁၉၇၄ ခုနှစ် အလုပ်သမားအရေးအခင်းနဲ့ကျောင်းတွေပိတ်တော့၊ ဆရာလိုလိုဘာလိုလိုနဲ့ တက္ကသိုလ်ထဲမှာ ပျော်နေခဲ့တယ်။ အစ်ကိုက မင်းတက္ကသိုလ်လောင်းရိပ်မိနေတယ်၊ ရုံးပြောင်းအလုပ်လုပ်ဖို့ အချိန်တန်ပြီလို့ ပြောတယ်။

## ၁၉၇၅ ခုနှစ် ဝန်ကြီးများရုံးရောက်ပြန်ပြီ

မိမိတို့ တတိယနှစ်ကျောင်းသားဘဝမှာ ဝန်ကြီးများရုံး (အတွင်းဝန်ရုံး)စီမံကိန်းရေးဆွဲရေးဦးစီးဌာန ဖွဲ့စည်းပုံ ခွင့်ပြုချက်ရပြီဖြစ်ကြောင်း၊ စီးပွားရေးဘွဲ့ရများ အလုပ်ရမည်ဖြစ်ကြောင်း ဦးညွန့်မောင် (အတွင်းဝန်/ညွှန်ကြားရေးမှူးချုပ်/ဒုတိယဝန်ကြီး)က လာရောက်ဟောပြောခဲ့တယ်။

ထို့ကြောင့် (၁၀-၂-၁၉၇၅)တွင် ဒုတိယစီမံကိန်းမှူး (အလုပ်သင်)အဖြစ် စီမံကိန်းရေးဆွဲရေးဦးစီးဌာနသို့ ပြောင်းရွှေ့တာဝန်ထမ်းဆောင်လိုက်တော့သည်။ သတ္တုကဏ္ဍမှာ တာဝန်ထမ်းဖို့ ဦးညွန့်မောင် (ဒေးဒရဲ)က လိုက်ပို့ပေးသည်၊ ကဏ္ဍတာဝန်ခံ၊ ဒုတိယညွှန်ကြားရေးမှူး သံမဏိဦးစိုးမြင့် [အမှတ်(၁) သံစီမံကိန်း]ထံအပ်သည်။ မိမိအား သတ္တုတွင်းဝန်ကြီးဌာနဆိုင်ရာလုပ်ငန်းပိုင်း၊ လက်ထောက်ညွှန်ကြားရေးမှူး ဦးသိန်းဝင်းအဖွဲ့တွင် တာဝန်ပေးသည်။ အမှတ်(၄) သတ္တုလုပ်ငန်း(စက်မှုတွင်းထွက်ကုန်ကြမ်း)၊ အမှတ်(၃)သတ္တုလုပ်ငန်း (ဂေါ်ဒန်၊ ကျောက်မီးသွေး)၊ ထုံးကျောက်၊ မြန်မာ့ကျောက်မျက်ရတနာလုပ်ငန်းတို့ကိုလုပ်သက်အရ အဆင့်ဆင့် တာဝန်ပေးသည်။

## ၁၉၇၆ ခုနှစ် ဗဟိုပြည်သူ့ဝန်ထမ်းကျောင်း

ဖောင်ကြီးတက်ရမယ်၊ မတက်လျှင်အရာရှိမဖြစ်၊ တက်ရမှာပေါ့၊ ဖောင်ကြီးရောက်တဲ့ညနေမှာ ကျန်းမာရေးဆန်းစစ်ချက်အနေနဲ့ ဖောင်ကြီးကျောင်းမှ ဖောင်ကြီးရွာအထိ အသွားအပြန်ပြေးခိုင်းတယ်၊ မူးလဲသူ၊ အော့အန်သူ၊ စွပ်



ကျယ်ဂျိုင်းပြတ်အဖြူ ဘောင်းဘီတိုအဖြူ ကင်းဘတ်အဖြူ ပီတီယူနီဖောင်းနဲ့ ကတုံးတိုဆံပင်နဲ့ သင်တန်းသား ပုံစံ သွင်းခံရတော့တယ်။

ညနေပိုင်း ထမင်းစားခန်းမဝင်မီ ပန်းတောကုန်းမှ ရခိုင်အောင်သိန်းဝယ်လာတဲ့ တောအရက် တစ်လုံးကို ဝါးရုံထဲမှာ တစ်ယောက်တစ်ခွက်အမြန်ချလိုက်တယ်။ ညပိုင်း တန်းစီတော့ တာဝန်မှူး အာဠာဝက (ဆရာလုစိုး)က ကြိမ်းမောင်းတော့တာပါပဲ၊ ညနေက သင်တန်းသားတစ်ဦး ပန်းတောကုန်းကျေးရွာမှ အရက်လာဝယ်ကြောင်း၊ ညနေပိုင်း ဝါးရုံထဲမှာအရက်စုသောက်သွားကြောင်း၊ ရွာမှာရှိတဲ့ တာဝန်ရှိသူက သတင်းပို့ကြောင်း၊ ညနေက ဝါးရုံထဲမှာသောက်သူများကို မိမိသိကြောင်း၊ နောက်တစ်ကြိမ်ဆိုလျှင် ကျောင်းထုတ် (RTU) ပစ်မည်ဖြစ်ကြောင်းပြောပါသည်။ တော်တော်လန့်သွားပါသည်။

ဖောင်ကြီးမှာ နံနက် ငါးနာရီခွဲ PTလုပ်ရသည်၊ ခြောက်နာရီခွဲ လဘက်ရည်မတ်ခွက် ၁ ခွက်၊ ကောက်ညင်းပေါင်းတစ်ထုတ်စားရသည်။ ခုနစ်နာရီတန်းစီ၊ လူစစ်၊ သင်တန်းခန်း/စစ်ရေးပြကွင်းသွားရသည်။ သင်တန်းချိန်တစ်ခုနှင့် တစ်ခုကြား ဆယ်မိနစ်နားသည်။ မြက်ခင်းတွင် အိပ်သည်၊ နေ့လည်သင်တန်းမှ အပြန် ထမင်းစားခန်းဝင်သည်၊ ထမင်း ကို ပုံစံခွက်တွင်းထည့်၍ ပဲဟင်းကိုတန်းစီယူရသည်၊ ပဲ ဟင်းတစ်ခွက်ကို ထမင်းပေါ် လောင်းချလိုက်သည်။ နောက် တစ်ခွက်ယူသည်။ သစ္စာဆိုပြီးမှစားရသည်။ ဆီမပါသော ကန်စွန်းရွက်ကြော်၊ ထမင်းပဲဟင်းကိုဆားဖြူး၊ ကန်စွန်း ရွက်ရေလုံ ပြုတ်နဲ့ ရောမွှေစားကြလေတော့ သတည်းပေါ့။ စားပြီး နေ့လည်စာသင်ဆောင် ပြန်သွား သင်တန်းတက်ပေါ့၊ ညနေပြန်လာရေကိုလုချိုး၊ ထမင်းစားခန်းဝင်၊ ညစာက တော့ အသားတစ်ခွက်၊ ချဉ်ရည် တစ်ခွက်ရတယ်၊ ပိုက်ဆံရှိလျှင် ကြက်ဥကြော်ဝယ်စား၊ အနီးအနားက သူငယ်ချင်းတွေမှာ ငါးပိကြော်ဘူးပါရင် တောင်းစားပေါ့၊ ညပိုင်းတန်းစီ၊ စာ ဖတ်ခန်းဝင်၊ ညကိုးနာရီ အဆောင်မီးပိတ် အိပ်ပေါ့၊ တစ်နာ ရီညကင်းတာဝန်စာအုပ်မှာ လက်မှတ်ထိုးအဆင့်ဆင့်လွှဲအိပ် ပေါ့။

## အပြင်ထွက်ခွင့်ရ၊ ခါးပတ်ပျောက်

အခြေခံစစ်ရေးပြဆန်းစစ်ချက်အောင်လို့ အပြင်ထွက်ခွင့်(ရန်ကုန်သို့နေ့ချင်းပြန်)ရသည်၊ နံနက် ငါးနာရီ ကျောင်းဂိတ်ဝ၌ ကားများတန်းစီထားသည်။ ဖောင်ကြီး ကျောင်းအဝင် အ⋅မ⋅က တစ်ကျောင်းရှိသည်။ ၄င်းခြံစည်းရိုးနားအပေါ့သွားကြပြီး ကားပေါ်တက်ကြသည်။ ရန်ကုန်ဆူးလေ ဘုရားလမ်းဂုဏ် (GLOBE)ရုပ်ရှင်ရုံရှေ့၌ ကားဂိတ်ဆုံးသည်၊ အမျိုးရှိသူတွေက အမျိုးအိမ်သွား၊ ထမင်းစား၊ ရည်စားရှိသူက ရည်စားနဲ့သွား၊ ပထမဦးဆုံး ပြင်ပထွက်ခွင့်ဖြစ်သောကြောင့် ယူနီဖောင်းအပြည့်ဝတ်ရသည်။ အပြာရောင်ယူနီဖောင်းဆိုတော့ မီးသတ်ရဲဘော်လိုလို၊ ဆိပ်ကမ်းအလုပ်သမားလိုလိုပေါ့၊ ရည်းစားမရှိတော့၊ ဆူးလေဘုရားလမ်းဒေါင့်က ချစ်စိန်ဒန်ပေါက်စား၊ သမ္မတရုံမှာ ရုပ်ရှင်ကြည့်၊ ညနေကားမထွက်မီ၊ ဂုဏ်ရုပ်ရှင်ရုံဘေးအရက်ဆိုင်မှာ အရက်ဝင်သောက်၊ ကားပေါ် မူးလျှက် လိုက်ပါလာသည်။

လှည်းကူးရောက်တော့ ကားခဏရပ်တယ်၊ အရက်ဆင်းသောက်ကြတယ်၊ ကျောင်းဂိတ်ဝင်တော့ မူးတဲ့လူတွေအလယ်တန်းထားပြီး ဘယ်/ညာ မှန်အောင်လျှောက်ရတယ်၊ ကျောင်းထဲကို အရက်ယူမလာရတဲ့၊ ဗိုက်ထဲထည့်လာရင်တော့ရတယ်၊ အဆောင်ရောက်တော့ ခါးပတ်မပါတော့၊ ဘယ်မှာကျကျန်ခဲ့သလဲ၊ နံနက်စောစော ယူနီဖောင်းဝတ်တုံးက ခါးပတ်ပတ်တော့ ခါးပတ်ကွင်းထဲမထည့်ဘဲပတ်တယ်၊ အပေါ့သွားချိန် ခါးပတ်ပြုတ်ကျကျန်ခဲ့ပြီပေါ့၊ ကြောက်လန့်ပြီ၊ ညတွင်းချင်းကျောင်းဆင်းတော့မည့် တပ်ခွဲ [ဇေယျ၂၅] သွားဝယ်ရတယ်၊ ၂၅ ကျပ်ပေးရတယ်၊ အဲဒီတုံးက ထမင်းတစ်နပ် ၅ ကျပ်ခေတ်၊ လစာ ၁၂၅ ကျပ်၊ လစာရဲ့ ၂၀ ရာခိုင်နှုန်း ကုန်သွားလေပြီ။

ဆက်လက်ဖော်ပြပါမည်။

♦



# စဉ်းစားသင့်သည့် ပြည်တွင်းငွေတန်ဖိုးကျရခြင်း အကြောင်းအရင်းများ

စောနိုင် (အသုံးချဘောဂဗေဒ)

စီးပွားရေးအဆောက်အအုံတစ်ခုထဲ၌ ပြည်တွင်းငွေကြေးတန်ဖိုးကျဆင်းနေပြီဟုဆိုလျှင် ပို့ကုန်များဈေးသက်သာစေ၍ သွင်းကုန်များကို ဈေးနှုန်းမြင့်မားစေတော့မည်။ သို့ဖြစ်၍ ပို့ကုန်သမားများဈေးနှုန်းယှဉ်ပြိုင်နိုင်စွမ်းတက်လာ၍ ပို့ကုန်ပမာဏတိုးလာမည်ဖြစ်သည်။ သွင်းကုန်သမားများအတွက်မူ ဝယ်လိုအားကျဆင်းခြင်းကို ကြုံရနိုင်သည်။ အမြတ်အစွန်းကျဆင်းလာနိုင်သည်။ ထို့ကြောင့် ပြည်တွင်းငွေကြေးတစ်ရပ်၏ တန်ဖိုးကျဆင်းခြင်းသည် ဝယ်လိုအား၊ ရောင်းလိုအားနှစ်ဖက်ထဲမှ တစ်ဖက်ကိုမျက်နှာသာပေးသည့် အနေအထားရှိသည်။ သီအိုရီသဘောတရား

အယူအဆများအရ မျက်နှာသာပေးထားသော်လည်း မျက်နှာသာပေးသည့် အခြေအနေနောက်ကို မလိုက်နိုင်ပါက ထိုအခွင့်အလမ်းကို ဖမ်းဆုပ်နိုင်မည်မဟုတ်ပေ။ ကုန်ပစ္စည်းထုတ်လုပ်မှု အားနည်းသည့် နိုင်ငံ၊ တိုင်းပြည်ကုန်ထုတ်လုပ်မှုနှင့် မမျှသည့် များပြားလွန်းသော ငွေကြေးပမာဏလည်ပတ်နေသည့်နိုင်ငံတွင် ပြည်တွင်းငွေတန်ဖိုးကျဆင်းခြင်းသည် စျေးကွက်ယန္တရားလှုပ်ရှားမှုကြောင့် သဘာဝကျကျဖြစ်ပေါ်ခြင်းမဟုတ်ပေ။ တိုင်းပြည်၏ကုန်ထုတ်လုပ်မှုစွမ်းရည်ကျဆင်း၍ ပြည်တွင်းငွေကြေးတန်ဖိုးပါ လျော့နည်းကျဆင်းခြင်းဖြစ်သဖြင့် အနာဂတ်တွင် ဖြစ်ပေါ်လာနိုင်သည့် အနုတ်လက္ခဏာဆောင်သော တိုးတက်မှုနှုန်းကိုပါ ကြိုတင်နိမိတ်ပြနေခြင်းဖြစ်သည်။ ပြန်လည်ကစားရန်လိုသည်။ အချိန်ကာလကြာမြင့်သည်နှင့်အမျှ စီးပွားရေးအဆောက်အအုံတွင်းရှိ ကဏ္ဍအသီးသီး၏ ကုန်ပစ္စည်းထုတ်လုပ်မှုအခြေအနေတို့မှာ တစ်နှယ်ငင်တစ်စင်ပါလိုက်ပါကျဆင်းလာနိုင်သောကြောင့် ဖြစ်သည်။ စိတ်ဝင်စားစွာလေ့လာကြည့်ပါက နိုင်ငံတစ်နိုင်ငံ၏ ပြည်တွင်းငွေကြေးတန်ဖိုးကျဆင်းရသည့်အကြောင်း တရားများတွင် အဓိကအားဖြင့် အောက်ပါအကြောင်း တရားများကြောင့်ဖြစ်နေသည်ကို တွေ့ရပေလိမ့်မည်။

## ငွေကြေးရောင်းလိုအားနှင့် ငွေကြေးဝယ်လိုအား

ငွေကြေးအာဏာပိုင်များက စီးပွားရေးအဆောက်အအုံထဲသို့ ငွေစက္ကူသစ်များ ထပ်မံရိုက်နှိပ်ထုတ်၍ ထည့်သွင်းလိုက်ပါက ထိုနိုင်ငံ၏ငွေကြေးလည်ပတ်မှုဖြစ်စဉ်ထဲတွင် ငွေကြေးပမာဏ(ငွေကြေးရောင်းလိုအား)မြင့်မားလာလိမ့်မည်။ စီးပွားရေးအဆောက်အအုံထဲတွင် ငွေကြေးပမာဏများပြားစွာလှည့်လည်နေပါက ကိုင်တွယ်သုံးစွဲသူများ၏ ငွေကြေးဝယ်လိုအား သို့မဟုတ် ငွေကြေးကိုလက်ဝယ်ကိုင်ဆောင်သုံးစွဲလိုမှုစိတ်ဆန္ဒနည်းပါးလာလိမ့်မည်။ ထိုအခြေအနေမျိုးတွင် ထိုတိုင်းပြည်၏ပြည်တွင်းငွေကြေး၏ တန်ဖိုးမှာကျဆင်းလာပေလိမ့်မည်။

## ငွေဖောင်းပွမှု

ငွေကြေးဖောင်းပွမှုသည်စီးပွားရေးအဆောက်အအုံအတွင်းရှိ ကုန်စည်နှင့် ဝန်ဆောင်မှုများ၏ အထွေထွေဈေးနှုန်းအဆင့် မြင့်တက်နေခြင်းကို ပြသည်။ ငွေကြေးဖောင်းပွမှုကြောင့် ပြည်တွင်းသုံး ငွေကြေး၏ ဝယ်နိုင်စွမ်းအားကျဆင်းကာ ထိုငွေကြေး၏ တန်ဖိုးပါကျဆင်းသွားသည်။ စီးပွားရေးအဆောက်အအုံတစ်ခုအတွင်း နည်းအမျိုးမျိုးဖြင့် ငွေကြေးဖောင်းပွမှုဖြစ်လာနိုင်သည်။ အထူးသဖြင့် တိုင်းပြည် ကုန်ထုတ်လုပ်မှုတိုးတက်နှုန်းထက်ပိုသော ငွေကြေးပမာနှုန်းကို ထပ်မံရိုက်နှိပ်ထုတ်ဝေခြင်း၊ အလွန်အမင်းဝန်ပိနေသော အစိုးရ၏ ကြွေးမြီ(အမျိုးသားကြွေးမြီများ)ဖြေလျော့နိုင်ရန်အတွက် ငွေကြေးပမာဏထပ်မံရိုက်နှိပ်ဖြေရှင်းခြင်းကြောင့်လည်းဖြစ်သည်။

## ကုန်သွယ်မှုလိုငွေ

နိုင်ငံတစ်နိုင်ငံ၏ သွင်းကုန်တန်ဖိုးသည် ပို့ကုန်တန်ဖိုးထက်များနေပါက ကုန်သွယ်မှုလိုငွေပြသည်။ ထိုအခြေအနေမှာ ပိုမိုဆိုးရွားလာပြီး ကုန်သွယ်မှုလိုငွေဖြစ်ပေါ်

> ” **နိုင်ငံတစ်နိုင်ငံသည် ကုန်သွယ်ရေးတွင် စက်မှု ကုန်ချောထက် ကုန်ကြမ်းများကိုသာ တင်ပို့နေရပါက ပြည်တွင်းငွေကြေးတန်ဖိုးအပေါ် သက်ရောက်မှုနှင့် ပတ်သက်၍ ပို့ကုန်စျေးနှုန်းသည် သတိထားရမည့် ကိစ္စဖြစ်လာသည်။**

မှုပမာဏမြင့်တက်လာပါက နိုင်ငံ၏ပြည်တွင်း ငွေကြေးသည် ကုန်သွယ်ဖက်နိုင်ငံ၏ ငွေကြေးနှင့် နှိုင်းယှဉ်ပါက တန်ဖိုးကျသွားသည်။

## ပြည်တွင်းငွေကြေးအပေါ်ယုံကြည်မှု

စီးပွားရေးအဆောက်အအုံတစ်ခုအတွင်းရှိလူများသည် ၎င်းတို့၏ နေ့စဉ်သုံးစွဲနေသည့် ပြည်တွင်းသုံးငွေကြေး အပေါ် ယုံကြည်မှုအားနည်းလာပါက ပြည်တွင်းသုံးငွေကြေး ဝယ်လိုအား ကျဆင်းကာ နိုင်ငံခြားငွေကြေးဝယ်လိုအား မြင့် တက်လာပေလိမ့်မည်။ ၎င်းတို့၏ ငွေကြေးများ ဆုံးရှုံးမည်ကို စိုးရိမ်ကြသောကြောင့် လက်ဝယ်ကိုင်ထားသော ငွေကြေး၊ အရင်းအနှီးများသည်လည်း နိုင်ငံရပ်ခြားသို့ စီးထွက် ရန် ဦးတည်လာပါလိမ့်မည်။ ထိုသို့ အရင်းအနှီးများ စီးထွက်ခြင်းမှတစ်ဆင့် ပြည်တွင်းငွေကြေး တန်ဖိုးကျဆင်းမှုထပ်မံ ဖြစ်ပေါ်လာလိမ့်မည်။ နိုင်ငံသားများ ပြည်တွင်းငွေကြေး အပေါ် ယုံကြည်မှုပြိုလဲခြင်းသည် စီးပွားရေးနှင့် နိုင်ငံရေး အကြောင်းတရားများကြောင့် ဖြစ်ပေါ်တတ်သည်။

## ပို့ကုန်များ၏ ဈေးနှုန်း

နိုင်ငံတစ်နိုင်ငံသည် ကုန်သွယ်ရေးတွင် စက်မှုကုန်ချောထက် ကုန်ကြမ်းများကိုသာ တင်ပို့နေရပါက ပြည်တွင်းငွေကြေးတန်ဖိုးအပေါ် သက်ရောက်မှုနှင့် ပတ်သက်၍ ပို့ကုန်ဈေးနှုန်းသည် သတိထားရမည့် ကိစ္စဖြစ်လာသည်။ ထိုသို့တင်ပို့နေရသည့် ကုန်ကြမ်းပို့ကုန်ဈေးနှုန်းများ ကျဆင်းလာခဲ့ပါက ပို့ကုန်မှရရှိလာနိုင်သည့် နိုင်ငံခြားဝင်ငွေစီးဆင်းမှုနည်းပါးလာပြီး နိုင်ငံခြားငွေလဲလှယ်နှုန်းတွင် တိုင်းပြည်၏ ပြည်တွင်းသုံးငွေကြေးတန်ဖိုးကျဆင်းလာတတ်သည်။

## အတိုးနှုန်းကွဲပြားခြားနားမှု

အကယ်၍ နိုင်ငံများအကြား လွတ်လပ်စွာ ငွေကြေး အရင်းအနှီးများစီဆင်းမှုရှိနေပါက တစ်နိုင်ငံနှင့်တစ်နိုင်ငံကြားတူညီမှုမရှိသည့် အတိုးနှုန်းများကြောင့်လည်း ပြည်တွင်းငွေတန်ဖိုးကျဆင်းမှုဖြစ်လာနိုင်သည်။ စီးပွားရေးသဘောတရားများအရ ငွေကြေးအရင်းအနှီးများသည် အတိုးနှုန်းနိမ့်သော စီးပွားရေးအဆောက်အအုံမှ အတိုးနှုန်းမြင့်မားမှုရှိသော စီးပွားရေးအဆောက်အအုံထဲသို့ စီးဝင်လာတတ်ကြသည်။ ထိုအခါ အတိုးနှုန်းမြင့်မားနေသည့် နိုင်ငံ၏ ပြည်တွင်းငွေကြေးတန်ဖိုးမြင့်မားလာတတ်သည်။ ထိုအခါ ငွေကြေးအာဏာပိုင်တို့က ပြည်တွင်းငွေတန်ဖိုးပြန်လည်ကျဆင်းလာစေရန်ဆောင်ရွက်ကြရသဖြင့် ပြည်တွင်းငွေတန်ဖိုးကျဆင်းမှုဖြစ်ပေါ်တတ်သည့် အခြေအနေမျိုးလည်း ရှိသည်။

## ဈေးကစားခြင်း

အချက်အလက်၊ ကိန်းဂဏန်းများအသုံးပြု၍ တွက်ချက်ထားသော သီအိုရီအယူအဆကြောင့် မဟုတ်ဘဲ၊ ထင်မြင်ယူဆချက်များဖြင့်လည်းကောင်း၊ ကောလဟလ သတင်းများကြောင့်လည်းကောင်း ငွေကြေးတန်ဖိုးကျဆင်းစေသည့် အခြေအနေများဖြစ်လာနိုင်သကဲ့သို့ ရည်ရွယ်ချက်ရှိရှိဖြင့် အကျိုးအမြတ်အတွက် ဈေးကစားသူများကြောင့်လည်း ပြည်တွင်းငွေကြေး တန်ဖိုးကျဆင်းမှုများဖြစ်လာခြင်းများလည်းရှိသည်။

အထက်ပါအချက်များအပြင် အခြားဖြစ်နိုင်ခြေရှိသောအခြေအနေများလည်း ရှိနိုင်သည်။ ကိန်းဂဏန်းစာရင်းအင်းနှင့် သတင်းအချက်အလက်များကို အတိုင်းအတာတစ်ခုရရှိခဲ့ပါက ပိုမိုနီးစပ်သည့်ဖြစ်နိုင်ချေ အကြောင်းတရားများပါ ပေါ်ထွက်လာနိုင်သည်။ နိုင်ငံရေး၊ စီးပွားရေး ပြုပြင်ပြောင်းလဲရေးကာလ တစ်ခုကိုဖြတ်သန်းနေရသော စီးပွားရေးအဆောက်အအုံတစ်ခုဖြစ်ပါက သတိထားစောင့်ကြည့်ရမည့် အခြေအနေများစွာ ရှိနေ၏။

♦

# အာဆီယံ၏ အနာဂတ် အခွင့်အလမ်းနှင့် စိန်ခေါ်မှုများ



သိန်းမြင့်ဝေ

၂၀၁၇ ခုနှစ်၊ ဩဂုတ်လတွင် အာဆီယံဖွဲ့စည်းတည်ထောင်ခဲ့သည်မှာ နှစ်ပေါင်း ၅၀ ပြည့်မြောက်ခဲ့ပြီဖြစ်ပါသည်။ ဤကာလအတွင်း အောင်မြင်မှုများရှိသကဲ့သို့ အခက်အခဲများကိုလည်း ဖြတ်သန်းခဲ့ရသည်။ ဤဆောင်းပါးတွင် အာဆီယံ၏အနာဂတ်တွင် ရရှိခံစားရမည့် အခွင့်အလမ်းများနှင့် ရင်ဆိုင်ကျော်လွှားရမည့် စိန်ခေါ်မှုများကို ဖော်ပြထားပါသည်။

အာဆီယံသည် နှစ်ပေါင်း ၅၀ ကာလအတွင်း အောင်မြင်သော ဒေသဆိုင်ရာအဖွဲ့အစည်း (Regional organization) အဖြစ် ဖန်တီးနိုင်ခဲ့သည်။ အာဆီယံသည် ဥရောပသမဂ္ဂ (European Union)ပြီးလျှင် ဒုတိယမြောက် အအောင်မြင်ဆုံးသော ဒေသဆိုင်ရာအဖွဲ့အစည်းဖြစ်ပါသည်။ အာဆီယံသည် အဖွဲ့ဝင် ၅ နိုင်ငံဖြင့် စတင်တည်ထောင်ခဲ့သော စီးပွားရေးအဖွဲ့အစည်း (Economic bloc) ဖြစ်ပါသည်။ အာဆီယံခေါင်းဆောင်များသည် အရှေ့တောင်အာရှဒေသကို ကမ္ဘာ့စီးပွားရေး၏ အဓိကမောင်းနှင်အား (Growth driver)အဖြစ် ဖန်တီးရန် ကတိကဝတ်ပြုခဲ့ကြသည်။ ထို့ပြင် အရှေ့တောင်အာရှဒေသရှိ ပြည်သူများ၏ လူနေမှုအဆင့်အတန်းနှင့် ပညာရေးအဆင့်အတန်းကို မြှင့်တင်ရန်ရည်ရွယ်ပါသည်။ ထို့မျှသာမက အရှေ့တောင်အာရှဒေသကို ကုန်သွယ်မှုတိုးတက်ပြီး နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုအဓိက စီးဝင်သည့်ဒေသအဖြစ် ထူထောင်ရန် ကတိကဝတ်ပြုခဲ့ကြပါသည်။

လက်ရှိအချိန်တွင် အဖွဲ့ဝင် ၁၀ နိုင်ငံပါဝင်သော အာဆီယံ၏ GDP သည် အမေရိကန်ဒေါ်လာ ၃ ထရီလီယံနီးပါးသို့ ရောက်ရှိတိုးတက်နေပါသည်။ အာဆီယံကို နိုင်ငံတစ်နိုင်ငံအဖြစ် မှတ်ယူပါက အာဆီယံသည် ကမ္ဘာ့သတ္တမမြောက် စီးပွားရေးအင်အားအကြီးမားဆုံးဖြစ်ပါသည်။ လက်ရှိစီးပွားရေးအတိုင်း ဆက်လက်တိုးတက်သွားမည်ဆိုပါလျှင်လာမည့် ၁၀ နှစ်အတွင်း အာဆီယံသည် ကမ္ဘာ့ပဉ္စမမြောက် စီးပွားရေးအင်အားကြီးမားသော ဒေသဖြစ်လာပါမည်။ တရုတ်၊ အမေရိကန်၊ ဂျပန်နှင့် ဂျာမဏီပြီးပါက အာဆီယံဖြစ်လာပါမည်။ အာဆီယံ၏ စီးပွားရေးပေါင်းစည်းမှုအဆင့်မြင့်မားပြီး ဒေသတွင်းကုန်သွယ်မှုနှင့်ရင်းနှီးမြှုပ်နှံမှု (Intra-regional trade and investment) သိသိသာသာတိုးတက်လျက်ရှိပါသည်။

## အခွင့်အလမ်းများ

အာဆီယံ၏ နောက်ထပ်ဖွံ့ဖြိုးတိုးတက်မှုခြေလှမ်းမှာ အာဆီယံစီးပွားရေးအသိုက်အဝန်း (AEC)ကို အကောင်အထည်ဖော်ခြင်းဖြစ်သည်။ ASEAN Economic Commonity (AEC) ကို ၂၀၁၅ခုနှစ်၊ ဒီဇင်ဘာလတွင် အကောင်အထည်ဖော်ခဲ့ပါသည်။ AEC က ဒေသတွင်းနှင့် ဒေသပြင်ပကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှု (Intra-regional and extra-regional trade and investment) အခွင့်အလမ်းများစွာကို ဖြစ်စေပါသည်။ အခွင့်အလမ်းများအဖြစ် ဝန်ဆောင်မှုလုပ် ငန်းများအလားအလာကောင်းခြင်း၊ ခရီးသွားလုပ်ငန်းဗဟို ချက်ဖြစ်ခြင်း၊ စားသုံးသူ ဝယ်လိုအားတိုးတက်နေခြင်းနှင့် ပြည်ပတိုက်ရိုက်ရင်းနှီး မြှုပ်နှံမှုကိုဆွဲဆောင်လျက်ရှိခြင်းတို့ကိုတွေ့ရသည်။

## ဝန်ဆောင်မှုလုပ်ငန်းများ အလားအလာကောင်းခြင်း

အာဆီယံနိုင်ငံများသည် မိမိတို့နိုင်ငံ၏ စီးပွားရေးကို ဝန်ဆောင်မှုဦးဆောင်သော စီးပွားရေးစနစ် (Services driven economies) သို့ ပြောင်းလဲနေကြသည်။ ထိုသို့ပြောင်းလဲရေးအတွက် ဝန်ဆောင်မှုလုပ်ငန်းများကို ပိုမိုလွတ်လပ်ခွင့်ပြုခြင်းနှင့် ကျွမ်းကျင်လုပ်သားများလွတ်လပ်စွာသွားလာခြင်းကို ခွင့်ပြုရန်လိုအပ်သည်။ ထို့ကြောင့် အာဆီယံအဖွဲ့ဝင်နိုင်ငံများသည် ဝန်ဆောင်မှုကဏ္ဍပြုပြင်ပြောင်းလဲခြင်း၊ လုပ်ထုံးလုပ်နည်းများထင်သာမြင်သာ ရှိစေခြင်း၊ ခွဲခြားဆက်ဆံသည့် ကန့်သတ်ချက်များဖယ်ရှားခြင်း (ပြည်ပလုပ်ငန်းရှင်များထက် ပြည်တွင်းလုပ်ငန်းရှင်များကို ဦးစားပေးခြင်း)၊ စီးပွားရေးလုပ်ငန်းလုပ်ဆောင်မှု ပိုမိုလွယ်ကူစေခြင်းတို့ကို အလေးထားဆောင်ရွက်သင့်သည်။

## ခရီးသွားလုပ်ငန်းဗဟိုချက်ဖြစ်ခြင်း

အာဆီယံသည် ကမ္ဘာ့လှည့်ခရီးသွားလုပ်ငန်းအတွက် အချက်အချာကျသောနေရာတွင် တည်ရှိသည်။ ဆက်လက်ဖွံ့ဖြိုးတိုးတက်ရန် အလားအလာကောင်းသော လုပ်ငန်းစုဖြစ်သည်။ အရှေ့မြောက်အာရှ ခရီးသွားဈေးကွက်နှင့် ဥရောပ၊ အရှေ့အလယ်ပိုင်း၊ အမေရိကန်ပြည်ထောင်စုတို့ကိုချိတ်ဆက်ပေးရာနေရာလည်းဖြစ်သည်။ အာဆီယံသည် လိုအပ်သော အခြေခံအဆောက်အအုံတည်ဆောက်ခြင်းနှင့် လူ့စွမ်းအားအရင်းအမြစ် တိုးတက်အောင်ဆောင်ရွက်ခြင်းအားဖြင့် ခရီးသွားလုပ်ငန်းကို မြှင့်တင်သင့်သည်။ အာဆီယံသည် တရုတ်နှင့် အိန္ဒိယပြီးနောက် ကမ္ဘာ့တတိယမြောက် လုပ်သားအင်အား အများဆုံးနေရာဖြစ်သည်။ ဤအချက်သည် ဝန်ဆောင်မှုကဏ္ဍဖြစ်သော ခရီးသွားလုပ်ငန်းအတွက် အရေးကြီးပါသည်။

## စားသုံးသူဝယ်လိုအားတိုးတက်လျက်ရှိခြင်း

အာဆီယံ၏ စားသုံးသူလူတန်းစား (Consumer class)သည် ပြီးခဲ့သည့် ဆယ်စုနှစ်အတွင်း သိသိသာသာတိုးတက်ခဲ့သည်။ အဆိုပါ ဝယ်ယူစားသုံးမှုမြင့်မားသော Consumer classသည် ၂၀၂၅ ခုနှစ်တွင် လက်ရှိ အရေအတွက်ထက် ၂ဆဖြစ်လာနိုင်သည်။ အရှေ့တောင်အာရှဒေသရှိ စားသုံးသူများ၏ အပန်းဖြေမှု၊ လက်လီဝယ်ယူမှုနှင့် Social media facebook အပါအဝင် ICTသုံးစွဲမှုကို လေ့လာရာတွင် ယင်းတို့၏ဝယ်လိုအားမှာ ဆက်လက်မြင့်တက်ပြီး ပြည်တွင်းနှင့် ပြည်ပကုမ္ပဏီများအတွက် စီးပွားရေးအခွင့်ကောင်းဖြစ်ကြောင်း တွေ့ရှိရသည်။

## ပြည်ပတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုကို ဆွဲဆောင်လျက်ရှိခြင်း

ဒေသ၏အခြေခံအဆောက်အအုံလိုအပ်ချက်နှင့် လူလတ်တန်းစား (Middle class) တိုးပွားလျက်ရှိခြင်းတို့က ပြည်ပတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှု (FDI) အတွက် အလွန်ဆွဲဆောင်မှုရှိစေပါသည်။ တရုတ်နှင့် အိန္ဒိယနိုင်ငံတို့ ကဲ့သို့ပင် အာဆီယံသည် FDI ဆွဲဆောင်မှု အဆင့်မြင့်မားသော ဒေသတစ်ခုဖြစ်သည်။ အာဆီယံသည် စီးပွားရေးပေါင်းစည်းမှုဖြစ်သော AEC ကို အကောင်အထည်ဖော်ခြင်းအားဖြင့် FDI ကို ပိုမိုဆွဲဆောင်နိုင်မည် ဖြစ်သည်။

## စိန်ခေါ်မှုများ

အာဆီယံသည် လက်ရှိအလားအလာကောင်းများကို ရရှိခံစားနိုင်ရန်အတွက် ရင်ဆိုင်ဖြေရှင်းရမည့် ဆုံးရှုံးနိုင်ခြေနှင့် စိန်ခေါ်မှုများ (Risks and challenges) ရှိပါသည်။ စိန်ခေါ်မှုများအဖြစ် ပထဝီဝင်နိုင်ငံရေး (Geo-politi-

cal)၊ အခြေခံအဆောက်အအုံအတွက် ငွေကြေးလိုအပ်ချက် (Infrasructure deficit)၊ ကူးစက်ရောဂါနှင့် သဘာဝဘေး ဒဏ်များ၊ တရုတ်နိုင်ငံ၏ တိုးတက်မှု (Growth in china)၊ ဘာသာရေးနှင့် နိုင်ငံရေးအစွန်းရောက်ဝါဒ (Religious and political extremism) တို့ဖြစ်သည်။

## ပထဝီဝင်နိုင်ငံရေး

အရှေ့တောင်အာရှဒေသကို လွှမ်းမိုးလိုသော တရုတ်နှင့်အမေရိကန်နိုင်ငံတို့၏ အားပြိုင်မှုက ဒေသ၏ စီးပွားရေးတိုးတက်မှုအလားအလာကို ထိခိုက်စေသည်။ မဟာစီးပွားရေးအင်အားကြီး ၂နိုင်ငံကြားတင်းမာမှုက ပို၍ ပြင်းထန်လာသည်။ တရုတ်နိုင်ငံသည် တောင်တရုတ်ပင်လယ်အရေးနှင့်ပတ်သက်၍ အချုပ်အချာအာဏာကို မထိပါးရန် အငြင်းပွားလျက်ရှိသည်။ အမေရိကန်နှင့် တရုတ်နိုင်ငံကြား ထိပ်တိုက်ရင်ဆိုင်ခြင်းက အမေရိကန် - ဆိုဗီယက်စစ်အေးတိုက်ပွဲ (U.S-Soviet Cold War)ပုံစံအရိပ်အမြွက်နေသည်။ အဆိုပါတင်းမာမှုကို ကန့်သတ် ထိန်းချုပ်နိုင်မှသာ အာဆီယံဒေသ၏ စီးပွားရေးပိုမိုကောင်းမွန်ပါမည်။

## အခြေခံအဆောက်အအုံအတွက်ငွေကြေးလိုအပ်ချက်

အရှေ့တောင်အာရှဒေသတွင် အခြေခံအဆောက်အအုံတည်ဆောက်ရေးအတွက် အမေရိကန်ဒေါ်လာ ၆၀ ဘီလီယံ ခန့်လိုအပ်နေပေသည်။ ဒေသသည် အခြေခံအဆောက် အအုံတည်ဆောက်ရေးအတွက် ငွေကြေး အမြောက်အမြား သုံးစွဲခဲ့ပြီး ဆက်လက်သုံးစွဲရင်းနှီးမြှုပ်နှံလျက်ရှိသည်။ ထို သို့ဆောင်ရွက်ရာတွင် ၂ နိုင်ငံသဘောတူညီချက်များ၊ ဒေ သဆိုင်ရာနှင့် နိုင်ငံစုံသဘောတူညီချက် များ (Bilateral, regional and multilateral initiatives) အရ ပူးပေါင်း ဆောင်ရွက်ခြင်းဖြစ်သည်။ သို့သော်လည်းတိုးတက်မှုနှေးကွေးနေပါသည်။ အဘယ်ကြောင့်ဆိုသော် ဗျူရိုကရက် တစ်ဆန့်ပြီး လုပ်ငန်းဖင့်နှေးခြင်းနှင့် လေလွင့်ဆုံးရှုံးမှုများ ခြင်းတို့ကြောင့် တိုးတက်မှုနှေးကွေးနေခြင်း ဖြစ်ပါသည်။ အခြေခံအဆောက်အုံကဏ္ဍကို သိသိသာသာမြှင့်တင်ခြင်း မရှိဘဲ ဒေသ၏စီးပွားရေး တိုးတက်မှု အလားအလာကောင်း များကို အသုံးချနိုင်မည် မဟုတ်ပေ။

## ကူးစက်ရောဂါနှင့် သဘာဝဘေးဒဏ်များ

လေမုန်တိုင်း၊ ဆူနာမီ၊ ဆားရောဂါ (SARS)၊ တုပ်ကွေးနှင့် ဇီကာရောဂါ စသည့်သဘာဝဘေးနှင့် ကူးစက်ရောဂါများကလည်း ဒေသ၏ တိုးတက်မှုကို ထိခိုက်စေသည်။ ဒေသဆိုင်ရာပေါင်းစည်းခြင်း၊ ဆက်သွယ်ရေးနှင့် ပညာရေးတို့ တိုးတက်ပါက အဆိုပါဘေးအန္တရာယ်များကို လျော့ကျစေနိုင်သည်။

## တရုတ်နိုင်ငံ၏ စီးပွားရေးတိုးတက်မှု

တရုတ်နိုင်ငံ၏ စီးပွားရေးတိုးတက်မှုနှေးကွေးနေခြင်းက အာဆီယံ၏စီးပွားရေးကို အတိုင်းအတာ တစ်ခု ထိခိုက်ခတ်ပါသည်။ အဘယ်ကြောင့်ဆိုသော် တရုတ်သည် အာဆီယံ၏ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုအတွက် အရေးပါသော နိုင်ငံဖြစ်သောကြောင့် ဖြစ်ပါသည်။ ယခုအခါ တရုတ်နိုင်ငံ၏ စီးပွားရေးပြန်လည်ဦးမော့လာသည့် အရိပ်အယောင်များတွေ့ရသည်။ တရုတ်၏ စီးပွားရေးဦးမော့လာခြင်းက အာဆီယံဒေသ၏ စီးပွားရေးအလားအလာကို ပိုမိုကောင်းမွန်စေနိုင်သည်။

## ဘာသာရေးနှင့် နိုင်ငံရေးအစွန်းရောက်ဝါဒ

အာဆီယံနိုင်ငံများတွင် ဘာသာရေးနှင့် နိုင်ငံရေးဆိုင်ရာ အကြမ်းဖက်တိုက်ခိုက်မှုများသည် ဒေသရှိပြည်သူလူထုအတွက် စိုးရိမ်စရာဖြစ်သည်။ အာဆီယံသည် ၎င်းခြိမ်းခြောက်မှုများကို ပူးပေါင်းတုံ့ပြန်ရန်လိုအပ်သည်။ သို့မှသာ ဒေသကို တည်ငြိမ်သော ဒေသအဖြစ် ရှုမြင်ကြပါမည်။ ထိုသို့တည်ငြိမ်အေးချမ်းမှသာ နိုင်ငံတကာ ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုများ စီးဝင်လာမည်ဖြစ်သည်။

အာဆီယံသည် တရုတ်နှင့် အိန္ဒိယတို့ပြီးနောက် ကမ္ဘာ့စီးပွားရေးတိုးတက်မှုကို တတိယမြောက် အမောင်းနှင်နိုင်ဆုံးဒေသ (Third great energing driver of global growth)ဖြစ်လာနိုင်ပါသည်။ ထိုသို့ဖြစ်လာစေရန်မှာ အာဆီယံစီးပွားရေးအသိုက်အဝန်း (AEC) ကို အကောင်အထည်ဖော်နိုင်စွမ်းအပေါ် မူတည်နေကြောင်း သုံးသပ်တွေ့ရှိရသည်။

Source: asean.org




# ရင်းနှီးမြှုပ်နှံမှု ပြုလုပ်မည့် နှစ်ရှည်မြေငှားရမ်းသုံးစွဲခွင့်အပေါ် စိန်ခေါ်နေမှုများနှင့် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ အခန်းကဏ္ဍ

ဒေါက်တာညီညီမောင် (DICA)

**ယခင်လအဆက်**

ယခင်လဖော်ပြချက်များတွင် ရင်းနှီးမြှုပ်နှံမှုပြုလုပ်ရန်အတွက် နိုင်ငံခြားနှင့် ပြည်တွင်းရင်းနှီးမြှုပ်နှံရန် စိတ်ပါဝင်စားသူများအနေဖြင့် ယနေ့မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုဥပဒေပြဋ္ဌာန်းပြီးကာလထိ နှစ်ရှည်မြေငှားရမ်းရာတွင်စိန်ခေါ်နေမှုများနှင့် နှစ်ရှည်မြေငှားရမ်သုံးစွဲခွင့် ရရှိရန်တွေ့ကြုံရသည့် အခက်အခဲများကို ဖော်ပြခဲ့ပြီးလည်းဖြစ် သည်။ ယခုဆက်လက်၍ အိမ်နီးချင်းနိုင်ငံများတွင် ရင်းနှီးမြှုပ်နှံမှုပြုလုပ်ရန် လာရောက်သည့် စီးပွားရေးလုပ်ငန်းရှင်များကို အပြိုင်အဆိုင် မက်လုံးပေးဆွဲဆောင်၍ မိမိနိုင်ငံအတွင်း တာဝန်ယူမှုရှိသော လုပ်ငန်းများဖြစ်ထွန်းလာရေးနှင့် လာရောက်ရင်းနှီးမြှုပ်နှံသူများအား ဘတ်ပေါင်းစုံမှ ဌာနေနိုင်ငံသားတို့နှင့် တန်းတူညီမျှသောအခွင့်အရေးများပေး ဆွဲဆောင်လျက်ရှိကြောင်းအသိပေးနိုင်ရန်အတွက် သတင်းအချက်အလက်များစုဆောင်းရယူခါ ရင်းနှီးမြှုပ်နှံမှုဝန်ဆောင်မှုပေးသည့်ကော်မတီများ၊ ဘုတ်များမှ အစွမ်းကုန်ကြိုးစားလုပ်ဆောင်နေကြသည် ကိုနမူနာပြခြင်းဖြင့် ပြည်တွင်းရှိ အသေးစားအလတ်စားလုပ်ငန်းရှင်များအနေဖြင့်လည်း ပြောင်းလဲလာသောယှဉ်ပြိုင်မှုရှိသော ဈေးကွက်တွင်မိမိပါဝင်ရမည့်နေရာတစ်ခု သို့မဟုတ် မိမိလုပ်ငန်းပိုမိုအောင်မြင်စေရန် သို့မဟုတ် အကျိုးတူ စီးပွားရေးလုပ်ငန်းလုပ်ကိုင်နိုင်စေရန် အကြံကောင်းတစ်ခုထွက်ပေါ်လာစေရန် ရည်ရွယ်ရင်းဖြင့်လည်းကောင်း၊ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်အနေဖြင့်လည်း တက်ကြွစွာကူညီဖြေရှင်းပေးနေမှုသည် လုပ်ငန်းလုပ်ဆောင်ရာတွင်ပိုမိုထိရောက်စွာအထောက်အကူဖြစ်စေရေးရည်သန်၍ ဤဆောင်းပါးကို ရေးသားရခြင်းဖြစ်သည်ဟု မှတ်ယူစေလိုပါသည်။

## အိမ်နီးချင်းနိုင်ငံအချို့တွင် ကျင့်သုံးသောနိုင်ငံခြား ရင်းနှီးမြှုပ်နှံသူများအတွက် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာစီစဉ်ပေးမှုများ

ဤအပိုင်းတွင် အိမ်နီးချင်းနိုင်ငံအချို့တွင် နိုင်ငံခြားမှ ရင်းနှီးမြှုပ်နှံမည့် လုပ်ငန်းရှင်များကို အပြိုင်အဆိုင်ယှင်းနိုင်ငံများတွင် ဆွဲဆောင်မှုများပြုလုပ်နိုင်ရန်အတွက် မြေငှားရမ်းမှုဆိုင်ရာ အခက်အခဲများကို မရှိစေရန်နှင့် နိုင်ငံ၏ ရင်းနှီးမြှုပ်နှံမှုဆောင်ရွက်ပေးသည့်အဖွဲ့မှ ရင်းနှီးမြှုပ်နှံမှုဝင်ပေါက်ပီသစွာ လမ်းညွှန်မှု၊ ဆက်သွယ်ပေးမှုများနှင့် မြေဆိုင်ရာ ကမ်းလှမ်းထားသော အခွင့်အရေးအချို့ကို တင်ပြဆွေးနွေးမည်ဖြစ်သည်။

ကမ္ဘာ့စီးပွားရေးအရ အရှိန်အဟုန် ဒုတိယနေရာတွင်ရှိသော တရုတ်ပြည်သူသမ္မတနိုင်ငံ၏ ရင်းနှီး မြှုပ်နှံမှုဆိုင်ရာ ကမ်းလှမ်းမှုများကိုကြည့်မည်ဆိုလျှင် တရုတ်နိုင်ငံသည် ထုတ်လုပ်မှုလုပ်ငန်းများ ကောင်းစွာ မဖွံ့ဖြိုးခင်ကာလများက နိုင်ငံတိုးတက်မှုပေါ် အခြေခံ၍ ဈေးကွက်စီးပွားရေးစနစ်ကို ပုံဖော်ခဲ့သည့်နည်းတူ ပြည်သူတို့၏ အမှန်တကယ်လိုအပ်ချက်ကို မူတည်၍ စားသောက်နေထိုင်မှုစနစ်၊ နေရာလွတ်များတွင် စနစ်တကျ စိုက်ပျိုးမွေးမြူစနစ်များနှင့် နိုင်ငံခြားရင်းနှီးမြှုပ်နှံသူများနှင့် ပြည်တွင်းအသေးစား၊ အလတ်စားလုပ်ငန်းရှင်များအတွက် တရုတ်ပြည်နယ်တိုင်းတွင် စက်မှုဇုန်များ၊ စီးပွားရေး အထူးဇုန်များကို ဖွံ့ဖြိုးတိုးတက်ရန် ကနဦးလုပ်ဆောင်ပေးခဲ့သည်ကို တွေ့ရှိရပေသည်။

ထို့ကြောင့် တရုတ်နိုင်ငံ၏ ရင်းနှီးမြှုပ်နှံမှုပုံစံကိုပါ အမှန်တကယ်လေ့လာရန် လိုအပ်မည်ဖြစ်သည်။ ဖွံ့ဖြိုးဆဲနိုင်ငံဖြစ်လာနိုင်ရန် ပြည်သူအားလုံးလောက်သော စားဝတ်နေရေးဖြစ်ပေါ်လာရန် တရုတ်အနေဖြင့် ခိုင်မာသော စီးပွားရေးမူဝါဒအပြင် ပြည်နယ်များအား ကိုယ်ပိုင်ဆုံးဖြတ်ပိုင်ခွင့် လုပ်ကိုင်ခွင့်အား ဒုတိယညွှန်ကြားရေးမှူးချုပ်အဆင့်အားထားရှိ လုပ်ဆောင်စေသည်ကို တွေ့ရှိရ မည်ဖြစ်သည်။ တရုတ်နိုင်ငံ၏အဓိက အားသာချက်များကို တင်ပြရမည်ဆိုလျှင် ရင်းနှီးမြှုပ်နှံမှုများ မဖိတ်ခေါ်မီ ကာလကတည်းက နိုင်ငံတွင်းရှိ အသေးစားစီးပွားရေးလုပ်ငန်းများအား လုပ်ငန်းတူရာစုစည်း၍ အုပ်စုကုမ္ပဏီကြီးများအဖြစ် အသွင်ကူးပြောင်းစေသည့်အပြင် အလတ်စားလုပ်ငန်းရှင်များအား ပြည်ပမှ ရင်းနှီးမြှုပ်နှံသူများနှင့် ဖက်စပ်စီးပွားရေး လုပ်ကိုင်နိုင်ရန် ပြင်ဆင်ထားခဲ့ခြင်းဖြစ်သည်။ ထို့အပြင် ရင်းနှီးမြှုပ်နှံမည့်သူများ လာရောက်ချိန်တွင် လိုအပ်သည့် မြေအကျယ်အဝန်းအလိုက် ချထားလမ်းညွှန်ပေးနိုင်ရန်နှင့် ဖက်စပ်လုပ်ကိုင်လိုသည့် လုပ်ငန်းရှင်များကို အဆင်သင့်လမ်းညွှန်ပေးနိုင်ခြင်းအပြင် နှစ်ရှည်မြေငှားရမ်းမှုအား ကနဦး သုံးဆယ်နှစ်နှင့် ဆယ်နှစ်သက်တမ်းတိုး နှစ်ကြိမ်ကို ချထားပေးရန်ခွင့်ပြုထားပြီး နေထိုင်နိုင်ရန် ကွန်ဒို ငှားရမ်းနိုင်ခြင်းအတွက် နှစ်ဆယ်နှစ် ငှားရမ်းခွင့်ကိုပါ ချထားပေးခြင်းများ ပြုခဲ့သည်ကို တွေ့ရှိရမည်။ ၎င်းအပြင် ထူးခြားသည်မှာ နိုင်ငံခြား ရင်းနှီးမြှုပ်နှံသူများအနေဖြင့် ၎င်းတို့၏ နည်းပညာနှင့် ကုန်အမှတ်တံဆိပ်တို့အား မှတ်ပုံတင်ထားခွင့်အပြင် နည်းပညာ အမှန်တကယ်ပေးဆောင်ရသည့် နည်းလမ်းသုံးခြင်းဖြင့် တရုတ်စီးပွားရေးလုပ်ငန်းရှင်ကို ပံ့ပိုးပေးခဲ့ခြင်းနှင့် ငွေကြေးအင်အားနည်းသော တရုတ်လုပ်ငန်းရှင်များကို လုပ်ငန်းတင်ပြချက်အပေါ် မူတည်၍ နိုင်ငံတော်ဘဏ်မှာအတိုးချိုသာစွာဖြင့် ငွေကြေးထုတ်ချေးခြင်းများ ပြုလုပ်ပေးသည်ကို လေ့လာသိရှိရပေသည်။

ထိုင်းနိုင်ငံရှိ ရင်းနှီးမြှုပ်နှံသူများအပေါ် ဆွဲဆောင်မှုလုပ်ငန်းများလုပ်ဆောင်ရာတွင် နိုင်ငံအတွင်း နှစ်ရှည်မြေငှားရမ်းနိုင်ရန်အတွက် လာရောက်စုံစမ်းမှုပြုသည်နှင့် မည်သည့်မြေတွင် ငှားရမ်းလိုသည်ကို ချက်ချင်းလမ်းညွှန်မှုပြုပေးနိုင်သည့်အပြင် ထူးခြားချက်မှာ ရင်းနှီးမြှုပ်နှံသည့်ကာလတလျှောက်လုံး ယင်းမြေကို ပိုင်ဆိုင်နိုင်ခွင့်ပေးထားပြီး ရင်းနှီးမြှုပ်နှံမှုရပ်ဆိုင်းပြီး ပြန်လည်ထွက်ခွာသည့်အခါ ပိုင်ဆိုင်ထားသည့် မြေအားနိုင်ငံတော်သို့ အပ်နှံပြီးမှသာ ထွက်ခွာခွင့်ရှိသည်ကို တွေ့ရပေမည်။ ညီမျှသော တန်ဖိုးသတ်မှတ်ချက်တစ်ခုဖြင့် မြေတန်ဖိုးတွက်ချက်ပေးချေသည်ကိုလည်း တွေ့ရှိရသည်။ ထိုသို့လုပ်ဆောင်ခြင်းသည်ရင်းနှီးမြှုပ်နှံသူများအတွက် ပိုမိုယုံကြည်မှု တိုးပွားစေသည်ကို တွေ့ရမည်ဖြစ်ပြီး ယုံကြည်စိတ်ချစွာဖြင့် လုပ်ငန်းရှင်များက လုပ်ဆောင်နိုင်မည်ဖြစ်သကဲ့သို့ မိမိနိုင်ငံတွင်း ရင်းနှီးမြှုပ်နှံမှုများကို ရေရှည်ဆုပ်ကိုင်ထားသကဲ့သို့ ဖြစ်သည့်အပြင် ခိုင်မာသော အလုပ်အကိုင်အခွင့်အလမ်းများစွာကို သေချာပေါက် ဖန်တီးပေးရာကြပါသည်။

ယျေဘုယျအားဖြင့် ဥပမာပေး ထပ်မံတင်ပြရမည်ဆိုလျှင် အိန္ဒိယနိုင်ငံအနေဖြင့် ရင်းနှီးမြှုပ်နှံသူများအား မက်လုံးပေးဆွဲဆောင်ရာတွင် နှစ်ရှည်မြေငှားရမ်းသုံးစွဲ ခွင့်ရရှိသည့် ရင်းနှီးမြှုပ်နှံသူများအား လျှပ်စစ်မီးသုံးစွဲခွင့်ကိုပါ မီတာခကင်းလွတ်ခွင့် ၂နှစ်ပေး၍ ပြည့်စုံသော ကမ်းလှမ်းမှုများကိုပြု၍ ဆွဲဆောင်လျက်ရှိနေသည်ကို တွေ့ရှိရမည်ဖြစ်သည်။ ထို့အပြင် အိန္ဒိယနိုင်ငံသည် လူဦးရေမွေးဖွားနှုန်းကို ထိန်းချုပ်ထားခြင်းမရှိပဲလူငယ်၊ လူလတ်ပိုင်းအရွယ်များကို အသက်မွေးဝမ်းကျောင်း ပညာသင်ကျောင်းများမှတစ်ဆင့် သက်မွေးပညာများကိုရင်းနှီးမြှုပ်နှံမှုလာရောက်သည့် ကုမ္ပဏီကြီးများမှ ပြဋ္ဌာန်းထားသော တာဝန်ယူမှုရှိသော လူမှုစီးပွားရေး စီမံချက်ဥပဒေနှင့်အညီ လုပ်ဆောင်ပေးသည့် သင်တန်းများ၊ ဆွေးနွေးပွဲများမှတဆင့် လူသားအရင်းအမြစ် ဖွံ့ဖြိုးမှုကို ပြန်လည်တည့်မတ်သည့်စနစ်ဖြင့် ထိန်းချုပ်လုပ်ဆောင်၍ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများကို မိမိပြည်တွင်းမှ မထွက်ခွာနိုင်စေရန် ဆွဲဆောင်ထားသည်ကို တွေ့ရှိရသည်။

ထို့အတူ မလေးရှားနိုင်ငံတွင်လည်း တာဝန်ယူမှုရှိသော စီးပွားရေးလုပ်ငန်းများအား နှစ်ရှည်မြေအသုံးပြုခွင့် အပါအဝင် လုံလောက်သော မြေဧရိယာရရှိနိုင်ရေးကို တပါတည်းလုပ်ဆောင်လမ်းညွှန်မှုပေးနိုင်သည်ကို တွေ့ရှိရမည်ဖြစ်သည်။ လာအိုနိုင်ငံသည်ပင် ကုန်းတွင်းပိတ်နိုင်ငံဖြစ်သော်လည်း ယင်းနိုင်ငံတွင် လာရောက်ရင်းနှီးမြှုပ်နှံမည့် လုပ်ငန်းရှင်များအတွက် နှစ်ရှည်မြေငှားရမ်းအသုံးပြုခွင့်ကို ခွင့်ပြုထားပြီး နိုင်ငံတော်မှ ပံ့ပိုးမှုများပြုလျှက်ရှိနေသည်ကို တွေ့ရှိရမည်ဖြစ်သည်။ ထို့အပြင်ဗီယက်နမ်နိုင်ငံတွင်လည်း ရင်းနှီးမြှုပ်နှံမှုဘုတ်အဖွဲ့အနေဖြင့် ယင်းနိုင်ငံသို့ လာရောက်ရင်းနှီးမြှုပ်နှံသူများအား မြေဆိုင်ရာအခက်အခဲလုံးဝမရှိရလေအောင် မြေအမျိုးအစားအလိုက် ရင်းနှီးမြှုပ်နှံမှုလုပ်ဆောင်မည့်လုပ်ငန်းအလိုက် ကိုယ်တိုင်လိုက်ပါ၍ မြေအနေအထား၊မြေဈေးနှုန်း၊လျှပ်စစ်မီးအခြေအနေပါ မကျန်ရလေအောင်လမ်းပြညွှန်ကြားပြသသည်ကိုတွေ့ရှိရမည်ဖြစ်သည်။

နိုင်ငံတစ်နိုင်ငံတိုးတက်မှုသည် နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုရှိမှသာ ဖွံ့ဖြိုးတိုးတက်နိုင်မည်ဖြစ်သည်။ ယင်းဖွံ့ဖြိုးတိုးတက်မှုအား ယုတ်လျော့စေသော အကြောင်းရင်းများစွာ ရှိသော်လည်းဖွံ့ဖြိုးဆဲနှင့် ဖွံ့ဖြိုးပြီးမည်သည့်နိုင်ငံတွင်မဆို မူလဖွံ့ဖြိုးမှုလုပ်ဆောင်သည့် ကာလတွင်မူ လျစ်လျူရှုလုပ်ဆောင်ခဲ့ကြသည်ကို တွေ့ရှိနိုင်သည်။ နိုင်ငံစီးပွားရေးခိုင်မာလာသည်ထိ လိုက်လျော အကြိုက်ဆောင်ပေးခဲ့သည်ကို တွေ့ရှိရမည်ဖြစ်သည်။ မည်သို့ပင်ဆိုစေ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံအနေဖြင့်လည်း ဖွံ့ဖြိုးဆဲအနိမ့်ဆုံးအခြေအနေမှ ဖွံ့ဖြိုးဆဲအနေအထားကူးပြောင်းဆဲကာလတွင် ခြေလှမ်းသင့်သည်များစွာကိုတွက်ဆ၍ ဖြေလျော့မှုများပြုလုပ်၍ ရင်းနှီးမြှုပ်နှံသူများကို မက်လုံးပေးဆွဲဆောင်မှုနှင့် လမ်းညွှန်နိုင်မှုများ ပြုလုပ်ရန်မလွဲမသွေ လိုအပ်နေပြီလည်းဖြစ်သည်။

## ဆွေးနွေးခြင်းနှင့် အကြံပြုတင်ပြခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံအတွင်း ရင်းနှီးမြှုပ်နှံသူတို့အဖို့ အဓိကစိန်ခေါ်ချက်မှ ရင်းနှီးမြှုပ်နှံမည့် မြေနေရာရှာဖွေခြင်းနှင့် မိတ်ဖက်ပြုလုပ်မည့် ဖက်စပ်အကျိုးတူပူး ပေါင်းမည့်သူ ရှာဖွေခြင်းဟု ယနေ့အချိန်ထိ နိုင်ငံခြားရင်းနှီးမြှုပ်နှံသူ အများစုကပြောလေ့ရှိပြီး ရင်းနှီးမြှုပ်နှံမှုကော် မရှင်အနေဖြင့်လည်း လက်ရှိအချိန်ထိ နိုင်ငံတကာ ရင်းနှီးမြှုပ်နှံရေးအဖွဲ့အစည်းများကဲ့သို့ လမ်းညွှန်မှုပြုရာတွင် အားနည်းချက်တစ်ခုအဖြစ် တည်ရှိနေဆဲဖြစ်သည်။

လက်ရှိမြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုဥပဒေအောက်တွင် ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေးလုပ်ငန်းများကို အမိန့်ကြော်ငြာစာ ၁၃/၂၀၁၇ ဖြင့်ထုတ်ပြန်ထားခဲ့သည့်အလျောက် အပိုင်းကြီး ၄ ပိုင်းတွင် အဓိကမြှင့်တင် ရန်ရည်ရွယ်ထားသည်ကို တွေ့ရှိရသည်။ ထို့အတူ တိုင်းဒေသကြီး၊ ပြည်နယ်များရှိ မြို့နယ်အလိုက် ဝင်ငွေခွန်ကင်းလွတ်ခွင့် ကမ်းလှမ်းချက်များဖြင့် ဇုန်အဆင့်သတ်မှတ်ချက်များကိုလည်း ဖွံ့ဖြိုးတိုးတက်မှုဇုန်များအဖြစ် အမိန့်ကြော်ငြာစာ ၁၀/၂၀၁၇ ဖြင့်ထုတ်ပြန်ထားပြီးဖြစ်သည်။

ထုတ်ပြန်ထားသောကမ်းလှမ်းချက်များကို ရင်းနှီးမြှုပ်နှံသူများမှ သဘောကသော်လည်း အဓိက စိန်ခေါ်ချက်မှာ ရင်းနှီးမြှုပ်နှံမည့်မြေရရှိရေးဖြစ်နေပြန်သည်။ လုပ်

နှင်းရှင်အများစု၏ ရင်ဖွင့်ချက်အရ မြန်မာနိုင်ငံသည် ရင်းနှီးမြှုပ်ပ်နှံမှုလုပ်ငန်းများကို ဖိတ်ခေါ်သည်ဟု အကြိမ်များစွာဆိုသော်လည်း မြေနှင့်ပတ်သက်၍ ခွင့်ပြုချက်မပြုခြင်းသည် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများကို တွန်းကန်နေသည်နှင့်တူသည်ဟု မှတ်ချက်ပေးကြသည်ကို တွေ့ရှိရသည်။ လက်ရှိမြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုဥပဒေအရ စက်မှုဇုန်မြေများအသုံးပြု၍ ရင်းနှီးမြှုပ်နှံမှုလုပ်ဆောင်မည်ဆိုပါက မည်သည့်သဘောထားမှတ်ချက်မှ တောင်းခံခြင်းမပြုတော့ဘဲ စက်မှုဇုန်ပြင်ပတွင် လုပ်ကိုင်မည့်လုပ်ငန်းများကိုသာ သက်ဆိုင်ရာဒေသအလိုက်အလုပ်လုပ် ရက်ဆယ်ရက်အတွင်း သဘောထားပြန်လည်ပေးပို့ရန် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်အနေဖြင့် တောင်းခံခြင်းသာရှိသည်ကို တွေ့ရမည်။ သို့ရာတွင် ထုထည်ကြီးမားသည့် လုပ်ငန်းကြီးများအနေဖြင့် ရာခိုင်နှုန်းပြည့် ရင်းနှီးမြှုပ်နှံမှုပြုလုပ်နိုင်သည့် လုပ်ငန်းလုပ်ဆောင်မည်ဆိုပါက ရင်းနှီးမြှုပ်နှံသည့်မြေနေရာရရှိရန် သို့မဟုတ် ဖက်စပ်လုပ်ငန်းပြုလုပ်မည့် မြန်မာလုပ်ငန်းရှင် ရှာဖွေရန် သို့မဟုတ် ဝန်ကြီးဌာနအောက်ရှိ စက်ရုံများအားယှဉ်ပြိုင်လျှောက်ထား၍ အကျိုးတူလုပ်ကိုင်နိုင်မည့် အခွင့်ရေးသာရှိနေမည် ဖြစ်သည်။

ရင်းနှီးမြှုပ်နှံမှုမြှင့်တင်နိုင်ရေးအတွက် လက်ရှိအကောင်အထည်ဖော်ဆောင်နေသော အထူးစီးပွား ရေးဇုန်များအနေဖြင့်လည်း တည်ဆောက်ထားသည့်နေရာများကို လေ့လာမည်ဆိုလျှင် ပင်လယ်ထွက်ပေါက် ဆိပ်ခံရှိသော သွင်းကုန်/ထွက်ကုန်လုပ်ငန်းလုပ်ဆောင်နိုင်သော အရပ်ဒေသများတွင် တည်ရှိနေသည်ကို သတိပြုနိုင်ပေသည်။ အထူးစီးပွားရေးဇုန်များကို လေ့လာလျှင် ဂျပန်၊ ထိုင်း၊ တရုတ်နိုင်ငံတို့မှ အခြေချလုပ်ကိုင်သူများအတွက် လွယ်ကူစေသော်လည်း တားဆီးထားသော အခက်အခဲများစွာရှိနေသည်ကို တွေ့ရမည်ဖြစ်သည်။ ဥပမာဆိုရလျှင် ကျောက်ဖြူအထူးစီးပွားရေးဇုန်တွင် တင်ဒါအောင်မြင်ခဲ့သည့် CITIC ကုမ္ပဏီသည် ကြီးမားသောတရုတ်ကုမ္ပဏီဖြစ်ပြီး အထူးစီးပွားရေးဇုန်တည်ထောင်သည့် အတွေ့အကြုံရှိသည် မှန်သော်လည်း တရုတ်နိုင်ငံရှိ အားပြိုင်ကုမ္ပဏီအုပ်စုများအနေဖြင့် ယင်းစီးပွားရေးဇုန် ဝင်ရောက်နိုင်ရန် အခွင့်နည်းပါးသွားသည်ကို တရုတ်စီးပွားရေးလုပ်ငန်းရှင်များအကြား အတော်ပင် ဂယက်ရိုက်ခတ်ခဲ့ပေသည်။ ထိုနည်းတူစွာ အထူးစီးပွားရေးဇုန်တည်ထောင်ခွင့် ရရှိသည့် ကုမ္ပဏီနှင့် ဆက်နွယ်ပတ်သက်သည့် ကုမ္ပဏီများအတွက်သာ ပိုမိုအလေးသာသော ရင်းနှီးမြှုပ်နှံခွင့်ရရှိကြသည့် ယင်းနိုင်ငံအတွင်းပိုင်း စိန်ခေါ်မှုအချို့ရှိနေဆဲဖြစ်ပြီး ထိုသို့သော အားနည်းချက်သည်ပင် မြန်မာနိုင်ငံအတွက် အားသာချက်တစ်ခုဖြစ်စေပြီးနိုင်ငံတကာမှ စီးပွားရေးလုပ်ငန်းရှင်များ ရင်းနှီးမြှုပ်နှံမှုပြုလုပ်နိုင်မည့် အထူးစီးပွားရေးဇုန်များနှင့် စက်မှုဇုန်များဆက်လက် တည်ထောင်ခွင့်ကို နိုင်ငံတော်မှရွေးချယ်သတ်မှတ်ပေးရန် လိုအပ်ပေသည်။

ထို့အတူ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်သည် နိုင်ငံတော်၏စီးပွားရေးဝင်ပေါက်တံခါး ဖြစ်သည်နှင့်အညီနိုင်ငံတကာမှ ရင်းနှီးမြှုပ်နှံမှုပြုလုပ်လိုသည့် လုပ်ငန်းရှင်များအားအတည်ပြုမိန့်နှင့် ခွင့်ပြုမိန့် လျှောက်ထားမှုအဆင့်ဆင့်ရှင်းလင်းခြင်းနှင့် ပေါင်းစပ်ညှိနှိုင်းပေးမှုများကို လက်ရှိအနေအထားအရ လမ်းညွှန်မှုပြုနေသော်လည်း ထိရောက်သော အတိုင်းအတာအရကူညီနိုင်မှုတွင် အားနည်းချက်အဖြစ် တည်ရှိနေဆဲဖြစ်သည့် နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုအဖွဲ့အစည်းများကဲ့သို့ နိုင်ငံအတွင်း နှစ်ရှည်ရင်းနှီးမြှုပ်နှံမှုပြုလုပ်မည့် နိုင်ငံတကာမှ စီးပွားရေးလုပ်ငန်းရှင်များအတွက် လုပ်ငန်းဆိုင်ရာ အချက်အလက်များနှင့် သင့်လျော်သည့် မြေနေရာများကို အဆင်သင့်လမ်းညွှန်ဆောင်ရွက်ပေးနိုင်လျှင်သော်လည်းကောင်း၊ ဖက်စပ်ဆောင်ရွက်လိုသော လုပ်ငန်းရှင်များအား မြန်မာနိုင်ငံသားလုပ်ငန်းရှင်များနှင့် တချိန်တည်း မိတ်ဆက်ပေးပေါင်းစပ်ပေးနိုင်ရန် ဆောင်ရွက်ပေးနိုင်မည်ဆိုပါက လုပ်ငန်းရှင်များအတွက်ပိုမိုကူညီပံ့ပိုးပေးနိုင်မည်ဖြစ်ပါသည်။ လက်ရှိဖွံ့ဖြိုးတိုးတက်ဆုံး ရန်ကုန်တိုင်းဒေသကြီးရှိစက်မှုလုပ်ငန်းဇုန်များကို ပြန်လည်တွက်ဆကြည့်လျှင် မြောင်းတကာသံမဏိစက်မှုဇုန်တစ်ခုသာ စနစ်ကျစွာဖြင့် လုပ်ငန်းရည်ရွယ်ချက်နှင့်ကိုက်ညီသော စက်မှုဇုန်အဖြစ် တည်ရှိနေသည်ကိုတွေ့ရှိရမည်ဖြစ်ပြီး စနစ်ကျဆုံးဇုန်အဖြစ် မင်္ဂလာဒုံစက်မှုဇုန်ကိုသာအများစုက သတ်မှတ်ထားသည်ကိုတွေ့ရှိရပေမည်။ နိုင်ငံတကာရှိ စက်မှုဇုန်များအားလေ့လာကြည့်မည်ဆိုလျှင် သက်ဆိုင်သည့် လုပ်ငန်းအလိုက် စနစ်တကျရေဆိုးနှင့်

အညစ်အကြေးစွန့်ထုတ်မှု စနစ်များပါဝင်သည့် ဇုန်များတွေ့ရှိရမည်ဖြစ်ပြီး လူနေရပ်ကွက်နှင့် အလှမ်းကွာသော ကျယ်ပြန့်သည့် မြေဧရိယာတွင် တည်ထားကြသည်ကို တွေ့ရှိရမည် ဖြစ်သည်။ ထို့ကြောင့် ဆက်လက်ဖော်ထုတ်လုပ်ကိုင်ခွင့် ပေးမည့် စက်မှုဇုန်များကို လုပ်ငန်းအလိုက် ချထား လုပ်ဆောင်ပေးခြင်းဖြင့် လျှပ်စစ်မီးလိုအပ်ချက်များ၊ လိုအပ် သည့် တည်ဆောက်ရေးနှင့် ပို့ဆောင်ဆက်သွယ်ရေးလုပ်ငန်းများကို ထိထိရောက်ရောက် တွက်ချက်လုပ်ဆောင်နိုင်မည်ဖြစ်သည့်အပြင် နိုင်ငံတော်အတွက် အခွန်အကောက် ဆိုင်ရာလုပ်ငန်းများကိုလည်း စနစ်တကျ လျင်မြန်လွယ်ကူ စွာ လုပ်ဆောင်နိုင်မည်မှာမလွဲပေ။ ထို့အတူ မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်မှလည်း လမ်းညွှန်မှုပြုရာတွင် လည်းကောင်း၊ ကွင်းဆင်းစစ်ဆေးရာတွင်လည်းကောင်း ပိုမိုထိရောက်စွာ လုပ်ဆောင်နိုင်ပေမည်။

နိုင်ငံတော်မှ ဆက်လက်အကောင်အထည်ဖော်မည့် စက်မှုဇုန်များနှင့် မြေဧရိယာများကို သတ်မှတ် ထားရှိပြီးပါက မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်မှ အချိန်နှင့်တစ်ပြေးညီ ရင်းနှီးမြှုပ်နှံမှုပြုလုပ်မည့် လုပ်ငန်းရှင်များ ညွှန် ပြပေးနိုင်ရန် အချက်အလက်များ ရရှိထားရန်လိုအပ်ပြီး ဝန်ကြီးဌာနပိုင်အဌားချထားမည့် စက်ရုံများနှင့်ဖက်စပ်ဆောင်ရွက်ရန် ကမ်းလှမ်းထားသည့် မြန်မာနိုင်ငံသား လုပ်ငန်းရှင်များစာရင်းအား အဆင်သင့်ပြုစု၊ စုစည်းထားရပေမည်။

ထို့ကြောင့်မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ကော်မရှင်အနေဖြင့် မြန်မာနိုင်ငံအတွင်းရှိ အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းရှင်များ နည်းပညာနှင့် ငွေကြေးအထောက်အကူဖြစ်စေရန်၊ ထုတ်လုပ်မှုလုပ်ငန်းအပါအဝင် ရင်းနှီးမြှုပ်နှံမှုဖွံ့ဖြိုးရေးအတွက် မြှင့်တင်သည့် စီးပွားရေးလုပ်ငန်းများကို ထုတ်ကုန် မြှင့်တင်လုပ်ဆောင်နိုင်စေရန် ရည်ရွယ်၍ နှစ်ရှည်မြေငှားရမ်းခွင့်ပေးမည့် စက်မှုဇုန်များနှင့် တိုင်းဒေသကြီး ပြည်နယ်များတွင် စက်မှုလုပ်ငန်းများ လုပ်ဆောင်ရန်ရာထားသည့် မြေဧရိယာ နှင့်ကာလပေါက်ဈေးများကို အလွယ်တကူ လမ်းညွှန်မှုပေးခြင်းသည် နိုင်ငံခြား တိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုများကို အမှန်တကယ် ဖိတ်ခေါ်သည့်နည်းတူ လုပ်ငန်းရှင်များအား ယခင်ကာလများထက် ပံ့ပိုးမှုများပြုနိုင်မည်ဖြစ်ပြီး နိုင်ငံ့စီးပွားရေး အတွက်များစွာအထောက်အကူပြုနိုင်မည်ဖြစ်ပါကြောင်း ဆွေးနွေးအကြံပေးလိုပါသည်။

## နိဂုံး

၂၀၁၆ ခုနှစ် အောက်တိုဘာလ ၁၈ ရက်တွင် သတ်မှတ်ပြဋ္ဌာန်းကျင့်သုံးခဲ့သော မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုဥပဒေပါ ရင်းနှီးမြှုပ်နှံမှုပြုလုပ်နိုင်ရန် နှစ်ရှည်မြေငှားရမ်းသုံးစွဲခွင့်ဆိုင်ရာဖြေလျှော့မှုများနှင့် တိကျသည့်ဖော်ပြချက်များသည် နိုင်ငံတကာမှ ရင်းနှီးမြှုပ်နှံမည့်သူများအတွက် ရင်းနှီးမြှုပ်နှံမှုပြုလုပ်ရန် လွယ်ကူစွာ လုပ်ဆောင်နိုင်လာမည်ဖြစ်သည်မှာ မလွဲဧကန်ဖြစ်ပါသည်။

သို့ရာတွင် စနစ်ကျသော၊ တာဝန်ယူမှုရှိသည့် ထုထည်ကြီးမားသည့် ထုတ်လုပ်မှုလုပ်ငန်းများကို နိုင်ငံတွင်းခြေချလုပ်ကိုင်စေလိုပါလျှင် အထက်ဖော်ပြပါဆွေးနွေးတင်ပြချက်များအပြင် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ ခြေလှမ်းများလည်း ပိုမိုသွက်လက်ရန် လိုအပ်နေပြီဖြစ်ပါကြောင်း နိဂုံးချုပ်တင်ပြရင်း တာဝန်ယူမှုရှိသော တိုက်ရိုက်နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှုများဖြင့် အလုပ်အကိုင်အခွင့်အလမ်းများနှင့် နည်းပညာများတိုးတက်ရရှိလျက် ဆတက်ထမ်းပိုးတိုးတက်အောင်မြင်၍ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်ဆီသို့ ပြည်သူ့အစိုးရ၏ ဦးဆောင်မှု အောက်တွင်ပြည်သူနှင့်အတူ ချီတက်ရင်းပေါက်မြောက်အောင်မြင်နိုင်ပါစေကြောင်း လေးစားစွာ တင်ပြလိုက်ရပါသည်။

## ကျမ်းကိုးစာရင်း

(၁) နိုင်ငံခြားနှင့် မြန်မာနိုင်ငံသားရင်းနှီးမြှုပ်နှံမှု ဥပဒေ ၂၀၁၂
(၂) မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုဥပဒေ ၂၀၁၆
(၃) ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာန လုပ်ရှားမှုများ www.dica.gov.mm




# ကိုရီးယားသမ္မတနိုင်ငံ၏ လွတ်လပ်သောစီးပွားရေးဇုန်များ (KFEZ)

|ဒေါက်တာပင်လုံအေး|

လွတ်လပ်သောစီးပွားရေးဇုန်များ Free economic zones(FEZ)ဆိုသည်မှာ စီးပွားရေးအား လွတ်လပ်စွာ အကောင်အထည်ဖော်ဆောင်ရွက်မည့် နယ်မြေအဝန်းအဝိုင်း free economic territories (FETs)သို့မဟုတ် free zones (FZ)ဖြစ်ပြီး အထူးစီးပွားရေးဇုန်အမျိုးအစား special economic zone (SEZ) ဖြစ်ကာ နိုင်ငံအသီးသီးမှ လာရောက်စုဝေး၍ စီမံခန့်ခွဲအုပ်ချုပ်မှုနှင့် ကုန်သွယ်ရေး၊ ကူးသန်းရောင်းဝယ်ရေးလုပ်ငန်းများအား မိမိကိုယ်ပိုင်လုပ်ထုံးလုပ်နည်းများ၊ စနစ်များဖြင့်ဆောင်ရွက်ရန် ဒီဇိုင်းပြုထားသော နယ်ပယ်ဒေသဖြစ်သည်။

ထို့ပြင် FEZ တွင် စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရန် တွန်းအားပေးသောအနေဖြင့် အခွန်ပေးဆောင်ရမှုသည် အလွန်လျော့ပါးထားပြီး အချို့ FEZများတွင် အခွန်ပေးဆောင်ရန် မလိုအပ်ပေ။ ထို့ကြောင့် FEZများသည် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများအား ဆွဲဆောင်နိုင်ကာ နိုင်ငံတိုးတက်မှုအတွက် အဓိကကခန်းကဏ္ဍမှ ပါဝင်ပေသည်။ အဆိုပါ FEZ တွင် လွတ်လပ်စွာ ကုန်သွယ်နိုင်ရန်အတွက် ကမ္ဘာ့ ကုန်သွယ်ရေးအဖွဲ့ (WTO)မှ Subsidies and Countervailing Measures (SCM) သဘော တူညီချက်အားချမှတ်ပေးထားပြီး အခွန်ပေးဆောင်မှု စည်းမျဉ်းများ သည် သက်ဆိုင်ရာနိုင်ငံများမှ စိတ်တိုင်းကျ သတ်မှတ်ထားသောနှုန်းထားအတိုင်း လွတ်လပ်စွာဆောင်ရွက်နိုင်ပေသည်။

**KFEZ**

ကိုရီးယားသမ္မတနိုင်ငံသည် နိုင်ငံအသီးသီးမှ လာရောက်ရင်းနှီးမြှုပ်နှံကြသော စီးပွားရေးလုပ်ငန်းစုများအား သတင်းအချက်အလက်များစုစည်း၍ ကမ္ဘာ့ဈေးကွက်ဖြစ်တည်စေရေး၊ အာရှတိုက်၏ အရှေ့မြောက်ဖျားဒေသအား logistics၊ ငွေကြေးအရင်းအနှီး၊ လုပ်ငန်းများနှင့် သုတေသနနှင့် ဖွံ့ဖြိုးရေး လုပ်ငန်းများအား အားပေးမြှင့်တင်ရန် ရည်ရွယ်၍ ပစိဖိတ်သမုဒ္ဒရာ အနားသတ်ကမ်းခြေ စီးပွားရေး ရပ်ဝန်းမှတစ်ဆင့် ဥရောပ၊ အာရှတိုက်အား စံပြုအပ်သော စီမံခန့်ခွဲမှု ဝန်းကျင်ကောင်းဖန်တီးပေးနိုင်ရေးနှင့်

ကမ္ဘာ့ဗဟိုချက်ချာကျသည့် စက်မှုနိုင်ငံတည်ထောင်ရေးအတွက် အထူးပုံစံပြကြာ နိုင်ငံတစ်ဝှမ်းတွင် လွတ်လပ်သော စီးပွားရေးဇုန် Korea Free Economic Zones (KFEZ) များအား တည်ထောင်ခဲ့သည်။

၂၀၀၃ခု နှစ်တွင် Incheon FEZ အားစတင်အကောင်အထည်ဖော်ခဲ့ပြီး ယခုလက်ရှိတွင် Incheon FEZ အပါအဝင် Busan-Jinhae၊ Gwangyang Bay Area၊ Daegu၊ Gyeongbuk၊ Saemangeum၊ Gunsan၊ Yellow Sea၊ East Coast နှင့် Chungbuk စသော FEZ (၈)ခုသည် ကောင်းမွန်စွာ လည်ပတ်နေပြီဖြစ်သည်။

**Incheon FEZ**

အင်ချွန်းလွတ်လပ်သောစီးပွားရေးဇုန် (IFEZ) အား အနာဂတ်ကမ္ဘာ့ထိပ်တန်းစီးပွားရေးဇုန် (၃) ဇုန်တွင် ပါဝင်နိုင်ရန် ရည်ရွယ်တည်ထောင်ခဲ့သည်။ IFEZသည် ကိုရီးယားသမ္မတနိုင်ငံ အနောက်ဖက်ကမ်းခြေတွင် တည်ရှိပြီး ဆိုးလ်မြို့အနီး Songdo အပြည်ပြည်ဆိုင်ရာမြို့တော်တည်ရှိသည့် Yeonsu-gu ကျွန်း၊ Yeongjong ခရိုင်တည်ရှိသည့် Jung-gu ကျွန်းနှင့် Cheongna အပြည်ပြည်ဆိုင်ရာ မြို့တော်တည်ရှိသည့် Seo-gu ကျွန်းတို့ပါဝင်ပြီး ၁၃၂.၉၁ စတုရန်းကီလိုမီတာ ကျယ်ဝန်းသည်။ အဆိုပါ IFEZသည် တရုတ်၊ ဂျပန်ဈေးကွက်ကို ထိန်းချုပ်နိုင်ပြီး အာရှတိုက်၏ အရှေ့မြောက်ဖျားအား စီးပွားရေးအချက်အချာကျသော နယ်မြေတစ်ခုအဖြစ် ဆောင်ရွက်ရန်ရည်ရွယ်သည်။

IFEZ အားအခြေခံအဆောက်အအုံ ဖွံ့ဖြိုးတိုးတက်ရေးအဆင့်၊ စီမံကိန်းအကောင်အထည်ဖော်သည့်အဆင့် နှင့် စီမံကိန်းပြီးမြောက်သည့်အဆင့် စသောအဆင့် (၃) ဆင့်ဖြင့် အကောင်အထည် ဖော်ဆောင်ရွက် လျက်ရှိသည်။ အချိန်ကာလအားဖြင့် အခြေခံအဆောက်အအုံ ဖွံ့ဖြိုးတိုးတက်ရေး အဆင့်အား ၂၀၀၃ နှစ်မှ ၂၀၀၉ ခုနှစ်ထိဆောင်ရွက်ခဲ့ပြီး၊ စီမံကိန်းအကောင်အထည်ဖော်သည့်အဆင့်အား ၂၀၁၀ ခုနှစ်မှ ၂၀၁၄ ခုနှစ်ထိဆောင်ရွက်ကာ ၂၀၂၀ ပြည့်နှစ်တွင် စီမံကိန်းအား အဆုံးသတ်မည်ဖြစ်ပါသည်။

**Busan-Jinhae FEZ**

Busan.Jinhae FEZအား ၂၀၀၄ ခုနှစ်တွင် စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ပြီး Busan (Gangseo-gu) Gyeongnam (Jinhae)တွင် တည်ရှိကာ ၅၂.၈၉ စတုရန်းကီလိုမီတာ ကျယ်ဝန်းသည်။ စီမံကိန်းအား ၂၀၂၀ ပြည့်နှစ်ထိ အကောင်အထည်ဖော်ဆောင်ရွက်မည်ဖြစ်ပြီး Complex logistics လုပ်ငန်းများ၊ High-techနှင့် မြို့သစ်အဖြစ်တည်ထောင်မည်ဖြစ်ကာ အပန်းဖြေနားနေစခန်းနှင့် ပင်လယ်ကမ်းခြေ အားလပ်ရက်အပန်းဖြေစခန်းများတည်ဆောက်ရန်ရည်ရွယ်သည်။

**Gwangyang bay area FEZ**

Gwangyang bay area FEZ အား ၂၀၀၄ ခုနှစ်တွင် စတင်ခဲ့သည်၊ အကျယ်အဝန်းအားဖြင့် ၇၇.၆၉ စတုရန်းကီလိုမီတာ ကျယ်ဝန်းကာ Jeonnam (Yeosu, Suncheon, Gwangyang) Gyeongnam (Hadong) တွင်တည်ရှိသည်။ စီမံကိန်းအား ၂၀၂၀ ခုနှစ်ထိ အကောင်အထည် ဖော်ဆောင် ရွက်မည်ဖြစ်ပြီး Logistics လုပ်ငန်းများ၊ ကုန်ထုတ်လုပ်ရေးလုပ်ငန်းများ၊ ကမ်းလွန်ရေနံတူးဖော်ရေးလုပ်ငန်းများ၊ ခရီးသွားလုပ်ငန်းနှင့် အပန်းဖြေစခန်းများ အကောင်အထည်ဖော်ဆောင်ရွက်မည်ဖြစ်သည်။

**Yellow Sea FEZ**

Yellow Sea FEZ အား ၂၀၀၈ ခုနှစ်တွင် စတင်ခဲ့ပြီး Cheongnam (Dangjin, Asan, Seosan, Gyunggi, (Pyungtaek, Hwasung)တွင် တည်ရှိကာ ၄.၃၉ စတုရန်းကီလိုမီတာ ကျယ်ဝန်းသည်။ စီမံကိန်းအား ၂၀၂၀ ပြည့်နှစ်အထိ အကောင်အထည်ဖော် ဆောင်ရွက်မည်ဖြစ်ပြီး မော်တော်ကား အစိတ်အပိုင်းထုတ်လုပ်ရေး၊ တစ်ပိုင်းလျှပ်ကူးပစ္စည်းထုတ်လုပ်ရေး၊ Liquid Crystal Diode (LCD)၊ စတီး၊ ရေနံနှင့်ဓာတုထုတ်ကုန် ပစ္စည်းများ အဓိကထားထုတ်လုပ်ရန်ရည်ရွယ်သည်။

**Daegu. Gyeongbuk FEZ**

၂၀၀၈ ခုနှစ်တွင် စတင်အကောင်အထည်ဖော်ခဲ့သော Daegu.Gyeongbuk FEZသည် Daegu, Gyeongbuk

(Gyeongsan, Yeongcheon, Pohang)တွင် တည်ရှိကာ ၁၉.၇၂ စတုရန်းကီလိုမီတာ ကျယ်ဝန်းသည်။ စီမံကိန်းကာလအား ၂၀၂၂ ခုနှစ်ထိ အကောင်အထည်ဖော် ဆောင်ရွက်မည်ဖြစ်ပြီး သယ်ယူပို့ဆောင်ရေး လုပ်ငန်းသုံးစက်ပစ္စည်းများ၊ အစိတ်အပိုင်းများ၊ Transportation Components IT အစိတ်အပိုင်းများအား တစ်နေရာတည်းတွင် ထုတ်လုပ်တပ်ဆင်ရန်ရည်ရွယ်ကာ ဆေးဝါးနှင့် ဆေးပစ္စည်းများအား အဓိက ထုတ်လုပ်ရန်ရည်ရွယ်သည်။

### Saemangeun. Gunsan FEZ

Saemangeun.Gunsan FEZ သည် Jeonbu (Gunsan, Buan)တွင်တည်ရှိကာ ၂၀၀၈ခုနှစ်မှ စတင်၍ အကောင်အထည်ဖော်ခဲ့ပြီး အကျယ်အဝန်းအားဖြင့် ၁၈.၇၀ စတုရန်းကီလိုမီတာကျယ်ဝန်းကာ ၂၀၂၀ ခုနှစ်ထိအကောင်အထည်ဖော်ဆောင်ရွက်မည့် စီမံကိန်းဖြစ်ကာ မော်တော်ကား ထုတ်လုပ်ရေး၊ ပင်လယ်ကူးသင်္ဘောတည်ဆောက်ရေး၊ စက်ပစ္စည်းနှင့် အစိတ်အပိုင်းများထုတ်လုပ်ရေး၊ ပြန်လည်ပြည့်ဖြိုးမြဲ စွမ်းအင်ထုတ်လုပ်ရေးနှင့် ခရီးသွားလုပ်ငန်းနှင့် အပန်းဖြေစခန်းဖွင့်လှစ်ရန် ရည်ရွယ်ပါသည်။

### East coast FEZ

East coast FEZ အား ၂၀၁၃ ခုနှစ်တွင်စတင်ခဲ့ပြီး Gangwon (Donghae, Gangneung)တွင် တည်ရှိကာ အကျယ်အဝန်းအားဖြင့် ၈.၉၅ စတုရန်းကီလိုမီတာ ကျယ်ဝန်းကာ High-tech အစိတ်အပိုင်းများနှင့် အသုံးအဆောင်များ၊ Logistics လုပ်ငန်းများ၊ သုတေသနနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းများ၊ ခရီးသွားလုပ်ငန်းနှင့် အပန်းဖြေစခန်းများ တည်ဆောက်ရန် ရည်ရွယ်၍ အကောင်အထည်ဖော်လျက်ရှိသည်။ စီမံကိန်းကာလမှာ ၂၀၂၄ ခုနှစ်အထိဖြစ်သည်။

### Chungbuk FEZ

Chungbuk FEZ သည် ၂၀၁၃ ခုနှစ်တွင် စတင်တည်ထောင်ခဲ့ပြီး Chungbuk(Cheongwon, Cheongju) တွင် တည်ရှိကာ အကျယ်အဝန်းအားဖြင့် ၉.၀၈ စတုရန်းကီလိုမီတာကျယ်ဝန်းသည်။ Chungbuk FEZ တွင် မော်တော်ကားအစိတ်အပိုင်းများ၊ IT ပစ္စည်းများ၊ လေကြောင်းလိုင်းများ အခြေစိုက် ခရီးသွားလုပ်ငန်းနှင့် အပန်းဖြေစခန်းဖွင့်လှစ်ခြင်း လုပ်ငန်းများအား အဓိကထားဆောင်ရွက်ရန်ရည်ရွယ်သည်။ စီမံကိန်းကာလမှာ ၂၀၂၀ ခုနှစ်ထိဖြစ်သည်။

## နိဂုံး

ကိုရီးယားသမ္မတနိုင်ငံအနေဖြင့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများ နိုင်ငံအတွင်းသို့ အရှိန်အဟုန်ဖြင့် စီးဝင်နိုင်ရေးအတွက် ဒေသအသီးသီးတွင် FEZ များ တည်ဆောက်ပေးကာ စက်ရုံတည်ဆောက်ရေး၊ စီမံကိန်းဖွံ့ဖြိုးတိုးတက်မှုလုပ်ငန်းစဉ်များအပါအဝင် တိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုများအတွက် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု မြှင့်တင်ရေး အက်ဥပဒေနှင့် FEZ ဆိုင်ရာဒီဇိုင်းနှင့် စီမံခန့်ခွဲရေး အက်ဥပဒေကို ချမှတ်ဆောင်ရွက်ခဲ့သည်။

ထို့ကြောင့် ၂၀၁၄ခုနှစ်မှစတင်၍ အပြည်ပြည်ဆိုင်ရာ စီးပွားရေးလုပ်ငန်းစုကြီးများဖြစ်သော GE နှင့် BMW စသည့် ကမ္ဘာကျော် ကုမ္ပဏီအပါအဝင် ကုမ္ပဏီပေါင်း ၂,၂၃၅ ခု လာရောက်ရင်းနှီးမြှုပ်နှံကြပြီး နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုမှာ အမေရိကန်ဒေါ်လာ ၉.၉၆ ဘီလီယံ ထိရရှိခဲ့သည်။ ထို့ပြင် ရင်းနှီးမြှုပ်နှံသူများ၏ ပညာရေး၊ ကျန်းမာရေးနှင့် ဘဝနေမှုအား အဆင့်မြင့်ဝန်ဆောင်မှုများ ဖြည့်ဆည်းမှုကြောင့် KFEZs သည် စီမံကိန်းကာလပြီးမြောက်သောအချိန်တွင် ကမ္ဘာ့ထိပ်တန်း FEZs အဖြစ်ရပ်တည် နိုင်အောင် အစွမ်းကုန်ဆောင်ရွက်လျက်ရှိနေပြီဖြစ်သည်။

## မှီငြမ်း

Korean Free Economic Zones: Future of Northeast Asia

http://www.ifez.go.kr/eng/en/m1/vision/screen.do

https://www.slideshare.net/QuESTGlobal/types-of-special-economic-zones

https://en.wikipedia.org/wiki/Korean_Free_Economic_Zone

http://www.fez.go.kr/global/en/index.do



# ဝန်ထမ်းကောင်းဆိုသည်

| ဒေါက်တာခိုင်ခိုင်ဝင်း |

နိုင်ငံတစ်နိုင်ငံအတွက် အဖွဲ့အစည်းကောင်းများ၊ အဖွဲ့အစည်းများအတွက် ဝန်ထမ်းကောင်းများ ထားရှိရေးသည် အလွန်အရေးကြီးပါသည်။ အလားတူ ကုမ္ပဏီအဖွဲ့အစည်းများ ကောင်းမွန်စွာလည်ပတ်နိုင်ရေးအတွက် ကုမ္ပဏီဝန်ထမ်းကောင်းများထားရှိရေးသည် အရေးကြီးပါသည်။ ယနေ့အချိန်တွင် လူ့စွမ်းအားအရင်းအမြစ် တည်ဆောက်ရေး (Capacity Building) ဆိုသည့် လူသားများ၏စွမ်းအားအရင်းအမြစ်များကို တည်ဆောက်ခြင်းနှင့် လူ့စွမ်းအား

အရင်းအမြစ် မြှင့်တင်ခြင်း(Capacity Enhancing)ဆိုသည့် ရှိပြီးသားလူ့စွမ်းအားအရင်းအမြစ် ပိုမို မြင့်တက်လာရေး အားသွန်ကြိုးပမ်းဖော်ဆောင်နေကြသည်ကို တွေ့မြင်နေရပါသည်။ မှန်ပါသည်။ လူသားစွမ်းအင် အရင်းအမြစ် အလုံအလောက်မရှိပါက လုပ်ငန်းတာဝန်များကို အောင်မြင်အောင်ဖော်ဆောင်နိုင်မှု၊ ဖွံ့ဖြိုးတိုးတက်မှုများ အကောင်အထည်ဖော်ဆောင်ရွက်ရေးတို့တွင် အားနည်းမှုများဖြင့် အချိန်လင့်စွာ ဆောင်ရွက်နေကြရမည်ဖြစ်သည်။

အဆိုပါအချက်ကို သတိပြုမိခဲ့ကြပြီးနောက် ယနေ့ကာလတွင် နိုင်ငံ့ဝန်ထမ်းများကိုလည်း လူ့စွမ်းအားများမြှင့်တင်နိုင်ရေးအတွက် နိုင်ငံတစ်ကာစံနှုန်းများနှင့်အညီ ပြည်တွင်း၊ ပြည်ပပညာရှင်များ ပို့ချသည့် သင်တန်းများတက်ရောက်စေခြင်းဖြင့်လည်းကောင်း၊ အလုပ်ရုံဆွေးနွေးပွဲများကျင်းပပေးခြင်းဖြင့်လည်းကောင်း၊ နိုင်ငံရပ်ခြားများသို့ ပညာတော်သင်များကာလတို၊ ကာလရှည်များစေလွှတ်၍လည်းကောင်း နည်းလမ်းစုံဖြင့် ဆောင်ရွက်နေကြသည်ကို အားရဖွယ်တွေ့မြင်နေရပါသည်။ ကုမ္ပဏီအဖွဲ့အစည်းများတွင်လည်း ဝန်ထမ်းများအတွက် သင်တန်းများဖွင့်လှစ်ခြင်း၊ နိုင်ငံရပ်ခြားများသို့ လေ့လာရေး သွားရောက်စေခြင်း၊ သင်တန်းများတက်ရောက်စေခြင်း နည်းလမ်းများဖြင့် ၄င်းတို့၏ ဝန်ထမ်းများ၏ စွမ်းဆောင်ရည်များမြင့်တက်လာရေး ဆောင်ရွက်လျက် ကုမ္ပဏီလုပ်ငန်းများ အောင်မြင်အောင် ဆောင်ရွက်နိုင်ရေး ကြိုးပမ်းလျက်ရှိကြသည်ကို တွေ့မြင်နေရပါသည်။

နိုင်ငံ့ဝန်ထမ်း တစ်နည်းအားဖြင့် ပြည်သူ့ဝန်ထမ်းများသည် ပြည်သူ့အရေးဆောင်ရွက်နေကြသည့် ပြည်သူများထဲမှ ပြည်သူများသာဖြစ်ကြပါသည်။ နိုင်ငံရေး၊ နိုင်ငံရေးပါတီများနှင့် မည်သို့မျှ မသက်ဆိုင်ဘဲ ဘက်လိုက်မှုမရှိဘဲ နိုင်ငံတော်မှချမှတ်ပေးသော မူဝါဒများကို အကောင်အထည်ဖော် ဆောင်ရွက်နေကြသူများ၊ ပြည်သူအတွက်ဝန်ဆောင်မှုပေးနေသူများဖြစ်ကြပါသည်။ နိုင်ငံတော်အစိုးရ၏ ရည်ရွယ်ချက် များဖြစ်သည့် ဒီမိုကရေစီဖက်ဒရယ်စနစ်ထွန်းကားရေး၊ ဈေးကွက် စီးပွားစနစ်ပီပြင်ရေး၊ ပြည်ထောင်စုငြိမ်းချမ်းရေးနှင့်ပြည်သူများ၏ လူနေမှုဘဝများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် အနီးကပ်ဝန်ဆောင်မှုပေးရသည့် နိုင်ငံ့ဝန်ထမ်းများ၏စွမ်းအားနှင့် စွမ်းဆောင်ရည်တို့သည် အလွန်အရေးကြီးသည့်အတွက် နိုင်ငံ့ဝန်ထမ်းများသည် စွမ်းဆောင်ရည် နှင့် စွမ်းအားများ အစဉ်တိုးတက်နေစေရန် အရေးကြီးပါသည်။

ဝန်ထမ်းများ စွမ်းဆောင်ရည်မြင့်မားရေးအတွက် ပြည်တွင်း၊ ပြည်ပသင်တန်းများ အမှန်တကယ် လိုအပ်ပါသည်။ သို့သော် သင်တန်းများတက်ရောက်ပြီးသည့် ဝန်ထမ်းများသည် ဝန်ထမ်းကောင်းများဖြစ်သွားပါရဲ့လား၊ စွမ်းဆောင်ရည်မြင့်ဝန်ထမ်းသည် ဝန်ထမ်းကောင်းဟုဆိုနိုင်ပါသလား၊ မိမိဌာန၊ မိမိကုမ္ပဏီအတွက် အရေးကြီးသည်မှာ စွမ်းဆောင်ရည်မြင့် ဝန်ထမ်းလား၊ ဝန်ထမ်းကောင်းလား၊ စွမ်းဆောင်ရည်လည်း မြင့် စိတ်ဓာတ်လည်း မြင့်မားသည့် ဝန်ထမ်းလားဆိုသည်ကို သိရပါမည်။

နိုင်ငံတစ်နိုင်ငံအတွက်၊ ဌာနအဖွဲ့အစည်းအတွက်၊ ကုမ္ပဏီများအတွက် စွမ်းဆောင်ရည်လည်းမြင့် စိတ်ဓာတ်လည်း မြင့်မားကောင်းမွန်သည့် ဝန်ထမ်းကောင်းများအမှန်တစ်ကယ်လိုအပ်ပါသည်။ ဝန်ထမ်းကောင်းဟူသည် စွမ်းဆောင်ရည်မြင့်နေ၊ တော်နေ၊ တတ်နေရုံနှင့်မရပါ၊ နှလုံးရည်လှ၍ ပင်ကိုစိတ်ကောင်းမွန်ပြီး ကျင့်ဝတ်လည်းကောင်းမွန်ဖို့ရာအရေးကြီးပါသည်။ တစ်နည်းအားဖြင့် ဝန်ထမ်းကောင်းဆိုသည်မှာ ဝန်ထမ်းများ(ပြည်သူ့ဝန်ထမ်း၊ နိုင်ငံ့ဝန်ထမ်း)၏ ကျင့်ဝတ်သိက္ခာများကို လေးစားလိုက်နာစောင့်ထိန်းသူ၊ မိမိတတ်သိကျွမ်းကျင်ရမည့်အရည်အချင်းများကို အမြဲ လေ့လာဆည်းပူး ဆောင်ရွက်နေသူဖြစ်ရမည့်အပြင် နိုင်ငံနှင့်ပြည်သူ့အကျိုးစီးပွားကို တာဝန်အရ မဟုတ်ပဲ စိတ်ရင်းစေတနာ အရင်းခံဖြင့် ဆောင်ရွက်သူများအားခေါ်ဆိုခြင်းဖြစ်ပါသည်။

နိုင်ငံ့ဝန်ထမ်းများကောင်းပါမှ နိုင်ငံကောင်းမည်ဖြစ်သလို ကုမ္ပဏီဝန်ထမ်းများကောင်းမွန်ပါမှ ကုမ္ပဏီကောင်းမည်လည်းဖြစ်ပါသည်။ မည်သည့်အဖွဲ့အစည်းမဆို ဝန်ထမ်းများ အထူးသဖြင့် ဝန်ထမ်းကောင်းများမရှိပါပဲ ကောင်းမွန်စွာ လည်ပတ်ဆောင်ရွက်နိုင်မည်မဟုတ်ချေ။ ဝန်ထမ်းဟုဆိုရာတွင် လုပ်ငန်းဌာနအတွင်း၊ အဖွဲ့အစည်းအတွင်း ပါဝင်လှုပ်ရှားဆောင်ရွက်သူအားလုံး ရာထူးကြီးငယ်မရွေးပါဝင်ပါသည်။ တစ်ဦးချင်းဝန်ထမ်းကောင်းများ

ဖြစ်ရန်လိုအပ်ပါသည်။ ခေါင်းဆောင်လုပ်သူ၊ ဦးဆောင်သူ၊ တာဝန်ပေးအပ်သူကိုယ်တိုင် ဝန်ထမ်းကောင်းဖြစ်ဖို့ရာ အရေးကြီးပါသည်။ ခေါင်းဆောင်ကောင်းရှိမှသာ နောက်လိုက်ကောင်းရှိမည်ဖြစ်သည်။ ခေါင်းဆောင်သူကိုယ်တိုင် ဝန်ထမ်းကောင်းအရည်အချင်းများမရှိပါပဲ မိမိနောက်လိုက်များအား ဝန်ထမ်းကောင်းဖြစ်အောင် တိုက်တွန်းနှိုးဆော်ရေး အခက်တွေ့မည်သာဖြစ်သည်။ ခေါင်းဆောင်သူ၊ ဦးဆောင်သူကိုယ်တိုင် ဝန်ထမ်းကျင့်ဝတ်သိက္ခာစောင့်စည်းလေးစားလိုက်နာဖို့ရာ အလွန်အရေးကြီးပါသည်။

မြန်မာနိုင်ငံနိုင်ငံ့ဝန်ထမ်းပြုပြင်ပြောင်းလဲမှုဆိုင်ရာ မဟာဗျူဟာစီမံချက် ထုတ်ပြန်ကြေညာသည့် အခမ်းအနားတွင်နိုင်ငံတော်၏ အတိုင်ပင်ခံမှ နိုင်ငံ့ဝန်ထမ်းများအတွက် လုပ်ငန်းလမ်းညွှန်အဖြစ် ပြောကြားခဲ့သည်များတွင် နီးစပ်သူတွေကို ဘက်မလိုက်ရေး သတိပြုရန်၊ ဘယ်လိုနောက်ခံအသိုင်းအဝိုင်းကဖြစ်ဖြစ် အတော်ဆုံးတွေ ပြည်သူ့ဝန်ထမ်းလောကအတွင်း ရောက်ရှိလာစေရန်၊ စိန်ခေါ်မှု အရှိဆုံးမှာ အဂတိလိုက်စားမှု၊ ဝန်ထမ်းကောင်းမှနိုင်ငံကောင်းမည် စသည့်အချက်များ ပါဝင်ခဲ့ပါသည်။ နီးစပ်သူတွေကို ဘက်မလိုက်ရေးနှင့် အဂတိလိုက်စားမှုပပျောက်ရေးတို့သည် ပုဂ္ဂိုလ်တစ်ဦးချင်းစီ၏ ကျင့်ဝတ်နှင့် သက်ဆိုင်ပါသည်။ ပုဂ္ဂိုလ်တစ်ဦးချင်း၊ ဝန်ထမ်းတစ်ဦးချင်း အဆိုပါအချက်များ ပပျောက်အောင် မလုပ်နိုင်ခဲ့လျှင် ဝန်ထမ်းကောင်းဟု မဆိုနိုင်ပါ။ သို့အတွက် ဝန်ထမ်းတစ်ဦးချင်း၊ တစ်ဦးချင်းစီသည် အဂတိတရား(၄)ပါးကင်းစင်အောင် ပြုမူကျင့်ကြံဖို့ရာ အရေးကြီးပါသည်။ အဂတိတရား(၄)ပါးရှိနေသည့် ဝန်ထမ်းသည် မည်သို့ပင် သင်တန်း များတက်ရောက်ပြီးမြောက်အောင်မြင်စေကာမူ၊ တော်နေ တတ်နေစေကာမူ နိုင်ငံအတွက်၊ ဌာနအတွက်၊ အဖွဲ့အစည်း အတွက် အမှန်တကယ်အားကိုးရသည့်ဝန်ထမ်းကောင်း ဟု မခေါ်ဆိုနိုင်ပေ။

ပါတီစုံဒီမိုကရေစီစနစ်တွင် ဝန်ကြီးများသည် ပြည်သူသို့ တာဝန်ခံသူများဖြစ်ကြပြီး ပြည်သူ့ဝန်ထမ်းများသည် ၎င်းတို့ဝန်ကြီးများအပေါ် တာဝန်ခံနိုင်မှုရှိသူများဖြစ်ရမည်ဖြစ်သည်။ တစ်ချိန်တည်းမှာပင် ပြည်သူမှ ရွေးချယ်ပေးလိုက်သော အစိုးရ၏ မူဝါဒများကို အကောင်အထည်ဖော်ဆောင်ရွက်ရမည့် သူများလည်း ဖြစ်ပါသည်။ ထိုသို့ အကောင်အထည်ဖော်ဆောင်ရွက်ရမည့်သူများ၊ တာဝန်ခံမှု၊ တာဝန်ယူမှု ရှိကြမည့် သူများသည် ဝန်ထမ်းအရည်အသွေး ပြည့်မီနေရန် လိုအပ်သလို ပြည်သူ့ဝန်ထမ်း၏ တန်ဘိုးကိုလည်း သိရှိရန် လိုအပ်ပါသည်။

အချုပ်ဆိုရလျှင် ဝန်ထမ်းကျင့်ဝတ်သိက္ခာနှင့်အညီ ပြုမူနေထိုင်ပြောဆိုပြီး ရှိသင့်ရှိထိုက်သည့် အရည်အချင်း စွမ်းဆောင်ရည်များ ပြည့်ဝနေသည့် ဝန်ထမ်းများသည်သာ နိုင်ငံတော်နှင့် နိုင်ငံတော်၏ စီးပွားရေး၊ လူမှုရေး၊ အုပ်ချုပ်ရေးတို့တွင် အောင်မြင်အောင်ဆောင်ရွက်နိုင်မည့် နိုင်ငံတော်အတွက် အမှန်တကယ်အား ဖြစ်စေမည့် ဝန်ထမ်းကောင်းများဖြစ်ပါကြောင်းနှင့် အမှန်တကယ် ပြည်သူ၏ အကျိုးစီးပွား ဖော်ဆောင်နိုင်မည့်သူ၊ ပြည်သူ၏ ယုံကြည်မှုကို ရယူပေးနိုင်သူသည် တော်နေတတ်နေ၊ အရည်အသွေး ပြည့်မီသည့် ဝန်ထမ်းမဟုတ် တော်နေတတ်နေ၊ အရည်အသွေးမြင့်ပြီး ဝန်ထမ်းကျင့်ဝတ်သိက္ခာနှင့် ပြည့်စုံသည့် ဝန်ထမ်းသည်သာဖြစ်ပါကြောင်း။

♦



# ပုဒ်မ ၃၆ နှင့် တိုင်းဒေသကြီး / ပြည်နယ် ရင်းနှီးမြှုပ်နှံမှုကော်မတီများ၏ အခန်းကဏ္ဍ

| ညီမောင် |

**နိဒါန်း**

မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုဥပဒေကို ၂၀၁၆ ခုနှစ် အောက်တိုဘာလ ၁၈ ရက်နေ့တွင် အတည်ပြုပြီးနောက်ပိုင်း သက်ဆိုင်သည့် နည်းဥပဒေများ၊ အမိန့်ကြော်ငြာစာများ အစီအရီ တသီတတန်းကြီးထွက်ပေါ်လာနေဆဲကာလဖြစ်သည်။ ထို့အတူ တိုင်းဒေသကြီး/ပြည်နယ်ရင်းနှီးမြှုပ်နှံမှု ကော်မတီများအနေဖြင့်လည်း ပေါ်ပေါက်လာခဲ့ပြီး အမိန့်ကြော်ငြာစာ(၂၅/၂၀၁၇)အရလုပ်ထုံးလုပ်နည်းများနှင့်အညီ ခရီးနှင်လျက်ရှိနေပြီလည်း ဖြစ်သည်။

သို့ရာတွင် တွက်ချက်စဉ်းစားရမည့်အချက်များတွင် နိုင်ငံအတွင်း ရင်းနှီးမြှုပ်နှံမှု ကဏ္ဍတွင် ထဲထဲဝင်ဝင် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုဥပဒေသစ်နှင့်အညီ လည်ပတ်နေပြီလော၊ သို့တည်းမဟုတ် ဥပဒေပါပြဋ္ဌာန်း ချက်အချို့ကပင် အလုပ်မဖြစ်အောင် ပြန်လည်စည်းနှောင်နေပြီလား၊ သုံးသပ်သင့်နေပြီလည်းဖြစ်သည်။ ပြဋ္ဌာန်းပြီး မကြာသေးသောဥပဒေသစ်ကြောင့် နိုင်ငံတကာမှ ကြိုဆိုလက်ခံခဲ့သည့်နည်းတူ မြန်မာနိုင်ငံအတွက် အကျိုးများ/မများအပေါ် တိုင်းတာမှု၊ အညွှန်းကိန်းပြဆိုမှုများ၊ တွက်ချက်မှုများ စဉ်ဆက်မပြတ်လေ့လာမှုများ ပြုလုပ်သင့်သည့်ကာလသို့ ချဉ်းနင်းရောက်ရှိလာပြီဖြစ်သည်။

မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်တွင် တင်ပြသည့် အဆိုပြုချက်နှင့်တိုင်းဒေသကြီး/ပြည်နယ်များ၏ သတ်မှတ်ချက်များထက် ကျော်လွန်သည့် အတည်ပြုမိန့် အရေအတွက်များ အမှန်တကယ် တိုးတက်လာနေပြီလား၊ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်တွင် အဆိုပြုချက်များ တင်ပြမှုနည်းပါး/များပြားလာပြီး တိုင်းဒေသကြီး/ ပြည်နယ်များတွင် အတည်ပြုမိန့်များစွာပေးနိုင်နေပြီလား၊ အမှန်တကယ်စိစစ်ကြရန်လည်း လိုအပ်နေပြီဖြစ်သည်။ အကယ်၍သာ အတည်ပြုမိန့်များ တိုင်းဒေသကြီး/ပြည်နယ်များတွင် များပြားစွာ စိစစ် ခွင့်ပြုနေပြီး မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်တွင်လည်း များပြား သို့မဟုတ် နည်းပါးနေခဲ့လျှင် ပုံမှန်နှုန်းဖြင့် ရင်းနှီးမြှုပ်နှံနေသည်မှာ အငြင်းပွားဖွယ်ရာ မရှိသော်လည်း တိုင်းဒေသကြီး/ပြည်နယ်ရင်းနှီးမြှုပ်နှံမှု ကော်မတီအပါအဝင် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှု ကော်မရှင်နှစ်ခုလုံးတွင် အဆိုပြုချက်များ၊ အတည်ပြုမိန့်များ တင်ပြလာမှုနည်းပါးနေသည်ဆိုပါမူ မြန်မာနိုင်ငံတွင်ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ စီးဝင်မှု အဘယ်မျှလျော့ပါးနေမည်နည်း။

ဤဆောင်းပါးတွင် တင်ပြလိုသည်မှာ အထက်ဖော်ပြပါ အချက်အလက်စစ်တမ်းများကို ထောက်ပြရုံသာ ထောက်ပြသွားမည်ဖြစ်ပြီး အပြုသဘောဆောင်၍ မြန်မာနိုင်ငံအတွင်းတာဝန်ယူမှုရှိသော ရင်းနှီးမြှုပ်နှံမှုများနိုင်ငံအနှံ့ လွယ်လင့်တကူကျယ်ပြန့်စွာ စီးဝင်လာစေရန်လိုအပ်ချက်ရှိနေသည်နှင့်အညီ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုဥပဒေပါ ပုဒ် မ ၃၆ ၏ သက်ရောက်မှုကြောင့် တိုင်းဒေသကြီး/ပြည်နယ် ရင်းနှီးမြှုပ်နှံမှုကော်မတီများ၏ ခက်ခဲစေမည့် အတည်ပြုလုပ်ငန်းများ ခွင့်ပြုပေးနိုင်မှုကို မီးမောင်းထိုးပြလိုသော ရည်ရွယ်ရင်းဖြင့် ဤဆောင်းပါးကိုရေးသားရခြင်းဖြစ်ပါသည်။

## ပုဒ်မ ၃၆ ပါပြဋ္ဌာန်းချက်များနှင့်ကော်မတီများ၏လုပ်ကိုင်ခွင့်ပြုနိုင်မှုများ

မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုဥပဒေကို ပြဋ္ဌာန်းပြီး ၂၀၁၇ ခုနှစ်၊ မတ်လ ၃၀ တွင် နည်းဥပဒေများကိုပါပြဋ္ဌာန်းလျက် သမိုင်းမှတ်တိုင်စိုက်ထူနိုင်ခဲ့ပြီး နိုင်ငံတကာမျက်နှာစာတွင်ပင် ပြုပြင်ပြောင်းလဲမှုလုပ်နိုင်သည့်အတွက် ထိုက်တန်သည့်ဆုကိုလည်း ကမ္ဘာ့ဘဏ်မှ မြန်မာနှင့် အီသီယိုးပီးယားနိုင်ငံတို့ကို ချီးမြှင့်ခဲ့သည်။

ပုဒ်မ ၃၆ ပြဋ္ဌာန်းဖော်ပြချက်တွင် စိတ်ဝင်စားစေသည့် အချက်မှာ ပုဒ်မ ၃၆ မှ တစ်ချက်ချက်ဖြင့် ငြိစွန်းနေသည့် အတည်ပြုလျှောက်ထားလွှာသည် တိုင်းဒေသကြီး/ပြည်နယ်ရင်းနှီးမြှုပ်နှံမှုကော်မတီများ အနေဖြင့် အတည်ပြုမိန့် အဖြစ် ပေးပိုင်ခွင့်မရှိပဲ မြန်မာနိုင်ငံရင်းနှီး မြှုပ်နှံမှုကော်မရှင်သို့ တိုက်ရိုက်တင်ပြကြရပေမည်။

ထိုသို့ဆိုလျှင် ဖက်ဒရယ်ကိုအခြေပြု ဖြည့်ဆည်းပေးမည့် မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုဥပဒေသည် အမှန်တကယ်အခွင့်အလမ်းများ ပေးရောပေးနိုင်ပြီလားဆိုသည်မှာ သံသယရှိစရာဖြစ်လာပေသည်။

မျက်မှောက်ခေတ် ဒီမိုကရက်တစ်နိုင်ငံရေးလူ့ဘောင်အောက်တွင် ရှင်သန်နေသော ဈေးကွက်စီးပွားရေးအရ မြန်မာနှင့်နိုင်ငံခြားသား ရင်းနှီးမြှုပ်နှံသူများအနေဖြင့် တိုင်းဒေသကြီး/ပြည်နယ်ကော်မတီများပေါ် ပေါက်လာပြီဖြစ်သည့်အလျောက် ပြည်နယ်အစိုးရ ဝန်ကြီးချုပ်များနှင့် သဘောတူညှိနှိုင်းချက်အရ ကော်မတီများတွင် အတည်ပြုလုပ်ငန်းအဖြစ်လျှောက်ထားနိုင်သည်မှန်သော်လည်း စင်စစ်အားဖြင့် ယင်းလုပ်ငန်းရှင်ကြီးများကိုယ်တိုင် တိုင်းဒေသကြီး/ပြည်နယ်များတွင် စီးပွားရေးကို ဖြန့်ကျဲလုပ်ဆောင်နေသည်ဖြစ်ကြရာ တစ်ခုထက်ပိုသော တိုင်းဒေသကြီး/ ပြည်နယ်များတွင် ရင်းနှီးမြှုပ်နှံခြင်းသည်

ပုဒ်မ ၃၆ နှင့် အကျုံးဝင်နေသည်ဖြစ်ရာ အတည်ပြု လျှောက်ထားလွှာအား မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံ မှုကော်မရှင်သို့သာတင်ပြရပေမည်။

ထိုနည်းတူစွာ ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ချက်ပြုလုပ်စေရာတွင် တိုင်းဒေသကြီး/ပြည်နယ်ရင်းနှီးမြှုပ်နှံမှု ကော်မတီ တွင် ခွင့်ပြုနိုင်သည့် မူဘောင်ကိုကျော်လွန်သည့် လုပ်ငန်းများ "ဥပမာ- EIA, Environmental Impact Assessment" လိုက်နာရေးဆွဲရ မည့်လုပ်ငန်းများအနေဖြင့်လည်း မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်ကိုသာ တင်ပြလျှောက်ထားကြရမည်ဖြစ်သည့်အတွက် လည်း ကော်မတီများတွင် တင်ပြလာသည့် အတည်ပြုလုပ်ငန်းအများစုအနေဖြင့် ပတ်ဝန်းကျင်ထိခိုက်မှု ဆန်းစစ်ချက်ဖြင့် ပင်ခွင့်ပြုပေးနိုင်ရန် ခက်ခဲသောအနေအထားသို့ ဆိုက်ရောက်နေပြန်သည်။ ထိုသို့ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှု ကော်မရှင်တွင် တင်ပြအတည်ပြုချက်ရယူရန် ခက်ခဲသည့်ကိစ္စမဟုတ်ဟု ဆိုရသော်လည်း စီးပွားရေးလုပ်ငန်းရှင်ကြီးများအဖို့ တိုင်းဒေသကြီး/ပြည်နယ်အစိုးရများနှင့် လူမှုဆိုင်ရာပြဿနာများ ကြုံဆုံရမည်ကို စိုးရိမ်ကြောင့်ကြ ကြပြန်သည်။

တိုင်းဒေသကြီး/ပြည်နယ်အများစု၏လက်ရှိအနေအထားများအရ 'ချွင်းချက်' ရန်ကုန်တိုင်းမှတစ်ပါး နှစ်ရှည်မြေငှားရမ်း၍ ရင်းနှီးမြှုပ်နှံ လိုသူများအတွက် ပုဂ္ဂလိကပိုင်မြေ၊ အခြားနည်းသုံးစွဲခွင့်ရမြေ၊ စက်မှုဇုန်ရမ်ပေါက်မြေများထက် စက်မှုဇုန်ဖြစ်လင့်ကစား အစိုးရပိုင်မြေအဖြစ် လည်းကောင်း၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနပိုင်မြေ၊ စည်ပင်ပိုင်မြေ၊ အခြားဝန်ကြီးဌာနပိုင်မြေများအဖြစ် တည် ရှိနေကြသည်က များလှသည်ဖြစ်ရာ နိုင်ငံပိုင်မြေအဖြစ် သတ်မှတ်ချက်မှာ ၉၉ ရာနှုန်းဖြစ်နေသည်ဟု ဆိုရပေမည်။ ထိုသို့ဆိုလျှင် အမိန့်ကြော်ငြာစာသတ်မှတ်ချက်အရ မြေ ငှားရမ်းကာလ ငါးနှစ်နှင့်အောက် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများအနေဖြင့် နိုင်ငံပိုင်မြေနှင့် အဆောက်အဦငှားရမ်းသုံး စွဲမည်ဆိုပါက တိုင်းဒေသကြီး/ပြည်နယ်ကော်မတီများမှ ခွင့်ပြုခွင့် ပေးထားသော်လည်း ရင်းနှီးမြှုပ်နှံသူများအဖို့ တိုင်းဒေသကြီး/ပြည်နယ်များ၏ မူဝါဒသတ်မှတ်ချက်များ အရ မြေနှင့် အဆောက်အဦငှားရမ်းကာလအား ငါးနှစ် အောက် သုံးနှစ်ကာလသာ သုံးစွဲခွင့်ရရှိကြသည်ကသာ များပြားနေသည်ဖြစ်ရာ စီးပွားတွက်ခြေကိုက်မှု မရှိနိုင် သည့်အပြင် မြေပြုပြင်ခြင်းကာလ၊ အဆောက်အဦပြင် ဆင်ခြင်း၊ ဆောက်လုပ်ခြင်းကာလ (တည်ဆောက်ရေးကာလ) သည်ပင် ၃ နှစ်နီးပါးကြာမြင့်မည့်လုပ်ငန်းများအနေဖြင့် မည်သို့ စီးပွားဖြစ်စတင်ပါမည်နည်း။ လမ်းပန်းဆက်သွယ် ရေးနှင့်လျှပ်စစ်မီး အခက်အခဲ များပြားသည့် တိုင်းဒေသ ကြီး/ ပြည်နယ်များတွင် စေတနာအလျောက်လာရောက်လုပ် ကိုင်လိုသူ ဌာနေနိုင်ငံသားများနှင့် နိုင်ငံခြားသားများ သို့မဟုတ် မြေနေရာဦးလိုသော လောဘရှေ့ထားသည့် ရင်းနှီးမြှုပ်နှံလိုသူများမှတစ်ပါး အမှန်တကယ်တာဝန်ယူမှုရှိသော ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ တွန့်ဆုတ်သွားဖွယ်ရာ အနေအထားလည်း ဖြစ်နေပြန်သည်။ တိုင်းဒေသကြီး/ပြည်နယ် အစိုးရအဖွဲ့များအနေဖြင့် ရင်းနှီးမြှုပ်နှံမှုများစွာလက်ခံလိုလျှင် မယုံကြည်သည့်စိတ်ဆန္ဒများကို စွန့်လွှတ်ရန်လိုပြီး ပိုမိုထိရောက်မည့်နည်းလမ်းများကို အဖြေရှာသင့်လှပေသည်။

ထိုသို့ဆိုပါလျှင် ရှေ့လာမည့်နိုင်ငံရေးခြေလှမ်းများ။ လက်ရှိအစိုးရနှင့် နောင်တက်လာမည့် အစိုးရတို့အကြား နိုင်ငံရေးနှင့် လူမှုစီးပွားချိန်ခွင်လျှာသည် အပြစ်ရှာမှုကင်းကင်းဖြင့် ဘက်ညီစွာဖြင့် နိုင်ငံတော်အတွက်ရှေးရှုမောင်းနှင်မည့် စိတ်သဘောထားအရင်းခံလုပ်ဆောင်ချက်များကသာ တိုင်းဒေသကြီး ပြည်နယ်ရင်းနှီးမြှုပ်နှံမှုကော်မတီများတွင် အတည်ပြုမိန့်များ လျှောက်ထားတင်ပြမှုများ ပြားလာနိုင်မည်လည်းဖြစ်ပေသည်။

## သုံးသပ်တင်ပြချက်

အထက်တွင် အကြိုတင်ပြခဲ့သည့်အတိုင်း မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုဥပဒေပေါ်ပေါက် အသက်ဝင်ပြီးနောက်ပိုင်းကာလများတွင် အမှန်တကယ်ရင်းနှီးမြှုပ်နှံမှုများစီးဝင်လာမှု တိုးတက်များပြားလာခြင်းရှိ-မရှိသုံးသပ်ရန်မှာ အချိန်ကျ၊ မကျမှာလည်း ချင့်ချိန်ရမည့်ကာလရောက်ပြီဟုလည်း ဆိုနိုင်သည်။

မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုဥပဒေပုဒ်မ ၃၆ ပါ ပြ

ဥာန်းချက် တစ်ချက်ချက်ဖြင့် ငြိစွန်းခြင်း သို့တည်းမဟုတ် တိုင်းဒေသကြီး/ပြည်နယ်အစိုးရများ၏ အစိုးရပိုင် မြေ/မြေနှင့် အဆောက်အဦ နှစ်ရှည်ငှားရမ်းမှုပေါ်လစီများ၊ နိုင်ငံတော်၏ ရင်းနှီးမြှုပ်နှံမှု ပေါ်လစီများအပေါ် ခွင့်ပြုပေးနိုင်သည့်အခြေအနေများသည် ရင်းနှီးမြှုပ်နှံသူများအနေဖြင့် စိတ်ကျေနပ်ဖွယ်အခြေအနေကို ဖန်တီးပေးနိုင်ခြင်းအပြင် အခြေခံအချက်များ ပြုပြင်ပြောင်းလဲမည်ဆိုပါလျှင် မလွဲမသွေ ရင်းနှီးမြှုပ်နှံမှုများ စီးဝင်၍တိုးတက်လာမည်ဖြစ်သည်။ အရပ်အပြောအရ စီးပွားရေးသမားဟူသည် အကျိုးအမြတ် မရှိပဲ မည်သည့်အခါမှ ယင်းတို့၏ အချိန်နှင့်ခနငွေကြေးများကို ဆုံးရှုံးခံရိုးမရှိဆိုသည့်အတိုင်း စေတနာရှိစေဦးထိ ခိုက်နစ်နာမည့် ရင်းနှီးမြှုပ်နှံမှုများကို မြေဦးသည့်သဘော ထား။ သို့မဟုတ် စိတ်စေတနာပြည့်ဖြင့် သဘောထား လုပ်ဆောင်ရန်မှာ နှစ်ဦးနှစ်ဖက် အတွေးအရပင် ဖြစ်နိုင်ခြေ အလွန်နည်း ပါးပေလိမ့်မည်။

ပုဒ်မ ၃၆ ကိုဖြေလျော့စေမည့် အမိန့်ကြော်ငြာစာများ ဆက်လက်ထုတ်ဝေမည်ဆိုလျှင်လည်း အမှန်တကယ် တိုင်းဒေသကြီး/ပြည်နယ်ရင်းနှီးမြှုပ်နှံမှုကော်မတီများ ခွင့်ပြုပေးနိုင်မည့်အနေအထားအထိ ရောက်အောင်လျှော့ချ လုပ်ဆောင်နိုင်ရန်မှာလည်း အတွေ့အကြုံ နုနယ်သေးသည့် ကော်မတီများအနေဖြင့် မှားယွင်းသောဆုံးဖြတ်ချက်များကို ချမှတ်မိသည်များ ကြုံလာနိုင်ဖွယ်ဖြစ်သည်။

အမှန်ဆိုလျှင် တိုင်းဒေသကြီး/ပြည်နယ်များအနေဖြင့် နိုင်ငံပိုင်မြေနှင့် အဆောက်အဦအများအပြားပိုင်ဆိုင်ထားကြသည်က အများစုဖြစ်နေသည့်အတွက် တူညီသော မြေဆိုင်ရာမူဝါဒများကို ရင်းနှီးမြှုပ်နှံမှုဥပဒေကို မကျော်လွန်စေပဲ ထိန်းညှိဆောင်ရွက်သွားရန်လည်းလိုအပ်နေပြီ ဖြစ်သည်။

ဤဆောင်းပါးတွင် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှု ဥပဒေပုဒ်မ ၃၆ ပါပြဋ္ဌာန်းချက်များ အရ တိုင်းဒေသကြီး/ပြည်နယ်ရင်းနှီးမြှုပ်နှံမှုကော်မတီများအနေဖြင့် ပိုမိုထိရောက်စွာ အတည်ပြုလျှောက်ထားလွှာများ ကျယ်ကျယ်ပြန့်ပြန့် အတည်ပြုပေးနိုင်ရေးနှင့် ကြုံတွေ့နေရသည့်အခက်အခဲနှင့်စိန်ခေါ်မှုများကို ပွင့်လင်းမြင်သာစွာချပြလျက် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုဥပဒေပါ ပြဋ္ဌာန်းချက်များနှင့် အညီ ဆူလွယ်နပ်လွယ်သော လူမှုရေး၊ နိုင်ငံရေး၊ စီးပွားရေး မူဝါဒများကို ချိန်ညှိကြိုးပမ်းမှသာလျှင် အမှန်တကယ်ရင်း နှီးမြှုပ်နှံမှုစီးဝင်နိုင်မည်ဖြစ်ပြီး မြန်မာနိုင်ငံအတွက် လတ်တလော လိုအပ်ချက်များဖြစ်သည့် အလုပ်အကိုင်အခွင့်အလမ်း ဖန်တီးပေးနိုင်ရေးနှင့် အတတ်ပညာများ ပိုမိုတိုးတက်ရရှိစေရေးကိုပါ များစွာထိရောက်အကောင်အထည်ဖော် နိုင်မည်လည်းဖြစ်ပေသည်။

## နိဂုံး

အထက်တင်ပြပါ စိန်ခေါ်မှုများသည် နိုင်ငံတော်အစိုးရအပါအဝင်တိုင်းဒေသကြီး /ပြည်နယ်အစိုးရများအနေဖြင့် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်။ လွှတ်တော်စသည် သက်ဆိုင်ရာအဖွဲ့အစည်းများဖြင့် အလုပ်ရုံဆွေးနွေးပွဲများကျင်းပခြင်းအပါအဝင် ပြည်တွင်း/ပြည်ပလုပ်ငန်းရှင်များကို ဖိတ်ခေါ်လျက် မြန်မာနိုင်ငံအတွင်း ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းများလွယ်ကူလျင်မြန်စွာ အခြေချနိုင်ရန် ပွင့်လင်းမြင်သာစွာဖြင့် အဖြေရှာသွားမည်ဆိုပါက မြန်မာနိုင်ငံအတွင်းရှိ တိုင်းဒေသကြီး/ပြည်နယ်များပါမကျန် ဖက်ဒရယ်မူ နိုင်ငံရေးရည်မှန်းချက်အောက်တွင် အကျိုးစီးပွားမျှဝေခံစားရေးအပါအဝင် အလုပ်အကိုင်များစွာ ဖန်တီးပေးနိုင်လာမည့်အပြင် အတတ်ပညာများပိုမိုတိုးတက်ရရှိစေမည်လည်းဖြစ်သည့်အတွက် အပြုသဘောဖြင့် တွန်းအားပေးရေးသားလိုက်ရပါသည်။

ကျမ်းကိုးစာရင်း

*မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုဥပဒေ။*
*နည်းဥပဒေများ။ အမိန့်နှင့်ကြော်ငြာစာများ*

# သုတေသနရုပ်ဝန်းမှာ

| စန်းယုအောင် |



ဟိုးရွာတောင်ပိုင်းကရွေးချယ်ခံထားရတဲ့အိမ်ထဲကို ဝင်ဝင်ချင်း စိန်စိန်အေးတစ်យောက် ခြေပစ်လက်ပစ်ထိုင်ချပစ်လိုက်တယ် …

အင်းလေ ‥ ထိုင်ဆိုမေးမြန်းသူ (Interviewer) တစ်ယောက်ဆိုတာ ရွာရိုးကိုးပေါက်၊ အရှေ့၊ အနောက်၊ တောင်၊ မြောက် အိမ်တစ်ကာလျှောက်ရတာကိုး။ အဲလိုလုပ်မှလည်းနေ့တွက်လေးလည်းကိုက်၊ သတ်မှတ်တဲ့အတိုင်းပြီး၊ ငွေယားလေးက ဝင်မှာလေ…(စကားချပ်။ ။အဖွဲ့အစည်းအများစုကတော့ မေးမြန်းသူတွေကို မေးခွန်းပြီးမြောက်မှုပေါ်အခြေခံပြီး ဝန်ဆောင်ခပေးတာပါ)

ဒီလိုနဲ့အလုပ်စလို့မှ မကြာသေးဘူး ဖြေဆိုသူအမျိုးသမီးရဲ့ ကလေးလေးက အဲ့ …အဲ့နဲ့ ငိုကြွေးခြင်းကိုအစပြုဖို့တာစူလေပြီ။ စိန်စိန်အေးတစ်ယောက် အတွေ့အကြုံအရအသင့်ဆောင်ထားတဲ့ မုန့်ထုပ်ကလေးလှမ်းပေးလိုက်တော့ သင်းကလေးက ငြိမ်သွားတယ်၊ အိုကေလေဒါဆိုအလုပ်ကိုဖြောင့်ဖြောင့်ဆက်လုပ်လို့ရပြီပေါ့။ ဒါပေမယ့် ရုတ်တရက်ဖုန်းကနေအသံမြည်လာတယ်၊ကြည့်လိုက်တော့ ရုံးကပါရုပ်ဆိုးဆိုးအပေါက်ဆိုးဆိုး ဘိုးတော် ဆက်နေတာပါ။ မသိချင်ယောင်ဆောင်ပြီး အသာချထားလိုက်တယ်။ မပြီးနိုင်မစီးနိုင်ညွှန်ကြားချက်တွေလာတော့မယ်ဆိုတာ စိန်စိန်အေးတစ်ယောက် အလိုလိုသိနေတယ်။ နေပါစေဦးခနတော့နားအေးပါးအေးနေချင်သေးတယ်လေ။

အဲလောက်ဆိုရင်တော့ စိန်စိန်အေးရဲ့ စစ်တမ်းလိုက်ကောက်တဲ့ အတွေ့အကြုံကို မှန်းမိလောက်ပြီပေါ့။

ဒီလိုစစ်တမ်းကောက်တယ်၊ သုတေသနလုပ်တယ်ဆိုတာလည်း၊ KTV မှာစာသားတွေပေါ်လာတာကိုမှူးမှူးနဲ့ဟုတ်ဟုတ်မဟုတ်ဟုတ် ထရွတ်သလိုလုပ်လို့ရတာမျိုးလည်းမဟုတ်တော့ စိန်စိန်အေးတို့လို အင်တာဗျူးတွေကိုသုံးရက်တန်သည် တစ်ပတ်တန်သည် သင်တန်းလေးဘာလေးပေးရသေးတာကလား။ ဒါ့အပြင်အစမ်းလေ့လာမှုတွေလည်း လုပ်ရသေးတာ။

သင်တန်းပေးတယ်ဆိုလို့ သင်တန်းကိုလာသမျှလူတွေက ဒီပရောဂျက်ကို လိုက်ပါမယ်လို့ အသေထင်မှတ်ထားလို့လည်း မရပြန်ဘူးဗျ- သူတို့တွေက ပရောဂျက်ကဘယ်လောက်ကြာမလဲ၊ ဘယ်တွေသွားရမှာလဲ၊ မေးခွန်းတစ်စောင်ဘယ်လောက်ရမလဲ တွက်ရသေးတာကိုး၊ ဒါမှလည်း ရန်ကုန်လိုဈေးကြီးတဲ့နေရာဒေသမှာနေလို့ထိုင်လို့စားလို့သောက်လို့ရမှာ၊ မတော်လို့ကံမကောင်းရင် ပစ္စည်းတွေဘာတွေ ပျက်စီးလို့အရော်ပေးရတာမျိုးလည်း ရှိသေးတော့အစစအရာရာတွက်ရပြီပေါ့လေ။

အဲတွက်ချင်လို့သာတွက်နေတာပါ ဘာတွေဘယ်လောက်ပေးတယ်ဆိုတာတော့ ပရောဂျက်နည်းနည်းလိုက်ဖူးရင်ကိုသိနေကြပါပြီ။ ဘာပျောက်ရင်ဘယ်လောက်လျော်ပေးရတယ်စတာတွေပါသိနေပါပြီလေ။

အဆောင်လခကပေးရတော့မယ်။ ဒါပေမယ့် ပြဿနာမရှိဘူး၊ ပရောဂျက်ကသင်တန်းတက်ပြီးပြီ၊ကွင်းဆင်းဖို့စောင့်နေတာ၊ ကွင်းဆင်းသွားရင်အဆောင်ပိုင်ရှင်နဲ့လည်း မတွေ့ရတော့ဘူး၊ ပြန်လာရင် အတိုင်းအတာတစ်

ခုတော့ရမှာပဲလေ၊ အဲကျအဆောင်လခပေးလို့ရပြီ၊ အဲ . . . ဒါပေမယ့် အနီးသင်တန်းဆရာတွေက မထွက်ရသေးဘူး ရက်ရွှေ့သွားလို့ဆိုပြီး ပရောဂျက်မလိုက်ရသေးရသေးရင် တော့ အဆောင်မှူးတို့၊ အိမ်ရှင်တို့ကို ပတ်ပြေးပေတော့ပဲ၊ ဒါတွေလည်းကြုံဖူးထားလေတော့ ဘာမှမတွက်ချက်ပဲရှိတဲ့ ပရောဂျက် လိုက်ရတာမျိုးလည်း လုပ်ရတာကိုးဗျ။

တစ်ချိန်တည်းမှာပဲမေးမြန်းသူ (Interviewer) တွေဟာ တည်းခိုဖို့အတွက် ဘယ်နေရာဟာဈေးအသက် သာဆုံးလဲ၊ ထမင်းဆိုင်ဆိုရင်လည်းဘယ်ဆိုင်က ဈေး အသက်သာဆုံးလဲဆိုတာ သိထားရတယ်။ ဒါက လူကြား ကောင်းအောင်ပြောရတာပါ။ တကယ်တော့ ဘယ်နေရာ ကဈေးအပေါဆုံးလဲ၊ ဘယ်အစားအစာကဈေးပေါလဲသိဖို့ လိုတာပါ။ အဲလိုသိဖို့ဆိုတာကတော့ နောင်တော့နောင်တော် ဘိုးအေကြီးတွေကို မေးထားရင်ပြတ်တယ်။ အဲလိုနေနိုင်၊ စားနိုင်မှလည်း ပေးလိုက်တဲ့ပိုက်ဆံနဲ့က အဆင်ပြေမှာကိုး၊ တစ်ချို့လည်း ကွင်းဆင်းနေရင်းကမှ မစားနိုင်မသောက်နိုင် မနေနိုင်ပါဘူးဆိုပြီးပြန်လာကြတာတွေလည်းရှိပေါ့။

ကျုပ်တို့လို သင်တန်းပေးသူတွေကလည်း အဲလို တွေသိလို့ ပရောဂျက်တိုင်း လူအပိုအများကြီးခေါ်ထားတာ လေ၊ ပရောဂျက်မလိုက်တဲ့သူတွေ၊ အရည်အချင်းမမီဘူးလို့ ယူဆရတဲ့သူတွေအတွက် အစားထိုးဖို့ရယ်နဲ့အကြောင်းအ မျိုးမျိုးကြောင့် အလုပ်ဆက်လုပ်ဖို့အဆင်မပြေတော့တဲ့ သူတွေအတွက် အစားထိုးဖို့ဆိုပါတော့ဗျာ။ အဲဒါပေမယ့် ဘာတွေဘယ်လိုလူပိုတွေခေါ်ထားထား အဆုံးသတ်ကျမှ လူပိုတစ်ယောက်မှမရှိတာလည်း ပရောဂျက်တိုင်းလိုလိုပဲ ဆိုတာ သဘောပေါက်ထားတယ်လေ၊ အဲတော့ ဘာပဲဖြစ် ဖြစ် လူတွေမလျော့အောင်တော့ အကြီးကြီးတွေ ပြောပြထား ရတာကလည်းကျုပ်တို့ သင်တန်းပေးသူတွေတာဝန်ပဲ မဟုတ်လား။ ဒီပရောဂျက်က ဘယ်သူတွေအတွက် အကျိုး ရှိစေတာ၊ နောင်ကျရင်ဘာတွေဖြစ်လာမှာ၊ အစိုးရကပြည် သူတွေအတွက်ဘာတွေလုပ်ပေးလာနိုင်တော့မှာ စသဖြင့် ပေါ့လေ အလုပ်အပေါ် motivation ဖြစ်အောင် data quality ကောင်းအောင် ပြောရတာပေါ့ဗျာ။

ပြောချင်တာသာပြောနောက်ဆုံးကျတော့လည်း လုပ်ချင်တာလုပ်လာတာပါ။ အဲဒီတော့လည်း ကျုပ်တို့တစ် တွေ စုပေါင်းစပ်ပေါင်းပြီး ဒိုင်ခံဖြေရှင်းပေဦးတော့ပေါ့။

သင်တန်းပေးသူကြီးက ရှေ့က ဘာတွေပြောပြော ပြီးရင်လွဲတာပဲ၊ အဲလွဲတာလည်းမပြောနဲ့ဗျ ပြောသမျှကို နားလည်တာလား အိပ်ငိုက်တာလားတော့မသိဘူး ခေါင်း တွေတော့ စွတ်ငြိမ့်တာပဲ။

သင်တန်းဆရာတွေကလည်း ရှေ့ကနေအာပေါင် အာရင်းသန်သန်နဲ့ရှင်းပြ သင်တန်းသူသင်တန်းသားတွေ ကလည်း ခေါင်းတွေငြိမ့်လိုက်၊ မေးခွန်းတွေထုတ်လိုက်၊ နားလည်လားဆိုတော့နားလည်တယ် စသဖြင့်ပေါ့ဗျာ မြိုင် ဆိုင်နေတုန်း ဗြုန်းဆိုမေးခွန်းလေးမေးချပစ်လိုက် -အဲ တော့မှ ကိုယ့်ဆရာတွေကတလွဲတွေပြော၊ တလွဲတွေ နားလည်နေတာ ဆိုတာ သဘောပေါက်တာကလား။

အဲ . . . တစ်ချို့သင်တန်းဆရာတွေကလည်းသင် တန်းမှာလာရှင်းပြတာလား မေးခွန်းလွှာထဲပါတာတွေ လာဖတ်ပြတာလားမရှင်းဘူးဗျ။ အဲတော့လည်းသင်တန်း သားသင်တန်းသူတွေကလည်း ဟုတ်ဟုတ် မဟုတ်ဟုတ် နားလည်ချင်ယောင်ဆောင်ရတာပဲဗျ၊ နားလည်ချင်ယောင် မဆောင်လို့လည်းမရဘူးလေ၊ နားမလည်လို့ ကိုယ်က မေးမိရင် မင်းဒါလေးတောင်မသိရကောင်းလားဆိုပြီးသင် တန်းဆရာတွေက ကိုယ့်ပြန်ငေါက်တတ်တာကိုး၊ အဲအချင်း ချင်းလည်းအထင်သေးခံရဦးမယ်၊ မတော် ကိုယ့်တောင် မေးခွန်းပြန်မေးခံရနိုင်တယ်လေ၊ အဲတော့ နားလည်လည် မလည်လည် ငြိမ်နေတာကောင်းတယ်၊ ထိုင်နေအကောင်း သား ထမေးမှ ငါးပါးမှောက်ဖြစ်နေမှာတော့မလိုချင်ဘူး လေ။

တချို့သင်တန်းဆရာတွေကျပြန်တော့လည်း သင်တန်းပေးပြီဆိုမှ စစ်လိုက်ရတဲ့ email၊ ပြောလိုက်ရတဲ့ ဖုန်း ကမ္ဘာမှာအလုပ်အများဆုံး လူသားလေးလားထင်ရ အောင်မပြီးနိုင်မစီးနိုင် လုပ်နေလိုက်တာ၊ ဘာမှသေချာရှင်း မပြပဲပြီးသွားတတ်ကလည်းရှိသေး။ အဲသင်တန်းသားက မေးလို့ ကောင်းကောင်း ပြန်မရှင်းတတ်ပြန်တော့ ဒီကောင်ငါ့ကိုလူအများရှေ့မှာ ချွတ်တာလား၊ ပညာစမ်း တာလားဘာညာဆိုပြီးရွှေစိတ်တော်ဆိုးသေးတာကလား။

ဒီလိုနဲ့သင်တန်းပြီးပြီဆိုရင်တော့ အစမ်းသဘော ကောက်ယူတဲ့အနေနဲ့ ရွာတွေဆင်းပေါ့။ အဲရွာတွေဆင်း တဲ့အခါမတော့ မြန်မာကားထဲကကောင်မလေးတွေလို ဝမ်း ဆက်လေးတွေဝတ်ပြီး မိတ်ကပ်အဖွေးသား၊ သနပ်ခါး

လေးပါးကွက်ကြား ဖွေးနေအောင်လိမ်းပြီး သွားမယ်လို့ မှတ်ရင်တော့ အဲဒါအခုမှ စပြီးစစ်တမ်းကောက်ဖူးတယ်ဆို တာသေချာပြီ။

ဘာလို့လဲဆိုရင် ရွာရောက်တော့ ဝါးလုံးလေးတစ် လုံးထဲတန်းထားပြီး ဘေးကကိုင်စရာဝါးလုံးလေတစ်တန်း ကိုပဲအားပြုပြီး မြောင်းအကျယ်ကြီးတွေဖြတ်ရတာမျိုးရှိ သလို၊ လုံခြည်ကိုဒူးလောက်မပြီး ဗွက်ထဲသွားရတာမျိုးနဲ့ လည်း တည့်တည့်တိုးနိုင်တာကိုး၊ တစ်ခါတစ်လေတောင် တွေ ဘာတွေတောင်တက်ရတာကလည်းပါသေး။ ဒီတော့ လုပနေဖို့ထက်သက်တောင့်သက်သာနဲ့ အဆင်ပြေပြေခရီး သွားနိုင်ဖို့က ပိုအရေးကြီးပြီလေ။

အဲ-အဲဒါတွေထက်အရေးကြီးတာက တက်ဘ လက်ဗျ၊ တက်ဘလက်ဆိုလို့ဆေးပြားလို့လည်းမထင်လိုက်နဲ့ ဦး စစ်တမ်းကောက်တဲ့အခါ မြန်မြန်ဆန်ဆန်အချက်အလက် တွေပြန်ပို့လို့ရအောင်သုံးရတဲ့ ဆမ်ဆောင်းကထုတ်တဲ့လက် ကိုင်ကွန်ပြူတာအပြားလေးတွေပါတော့ဗျာ။ သူလေး ကိုဂရုစိုက်နိုင်မှလေ မတော်လို့ချောလဲသွားရင်တောင်၊ သူ လေးကိုထိခိုက်လို့မဖြစ်ချေဘူး၊ ပျက်သွားရင် လျော်ရမှာဗျ၊ ကိုယ့်လုပ်အားခထက် ၃ ဆလောက်များတော့ရှိသေရတာပေါ့ ဗျာ။ အဲတော့မတော်လို့ချော်လဲပြီဆိုရင် လူလဲရင်လဲပါစေ တက်ဘလက် ဘာမှမဖြစ်ဖို့အရေးကြီးတယ်လေ။

ပရောဂျက်တစ်ခုလုပ်ပြီဆို သင်တန်းတွေပြီးတဲ့ အခါမေးခွန်းလွှာကအဆင်ပြေမှု ရှိမရှိ၊ သင်တန်းသားတွေ ကရောတကယ်ပဲမေးခွန်းနဲ့ အကျွမ်းတဝင်ရှိမရှိသိရဖို့ Pilot လို့ခေါ်တဲ့ အစမ်းသဘောလေ့လာမှုတွေလုပ်ရပါတယ်။ အဲ လိုအစမ်းကောက်ယူတဲ့အကြောင်းပြောရရင် မေးခွန်းလွှာရဲ့ အားနည်းချက်ကိုသိဖို့ အစမ်းကောက်ယူတယ်ဆိုပေမယ့် အားနည်းချက်ဆိုတာမတွေ့သလောက်ပါပဲ။ အားလုံးကို အိုကေနေတာပဲ၊ ဘာအခက်အခဲမှကိုမဖြစ်တာ၊ အားလုံး ကောင်းပါသည်ပေါ့-ဒါမှလည်း ကွင်းဆင်းမှု တွေမြန်မြန် စရမှာလေ။ မေးမြန်းသူတွေအနေနဲ့ ကိုယ်ကသာမေးခွန်း၊ နမူနာကောက်ယူခြင်း ဘာညာအသေအချာ မသိသေးတာ ခရီးက ထွက်ချင်ပြီ၊ ဒါမှလွတ်ပြီကျွတ်ပြီ။ အိမ်နဲ့ဝေးလေ ကောင်းလေပဲဆိုပါတော့ဗျာ။

အဲမေးခွန်းလွှာရဲ့ အားနည်းချက်၊ပြဿနာပေါင်း သောင်းခြောက်ထောင်လောက်က တကယ့်ကွင်းဆင်း ကောက်ယူရင် တွေ့ပါပြီ။ အဲကျမှဖုန်းတွေဘာတွေဆက်ရနဲ့၊ အရပ်ကူပါလူဝိုင်းပါပေါ့။ အဲမသိလို့မေးတယ်ဆိုတော် သေးတယ်ဆိုရမှာပေါ့။ အချို့တွေကျ မသိလည်းသေချာ မမေးဘူး၊ နီးစပ်ရာမေးလိုက်တယ်၊ အမေးခံရသူကလည်း ရှင်းပြလိုက်တယ် တလွဲ၊ ဒီလိုနဲ့အလွဲ-အလွဲချင်းတွေ့ကြ တာပေါ့။အမှန်ကသာဘာမှန်းမသိတာသူတို့အချင်းချင်း မှာတော့ ရှင်းပြတဲ့သူကဆရာပဲ၊ နောက်တော့အချက် အလက်တွေစာရင်းသွင်းတဲ့အခါလည်း ယူပါကယ်ပါ တစာစာနဲ့လိုက်မေးနေရတုန်းပေါ့ဗျာ။

နောက်တစ်ခုက-သင်တန်းမှာသေချာမှာထား တယ် ကွင်းဆင်းတာတစ်နေ့ပြီးရင် ကြီးကြပ်သူနဲ့ အဖွဲ့ဝင် တွေနဲ့တွေ့၊ အခက်အခဲတွေတင်ပြ၊ အချင်းချင်းသင့်မြတ် အောင်နေ၊ မေးခွန်းလွှာတွေပြန်စစ်စသဖြင့် ဘာညာဘာ ညာပေါ့။

အဖွဲ့ဝင်တွေကလည်း နားထောင်ပါတယ်။ အဲလို မျိုးလုပ်တာတစ်ခါမှ မတွေ့ဖူးသေးဘူး။ ညနေအလုပ်ပြီး တာနဲ့၊ အိပ်ချင်အိပ်၊ မအိပ်တဲ့သူက ဟိုနားဒီနားသွား၊ ဒါမှ မဟုတ်လည်းဖုန်းနဲ့သက်ဆိုင်ရာကို သတင်းပို့စရာရှိပို့၊ (ရုံး ကိုပို့တာမဟုတ်)၊ ကြူစရာရှိတာကြူပေါ့၊ အဲညရောက်ပြီ ဆိုရင်တော့ FB ပွတ်စရာရှိတာပွတ်၊ ယမကာကိုကိုတွေပါ ရင်တော့ ယမကာကိုကိုတွေက ယမကာဆိုင်ခိုးသွားပေါ့၊ ငါဘာတွေလုပ်ပြီးပြီလဲ၊ ငါလုပ်တာဘာလိုသွားလဲ စသ ဖြင့်များ တစ်ယောက်တစ်လေများ ယောင်ယက်စဉ်းစား တဲ့သူများရှိရင်၊ ကျုပ်တို့ကောက်တဲ့အချက်အလက်တွေ ရဲ့ အရည်အသွေးက ပြန်လန်နေမှာမလွဲ။

အဲလိုတနေ့တာအဖြစ်အပျက်တွေ ပြန်လည်သုံး သပ်ဆွေးနွေးမှုတွေလုပ်-မလုပ်ဆိုတာလည်း သွားကြည့် စရာမလိုပဲ dataကြည့်တာနဲ့တွေ့ပါပြီ။ တစ်ခြားမကြည့်နဲ့- ဖြေဆိုသူကဖြေထားတယ် -သူကစာမဖတ်တတ်-စာမရေး တတ်ဘူး-အဲနောက်ကျမှ ဘာသွားတွေ့လည်းဆိုတော့ သူက အချက်အလက်တွေကိုသတင်းစာကယူတယ်ဖြစ်ရော။ အော် စာမတတ်ပေမယ့် ပုံလေးတွေကြည့်ပြီးပဲ ဒီအချက် အလက်တွေကို သိသလားစဉ်းစာရပြီ။ ရှုပ်ပါတယ်လေ ဆိုပြီး ဖြေဆိုသူကို ဖုန်းပြန်ဆက်ကြည့်လိုက်တယ်၊ အဲဟို ဘက်ကပြောတယ်၊ သူကဆယ်တန်းထိကျောင်းတက်ဖူး တယ်တဲ့၊ သင်တန်းသားတွေက အဲလိုစိတ်ချရတာလေ။

အဲ –ဖြေဆိုသူကအပျိုကြီး၊ လူပျိုကြီးလို့ဆိုတယ်– နောက်မေးခွန်းကျ သူကဆုံးဖြတ်ချက်တွေကို အိမ်ထောင်ဖက်နဲ့အတူ တွဲပြီးဆုံးဖြတ်တယ်လို့ဆိုလေတော့–တိတ်တိတ် ကြိတ်ပုန်းခုတ်တာတွေ နင်တို့နဲ့ကျမှအကုန်ပေါ်တယ်ဖြစ်ကုန်ရော။

မေးခွန်းမေးတာလည်း အခြေအနေမကြည့်ရင် ဓါးနဲ့လိုက်ခံရဖို့ အတော်နီးတာကလား။ မိမိမေးနေတဲ့သူရဲ့အကြောင်းတော့ သိထားသင့်တာပေါ့ –အချို့လည်း ကိုယ်မေးနေတဲ့သူက ဘယ်လိုလူတွေလည်း သေချာသတိမထားမိပဲ မူစလင်တွေကို မေးခွန်းထဲပါတဲ့ –အစ်ကို၊ အစ်မတို့ ဝက်မွေးတာကရောအကျိုးအမြတ်ရှိရဲ့လားဆိုပြီး မေးတော့ ဟိုကဓါးနဲ့လိုက်ချင်ပြီပေါ့ဗျာ။

ကိုယ့်လူတွေကလည်း အဲလိုစိတ်ချရတာမျိုးပါ။

အဲတစ်ခါတစ်လေလည်းကိုယ့်လူတွေကမေးခွန်းမေးတယ်လို့တာဆိုတာ ဖြေဆိုသူနားလည်တာမလည်တာအသာထား သူကိုယ်တိုင်ကရော နားလည်ရဲ့လားတော့မသိ၊ မေးခွန်းကိုတွေတွေကြည့်ပြီး ရွတ်နေလိုက်တာ၊ မေးခွန်းသာဆုံးသွားတယ်ဖြေဆိုသူက ဘာမေးမှန်းမသိဘူး၊ ဒါပေမယ့် မပူနဲ့ ကိုယ့်လူတွေကအဖြေတစ်ခုတော့ယူလာလိုက်တယ်–ဥပမာ ‘လုံးဝသဘောတူတယ်’ ဒါမှမဟုတ် ‘မသိဘူး’ စသဖြင့်ပေါ့။ ကျွန်တော်တို့ကမေးကြည့်တယ်–မင်းတို့ကွာ ဟိုကဘာမှမဖြေရသေးပဲနဲ့ ဘယ်လိုသိလဲမေးတော့–ကိုယ့်ဆရာတွေကလည်းဖြေတယ်– လွယ်လွယ်လေးဆရာတဲ့–သူတို့မျက်နှာကြည့်ရင်သိတယ်တဲ့။ မျက်နှာလေးကြည့်တာနဲ့ အလွန်သဘောတူတယ်–တို့၊မသိဘူးတို့–ဘယ်လိုသိတာလဲမေးတော့ ကိုယ့်ဆရာတွေမဖြေတတ်တော့ဘူး၊ ကဲမခက်ဘူးလား၊ ကိုယ့်လူတွေကတစ်ခါ တစ်လေအဲလိုမျိုး၊ အဲလိုတွေ့ပြီဆိုရင်တော့ ကျွန်တော်တို့လည်းပြန်လည်ကွင်းဆင်းတာလုပ်ချင် လုပ်၊ ကွင်းဆင်းဖို့မလွယ်ရင်တော့နားငြီးအောင် ဖုန်းဆက်ရပြီပေါ့။ အဲဖုန်းဆက်ပြီဆိုကတည်းက ငွေကုန်လူပန်းဖြစ်ပြီလေ–စီမံရေးရာကလည်း ငွေကုန်ပြီဆိုငြိုငြင်ပြီလေ၊ Operation team ကလည်းလူပေးရလို့ မကြည်လင်တော့ဘူး။

အဲတချို့တွေကျတော့လည်း မြန်မြန်ပြီးချင်တာရော လူရှိန်နေတာရော၊ နှစ်ခုရောပြီး –မီးရထ ၁းဘူတ ၁ရုံမှာ ၁ ရထားတွေ ဘယ်ကနေဘယ်ကို ဘယ်အချိန်မှာထွက်ပါမည် ဆိုတာကို ကြေငြာနေသလို ဘယ်သူမှနားမလည်ပဲလည်းမေးလာတတ်တာပဲ။ မေးခွန်းနားလည်တာမလည်တာအပထား ဘာပဲဖြစ်ဖြစ်အဖြေကတော့ ယူလာတာပဲ၊ ပြီးတော့မှသာလွဲတာလေ။

Data qualit y နဲ့မဆိုင်တဲ့ဟာတွေလည်း ကြုံရတာတွေကလည်းတစ်မျိုးဗျ၊ တစ်ခါတစ်လေကျတော့လည်း ဖြေဆိုပေးလို့လက်ဆောင်ပေးတဲ့အခါ ဖြေဆိုသူက ကတုံးဖြစ်နေတဲ့အချိန် ကိုယ့်လက်ဆောင်က ခေါင်းလျှော်ရေဖြစ်နေတာလောက်မျက်နှာပူစရာကောင်းတာဘယ်ရှိမလဲဗျာ။

ဖြေဆိုသူအမျိုးသမီးကို စွတ်ကျယ်အကြီးကြီးတွေပေးခဲ့ရတာကလည်း အဆဲခံချင်စရာပေါ့။

အဲနောက်တစ်ခုကအိမ်မှာဘာစီးပွားရေးလုပ်လဲမေးတဲ့အခါ၊ အမေးခံရသူက ၂ လုံး၊ ၃ သုံးသမားဆိုရင်တော့ တိုင်ပတ်ပြီသာမှတ်၊ သူကလည်း ဘာလုပ်တယ်ဆိုတာမပြောရဲ၊ မေးမြန်းသူကလည်းရေရေရာရာမသိရလို့ စွတ်မေး၊ သင်တန်းမှာလည်းဆရာတွေက မှာထားတယ်သေသေချာချာကွဲကွဲပြားပြားသိအောင်မေးခဲ့ဆိုလေတော့၊ မရမကမေးရပြီပေါ့။ နောက်ဆုံးကျမှ ၂ လုံး ၃ လုံးလုပ်တယ်ဆိုတာသိရမှ ကိစ္စပြတ်သွားတော့တယ်။ ကိုယ်ကရဲကိုသတင်းပေးတာမဟုတ်ပေမယ့် ကြည့်မရတဲ့သူကတိုင်လို့ အဖမ်းခံရရင် ကိုယ့်ပရောဂမကင်းသလိုလည်းဖြစ်တတ်သေးဗျ။ အဲဘာနဲ့တူလဲဆိုတော့–မိန်းမမသိအောင် KTVခိုးသွားတုန်းမိန်းမကဖုန်းဆက်တဲ့အချိန်၊ အခန်းအပြင်ကိုတစ်ရှိန်ထိုးပြေးထွက်၊ ပြီးမှ ရုံးကအချိန်ပိုဆင်းနေရတယ်ကွာ ဘာညာပြောတဲ့အခါ၊ မိန်းမက Viber နဲ့ Video call ခေါ်ပါဆိုတော့ ဘာလုပ်ရမှန်းမသိတော့သလို အတော်ဖြေရခက်တဲ့မေးခွန်းမျိုးပေါ့ဗျာ။

ဒါပေမယ့်တစ်ခါတစ်လေကျတော့လည်း စွတ်အထင်ကြီးခံရတာရှိသေးဗျ၊ ကျွန်တော်တို့အဖွဲ့တွေဆိုတာ ဒီလိုပဲ မြို့ရွာမျိုးစုံကို ပရောဂျက်မျိုးစုံနဲ့ ရောက်ကြတာမလား၊ အဲကိုယ်သွားပြီးမကြာခင် တိုက်တိုင်ဆိုင်ဆိုင်ရွာမှာမီးရတာတို့၊ လမ်းခင်းတာတို့လုပ်ပြီဆို ကိုယ့်လူတွေ အဲရွာမှာ ဆရာကြီးဖြစ်ပြီ၊ တကယ်တော့ကိုယ်နဲ့လည်းဘာမှမဆိုင်သူ့ဘာသာအစိုးရ၊ ဒါမှမဟုတ်တစ်ယောက်ယောက်ကလုပ်ပေးသွားတာ၊ ကိုယ်တွေသွားလို့ပဲ မီးရသလိုလို၊ လမ်းခင်းရသလိုလိုဖြစ်သွားတော့၊ ကိုယ်တွေအဖွဲ့ကိုကျေးဇူးတွေ

စွတ်တင်ပေါ့။ ကျွေးကြမွေးကြ၊ ကိုယ့်လူတွေလည်း အူစိတာပေါ့။ တကယ်တော့လည်း ကိုယ်နဲ့ဘာမှကိုမဆိုင်တာ။ ဒါပေမယ့် လူအထင်ကြီးအောင်တော့ ဘာတွေဘယ်လိုလုပ်မယ်ဘာညာရှိုးရပြီပေါ့။ အဲရွာကလူတွေကလည်း ဒီကောင်ဘာပြောမှန်းတာသေချာနားမလည်တာခေါင်းတငြိမ့်ငြိမ့်ပေါ့၊ ရွာသားတွေကသာ နားမလည်တာနော်၊သူ့ကြည့်တော့ မုအပြည့်နဲ့ပြောနေတာ၊ ရှိုးနေတာများ၊ပါးတွေတောင်ညောင်းလှပေါ့။

ရွာရောက်ရင်တချို့ကောင်တွေကျတော့လည်းပြောပြီး၊ ပြီးရောဗျ၊ သိပ်သိုင်းဝိုင်းနေတာဟုတ်ဘူး၊ရည်ရွယ်ချက်တွေဘာတွေလား၊ ဘာမှကိုမပြောတာ၊ သူစိတ်မဝင်စားဘူး။ သူစိတ်ဝင်စားတာ ရွာမှာစစ်တမ်းကောက်မယ်၊ အိမ်တွေဝင်မယ်၊ မေးမယ်၊ တတ်နိုင်သမျှပိုက်ဆံမကုန်စေရဘူး ဒါပဲ။ အဲတော့ကျွေးတာအကုန်ဝါး၊ နေစရိတ်သီးသန့်ပေးစရာမလိုတဲ့ ဘုန်းကြီးကျောင်းတစ်ကျောင်းအမြန်တွေ့ဖို့အရေးကြီးတယ်။ လုပ်ငန်းမြန်မြန်ပြတ်မှနောက်တစ်ရွာကိုအချိန်မီရောက်ပြီး အလုပ်မြန်မြန်ပြီး။ မလိုအပ်ပဲစားရိတ်တွေမကုန်မှာ၊ ခင်ဗျားဟာခင်ဗျား ထင်ချင်တာထင် သူစိတ်မဝင်စားဘူး၊ ဒီလိုလုပ်မှလည်း ကိုယ့်အတွက်လည်းကျန်၊ ရုံးကပိုက်ဆံချွေတာသူ၊စီမံခန့်ခွဲမှုကောင်းသူအဖြစ်မြင်မှာလေ။

သုတေသနအဖွဲ့တွေဆိုတာ ပရဟိတသမားတွေမှမဟုတ်တာဗျာ ပိုက်ဆံတတ်နိုင်သမျှမကုန်ရအောင် တစ်ခါတစ်လေသူများဆိုင်ကယ်အလကား ကပ်စီးချင်စီးမယ်၊ ကားနဲ့လမ်းကြုံလိုက်ချင်လိုက်မယ်၊ ကျွေးမွေးဧည့်ခံတာတွေမဆန့်မပြဲစားချင်စားမယ်၊ တစ်ခါတစ်လေရွာကဒေသထွက်လေးတွေ ပေးတာရသမျှယူချင်ယူမယ်လေ။ ဒါစီးပွားရေးလုပ်နေတာဗျ၊ ရွာကိုသွားပြီးထောက်ပံ့ပစ္စည်းပေး၊ ကူညီနေတာမှ မဟုတ်တာ။

အဲတစ်ခါတစ်လေကျတော့လည်း ရပ်ကွက်တွေ၊ ရွာတွေမှာ အုပ်စုတူလူတွေစုပြီး ဆွေးနွေးပွဲတွေလုပ်ကြတဲ့အခါ၊ ကိုယ်ကနည်းနည်းပဲပြောပြီး မေးခွန်းနှိုက်ထုတ်ရမှာ၊ တစ်ချို့လူတွေက အဲလိုသွားရင် မေးခွန်းလေးတွေမေးပြီးဦးဆောင်ဆွေးနွေးနေတာလား၊ ကိုယ်ကလာဟာပြောနေတာလားမသဲကွဲဘူး၊ သူကချည်းစွတ်ပြောနေတာကိုးဗျ။ ဆွေးနွေးပြီး အချက်အလက်ပေးမယ့်သူတွေက ပါးစပ်အဟောင်းသားလေးတွေနဲ့နားထောင်နေရတာပေါ့။ ဟိုလူတွေကအချက်အလက်ပေးချင်နေတာလား၊ တက်တက်ကြွကြွပြောချင်နေတာလား သေချာမကြည့်တော့ဘူး ပညာကုန်ထုတ်ပြီး ဟောပြောတော့တာ။ အဲပြောနေရင်းတစ်ခါတစ်ခါ ဘိုလိုလေးတွေလည်းထည့်ပြောသေးတာ၊ ဘိုလိုတွေရွတ်ရက်ဒွတ်ဒက်နဲ့ရွတ်တာရွတ်တာ ငယ်ငယ်ကဆရာမဆီမှာ မီးနင်းတွေ အလွတ်ရွတ်ပြနေတဲ့အတိုင်းပဲ တစ်လုံးချင်းစီပီပီသသကြီးကိုပြောလို့…။

တချို့ ဆွေးနွေးပွဲတက်သူတွေကလည်း ဘာအကျင့်လဲမသိဘူးဗျ။ ကိုယ်ကချည်းဆွေးနွေးနေတာ၊ ကိုယ်တိုင်တင်ဆွေးနွေးရုံတင် အားမရဘူး ဘေးကလူပါအကူ ခေါ် အတင်းထောက်ခံချက်ယူဆွေးနွေးခိုင်းသေးတာ၊ ဟိုက စကားပြောရမှာရှက်လို့ မဆွေးနွေးချင်ပါဘူးဆိုလည်း လက်မခံ၊ မိုက်ကြီးကိုပါးစပ်ထဲအတင်းထိုးပေးပြီးကို ဆွေးနွေးခိုင်းတာ။

အဲ့ဒီအထဲမှာတချို့ကျတော့လည်းဘာအိုက်တင်ထုတ်မှန်းကိုမသိပါဘူးဗျာ။ ဆွေးနွေးပွဲကိုမတတ်သာလို့ပဲလိုက်လာရတာလိုလို၊ စိတ်မပါသလိုလို၊ ဖုန်းထွက်ပြောလိုက် ရေသောက်လိုက်နဲ့ ဂနာကိုမငြိမ်တာ…။

ဘာပဲဖြစ်ဖြစ်လူရယ်လို့ဖြစ်လာရင် ပညာသင်ကြားရတယ်၊ အလုပ်လုပ်ကြရတယ်၊ အဲအထဲလူမျိုးစုံတွေ့ရတာပါပဲ၊ အလိုက်သိတတ်သူရှိသလို၊ ကိုယ့်ဖို့ပဲကိုယ်သိတဲ့သူတွေလည်းရှိကြပါတယ်။ ဘာပဲဖြစ်ဖြစ် ဝမ်းရေးအတွက်ကတော့ မဖြစ်မနေအလုပ်လုပ်ကြရတာပဲမလား။

ဟောစိန်စိန်အေးတို့တစ်သိုက် ဒီရွာမှာ ကွင်းဆင်းဆောင်ရွက်တာပြီးလို့ နောက်တစ်ရွာကိုကူးဖို့ဆိုင်ကယ်ကယ်ရီဈေးတွေကို စုံစမ်းနေပြီ။

ဘဝမှာအခြေခံအကျဆုံးသော စား၊ဝတ်၊ နေရေးအတွက်ပဲဖြစ်ဖြစ်၊ ဝါသနာအရပဲဖြစ်ဖြစ်၊ ရည်မှန်းချက်တစ်ခုအတွက်ပဲဖြစ်ဖြစ်၊ သူဌေးဖြစ်ချင်လို့ပဲဖြစ်ဖြစ်ကျွန်တော်တို့တွေအလုပ်တစ်ခုခုကိုတော့လုပ်နေရမှာပဲမလား… ။ ဘာပဲဖြစ်ဖြစ်အလုပ်တွေဆက်လုပ်သွားရမှာပဲလေ….။




# အာရှ – ဥရောပနိုင်ငံများ၏ ချစ်ကြည်ပေါင်းစည်းမှု (ASEM)

| ဝင်းဝင်းဝါ |

သို့

ချစ်ရတဲ့ သူငယ်ချင်းရေ …

မင်းနိုင်ငံရပ်ခြားကို အလုပ်လုပ်ဖို့ထွက်သွားကတည်းက မင်းနဲ့ လူချင်းမတွေ့တာ ကြာသွားပြီနော်၊ ဒါပေမဲ့ အွန်လိုင်းဆက်သွယ်မှုလေးတွေရှိလို့ တော်ပါသေးရဲ့၊ Facebookကနေ မင်းသွားတဲ့နေရာတွေ၊ မင်းစားတတ်တဲ့ အစား အစာတွေ၊ မင်းရဲ့ပျော်ရွှင်မှု ဝမ်းနည်းမှုတွေအားလုံးကို မြင် နေ၊ တွေ့နေရလို့ ဝမ်းသာမိပါရဲ့ကွာ၊ မင်းရဲ့ ၄၅ နှစ်မြောက် မွေးနေ့မှာ မင်းရဲ့သူငယ်ချင်းအသစ်တွေနဲ့ သိုက်သိုက် ဝန်းဝန်းကျင်းပခဲ့တာ တွေ့ရလို့ တကယ်ပဲ ပျော်မိပါရဲ့။

မင်းနဲ့တို့က အလယ်တန်းမတက်ခင်ကတည်းက ခင်မင်လာခဲ့ကြတာမို့ ခုချိန်အထိ ခင်မင်မှုသက်တမ်းက မနည်းဘူးထင်မိပါရဲ့၊ မင်းကလည်း တို့ဘဝရဲ့ ဖြတ်သန်းမှု အစိတ်အပိုင်းအားလုံးကို အားလပ်ချိန်ရတိုင်း ဂရုတစိုက် မေးမေးနေတော့ တို့အခုလက်ရှိတာဝန်ထမ်းဆောင်မှုတစ်ခုကို ပြောပြချင်မိပါတယ်၊ မင်းကတော့ စိတ်ဝင်တစား နားထောင်တတ်ပြီး မေးခွန်းလေးတွေလည်း အမြဲပြန်မေးတတ်လို့ ဒီစာဖတ်ပြီးရင်လည်း တို့က မေးခွန်းပြန်ဖြေဖို့ အသင့်ပါပဲလေ။

တို့အရင် ၂၀၁၄ ခုနှစ်၊ မြန်မာနိုင်ငံက အာဆီယံဥက္ကဋ္ဌအဖြစ် တာဝန်ထမ်းဆောင်ခဲ့တဲ့အတွက် အာဆီယံနဲ့ ဆက်စပ်အစည်းအဝေးတွေအားလုံး လက်ခံကျင်းပခဲ့တာ မင်းမှတ်မိအုံးမှာပါ။ မင်းတောင် တို့နိုင်ငံအတွက် အရမ်းဂုဏ်ယူဖို့ကောင်းတယ်လို့ ပြောသေးတယ်လေ၊ ASEAN Summitကြီးတုန်းကလဲ ဆက်ဆံရေးအရာရှိ တာဝန်ထမ်းဆောင်ရပြီး အခု ၂၀၁၇ ခုနှစ်မှာလဲ ၁၃ ကြိမ်မြောက် ASEM

Foreign Minister's Meeting ကို နိုင်ငံခြားရေးဝန်ကြီး ဌာနက တာဝန်ယူကျင်းပမှာဖြစ်လို့ ဆက်ဆံရေးအရာရှိ တာဝန် ထပ်ပြီး ထမ်းဆောင်ရအုံးမယ်။

နိုင်ငံအလိုက် ကိုးကွယ်မှု၊ ယဉ်ကျေးမှုနဲ့နေထိုင် စားသောက်မှုပုံသဏ္ဌာန်တွေ ကွဲပြားကြတာမို့ ကိုယ်တာ ဝန်ယူရမဲ့ နိုင်ငံများက ပုဂ္ဂိုလ်များရဲ့ အကြောင်းအရာကိုတော့ သေချာစွာ လေ့လာထားကြဖို့က ဆက်ဆံရေးအရာရှိများရဲ့ တာဝန်ပဲ ဖြစ်ပါတယ်။ ဒါနဲ့ ပြောရအုံးမယ်၊ အခုကျင်းပတဲ့ ၁၃ ကြိမ်မြောက် ASEM Foreign Minister's Meeting ဟာ ၂နှစ်မှာတစ်ကြိမ်သာ ကျင်းပတာမို့ နိုင်ငံပေါင်း ၅၀ ကျော် ဖြစ်တဲ့အတွက် တို့နိုင်ငံနောက်ထပ် အစည်းအဝေး ကျင်းပဘို့ဟာ နှစ် ၁၀၀ လောက် ကြာနိုင်တာပေါ့။ အဲဒီအချိန် မင်းရောတို့ရော သက်ရှိထင်ရှား ရှိမနေနိုင်တော့ ဘူးလို့ တောင် အတွေးနယ်ချဲ့မိပါရဲ့ကွာ။ ဒါကြောင့်မို့ အခု ASEMဆိုတဲ့ အဓိပ္ပာယ်ကစပြီး တို့နားလည်သလောက် အတိုချုပ်ပြီး ပြောပြတော့မယ်နော်။

## ASEM

အေဆမ်ဆိုတဲ့ အဓိပ္ပာယ်က အာရှနဲ့ ဥရောပနိုင်ငံ များအကြားမှာ အစိုးရ အချင်းချင်း သက်ဆိုင်တဲ့ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ ယဉ်ကျေးမှုနဲ့ ပညာရေးဆိုင်ရာ ကိစ္စရပ်များအတွက် ကန့်သတ်ချက်များနဲ့ ထုံးဖွဲ့မှုမရှိဘဲ ပူးပေါင်းဆောင်ရွက်မှုနဲ့ ဆွေးနွေးစရာ စကားများကို ရင်းရင်းနှီးနှီး အလွတ်သဘော ပြောဆိုကြဖို့ ASEM (The Asia-Europe Meeting) ကို ၁၉၉၆ ခုနှစ်မှာ စတင် တည်ထောင်ခဲ့ တာ ဖြစ်ပါတယ်၊ လက်ရှိမှာတော့ အဖွဲ့ဝင် ပေါင်း ၅၃ ဦး ရှိနေပါတယ်။

ASEM ကိုအရှေ့တောင်အာရှနိုင်ငံများအသင်း (ASEAN)၊ အရှေ့မြောက်နှင့် တောင်အာရှနိုင်ငံများ (NESA)နဲ့ ဥပရောနိုင်ငံများ (EU)စသည်ဖြင့် အုပ်စု(၃)စုခွဲ ပြီး၊ အစည်းအဝေးများကို ကျင်းပခဲ့ပါတယ်။ အာဆီယံ (ASEAN)မှာတော့ (၁၀)နိုင်ငံပါဝင်ပြီး၊ နီဆာ(NESA) မှာတော့ (၁၁)နိုင်ငံပါဝင်ပါတယ်။ ဥရောပဘက်မှာ အီးယူ အဖွဲ့ဝင်နိုင်ငံ(EU Members) (၂၈)နိုင်ငံနဲ့ အီးယူအဖွဲ့ဝင် မဟုတ်တဲ့ (Non-EU)နိုင်ငံ (၂)နိုင်ငံပါဝင်ပါတယ်။ အဖွဲ့ အစည်းအနေနဲ့ အာဆီယံအတွင်းရေးမှူးရုံး (ASEAN Secretariat)နဲ့ ဥရောပသမဂ္ဂ (European Union)တို့ပဲဖြစ် ပါတယ်။ အားလုံးပေါင်းလိုက်တော့ အဖွဲ့ဝင်ပေါင်း (၅၃) ဦးပေါ့။ ASEM ကိုတည်ထောင်ခြင်းအားဖြင့် အပြန်အလှန် လေးစားခြင်း၊ အခွင့်အရေးညီတူညီမျှဖြစ်ခြင်း၊ အများနဲ့ ဆက်စပ်တဲ့ ကိစ္စရပ်များဆိုင်ရာ အကျိုး ကျေးဇူးတွေရရှိခြင်း ဘဲဖြစ်ပါတယ်။

## ASEM (Asia-Europe Meeting)

ဒီခေါင်းစဉ်အောက်မှာ ကျင်းပတဲ့ အစည်းအဝေး များကတော့ Heads of State and Government များပါ ဝင်တဲ့ အစည်းအဝေးများ (ASEM Summit)၊ ဝန်ကြီးအဆင့် အစည်းအဝေးများ (Minister's Meeting)နဲ့ အဆင့်မြင့်အ ရာရှိကြီးများအစည်းအဝေးများ (Senior Officials' Meeting)တို့ပဲဖြစ်ပါတယ်။ ဝန်ကြီးများအစည်း အဝေး တွေမကျင်းပခင် အဆင့်မြင့်အရာရှိကြီးများဟာ ကြိုတင် အစည်းအဝေးလုပ်ပြီး ညှိနှိုင်းမှုများရယူလို့ ဝန်ကြီးများ အဆင့် အစည်းအဝေးအတွက် ပြင်ဆင်ရခြင်းပဲ ဖြစ်ပါ တယ်။

## ASEM Summit

နိုင်ငံနဲ့ အဖွဲ့အစည်းတွေရဲ့ ခေါင်းဆောင်များ၊ ဥရောပကောင်စီရဲ့ ဥက္ကဋ္ဌ၊ ဥရောပကော်မရှင်ရဲ့ ဥက္ကဋ္ဌနဲ့ အာဆီယံအထွေထွေအတွင်းရေးမှူးချုပ်တို့ပါဝင်ပြီး ၂ နှစ် တစ်ကြိမ် အစည်းအဝေးများကျင်းပ ဆွေးနွေးကြခြင်းပဲဖြစ် ပါတယ်။ ပထမဆုံးအကြိမ်ဖြစ်တဲ့ 1st ASEM Summitကို ၁၉၉၆ခုနှစ်၊ မတ်လ၊ ထိုင်းနိုင်ငံ၊ ဘန်ကောက်မြို့မှာ ကျင်း ပခဲ့ပြီး ဥရောပကနိုင်ငံ ၁၅ နိုင်ငံ၊ အရှေ့တောင်အာရှ အာဆီ ယံအဖွဲ့ဝင်နိုင်ငံ ၇ နိုင်ငံ၊ အာရှက တရုတ်နိုင်ငံ၊ ဂျပန်နိုင်ငံ၊ ကိုရီးယားနိုင်ငံနှင့် ဥရောပကော်မရှင်တို့ စတင်ပါဝင်ခဲ့ပါ တယ်။ ၂၀၀၄ ခုနှစ်မှာ ကျင်းပခဲ့တဲ့ ငါးကြိမ်မြောက် 5th ASEM Summit မှာ ဥရောပက အဖွဲ့ဝင်ပေါင်း ၁၀ နိုင်ငံနဲ့ အာဆီယံက နိုင်ငံ ၃ နိုင်ငံဟာ ASEM ရဲ့ အဖွဲ့ဝင်များ ထပ် ဖြစ်လာပြီးတော့ အဲဒီ ၃နိုင်ငံထဲမှာ မြန်မာနိုင်ငံပါဝင်ခဲ့ပါ တယ်။

၂၀၀၈ခုနှစ်၊ တရုတ်နိုင်ငံ၊ ဘေဂျင်းမှာ ကျင်းပတဲ့ ၇ ကြိမ်မြောက် 7th ASEM Summit မှာ ဥရောပနိုင်ငံ ၅

နိုင်ငံနဲ့ အာဆီယံအတွင်းရေးမှူးရုံးတို့ ပါဝင်လာတဲ့အတွက် အဖွဲ့ဝင်ပေါင်းဟာ ၄၅ နိုင်ငံ ဖြစ်လာပါတယ်။ ၂၀၁၀ ခုနှစ်၊ အောက်တိုဘာမှာ ကျင်းပတဲ့ ၈ ကြိမ်မြောက် 8th ASEM Summit မှာတော့ ဥရောပက ၃ နိုင်ငံထပ်တိုးလာတဲ့အတွက် အဖွဲ့ဝင်ပေါင်းဟာ ၄၈ နိုင်ငံဖြစ်လာခဲ့ပြီး ၂၀၁၂ ခုနှစ်၊ နိုဝင်ဘာမှာ ကျင်းပတဲ့ ၉ ကြိမ်မြောက် 9th ASEM Summit မှာတော့ ဥရောပနဲ့ အာရှဘက်က နိုင်ငံပေါင်း ၃ နိုင်ငံ ထပ်မံပါဝင်လာတဲ့အတွက် အဖွဲ့ဝင်ပေါင်းဟာ ၅၁ နိုင်ငံဖြစ်လာခဲ့ပါတယ်။ နောက်ဆုံးဖြစ်တဲ့ ၁၀ ကြိမ်မြောက် 10th ASEM Summit ကို ၂၀၁၄ ခုနှစ်၊ အောက်တိုဘာလမှာ ဖိလစ်ပိုင်နိုင်ငံ၊ မနီလာမြို့မှာ ကျင်းပခဲ့ပြီး ဥရောပဘက်က တစ်နိုင်ငံနဲ့ အာရှဘက်က တစ်နိုင်ငံ ထပ်မံဝင်ရောက်လာတာကြောင့် အဖွဲ့ဝင်ပေါင်းဟာ ၅၃ အထိဖြစ်သွားခဲ့ပါတယ်။

## ASEM Senior Officials' Meeting

၁၃ ကြိမ်မြောက် အေဆမ် အဆင့်မြင့်အရာရှိကြီးများအစည်းအဝေးကို ၂၀၁၇ ခုနှစ်၊ စက်တင်ဘာလ ၆ ရက်မှ ၈ ရက်အထိ ဦးစွာကျင်းပခဲ့တာဖြစ်ပါတယ်။ အာရှ - ဥရောပနိုင်ငံများအကြား bilateral & multilateral ဆွေးနွေးမှုများ ပြုလုပ်ဖို့ ကနဦး အစည်းအဝေး ကျင်းပခဲ့တာဖြစ်ပါတယ်။ စီးပွားရေး၊ နိုင်ငံရေး၊ ယဉ်ကျေးမှုနဲ့ ပညာရေး စတာတွေကို ထဲထဲဝင်ဝင် ရင်းရင်းနှီးနှီး ဆွေးနွေးဖို့ပဲ ဖြစ်ပါတယ်။

## ASEM Foreign Ministers' Meeting

၁၃ ကြိမ်မြောက် အေဆမ်နိုင်ငံခြားရေးဝန်ကြီးများအစည်းအဝေးကို ၂၀၁၇ ခုနှစ်၊ နိုဝင်ဘာလ ၂၀ ရက်နေ့ကနေ ၂၁ ရက်နေ့အထိ ကျင်းပမှာဖြစ်ပါတယ်။ ကနဦး ၁၇ ရက်က ၁၉ ရက်နေ့ထိ အဆင့်မြင့်အရာရှိကြီးများက အစည်းအဝေးများပြုလုပ်ပြီး ၂၀ ရက် ကနေ ၂၁ ရက်နေ့ထိ ကျင်းပမဲ့ နိုင်ငံခြားရေးဝန်ကြီးများအဆင့်အစည်းအဝေးမှာ ပါဝင်အားဖြည့် ပံ့ပိုးရမှာပဲဖြစ်ပါတယ်။ ဒါကြောင့်မို့ အဆင့်မြင့်အရာရှိကြီးများဟာ နိုဝင်ဘာ ၁၇ ရက် မတိုင်ခင်တည်းက တို့နိုင်ငံကို ရောက်နေကြပြီလေ။

အဲဒီမှာတော့တို့တွေရဲ့ဆက်ဆံရေးအရာရှိများ အခန်းကဏ္ဍလေးကိုနည်းနည်းထပ်ပြောရတော့မှာပါ။ ဝန်ကြီးများအစည်းအဝေးနေ့မရောက်ခင် အဆင့်မြင့်အရာရှိကြီးများအစည်းအဝေးနေ့ ၁၈-၁၁-၂၀၁၇ ရက်နေ့မှာအာရှ-ဥရောပအုပ်စုပေါင်းဆွေးနွေးခဲ့ရာမှ ညှိနှိုင်းချက်၊ဆုံးဖြတ်ချက်များ မပြီးပြတ်လို့ အာဆီယံအုပ်စု၊ နီဆာအုပ်စုနဲ့ အီးယူအုပ်စုဆိုပြီး (၃)အုပ်စုခွဲပြီး၊ အခန်းတွေခွဲလို့ ထပ်မံကျင်းပခဲ့ကြပြန်တယ်။ နာရီကြည့်လိုက်တော့ ည ၉ နာရီကျော်နေပြီလေ။ တို့ဆက်ဆံရေးအရာရှိများလည်း ကိုယ်တာဝန်ကျတဲ့ ခေါင်းဆောင်များရဲ့အခန်းရှေ့မှာစောင့်နေရင်းနဲ့ အာဆီယံအုပ်စုက ချက်ချင်းဆိုသလို ပြီးသွားပါလေရော။ နောက်နေ့မှ ဆက်လုပ်တော့မယ်ပေါ့ ။ ဒီတော့ အာဆီယံအုပ်စုရဲ့ ဆက်ဆံရေးအရာရှိများက ဟေးကနဲ့အော်ပြီး ထပြန်သွားကြတော့တယ်လေ။ ကျန်ခဲ့တဲ့ အီးယူနိုင်ငံ တစ်ချို့တစ်ဝက်က ဒုတိယ ၁၀နာရီခွဲလောက်မှာ ပြန်သွားကြပြီး၊ တို့တာဝန်ကျတဲ့ နီဆာအုပ်စု (ဂျပန်နိုင်ငံအပါအဝင်) ကတော့ ကျန်တဲ့ အီးယူနိုင်ငံများနဲ့ ပူးပေါင်းလို့ ည ၁၁ နာရီကျော်တဲ့အထိ အစည်းအဝေးလုပ်ခဲ့တာ မှတ်မှတ်ရရပါပဲလေ။ နောက်နေ့ ၁၉-၁၁-၂၀၁၇ ရက်နေ့ညမှာလည်း နိုင်ငံအားလုံးဟာ ည ၁၂ နာရီကျော်ပြီး နောက်နေ့ ၂၀-၁၁-၂၀၁၇ ရက်နေ့ကို ကူးလို့ မနက် ၁ နာရီခွဲအထိ အစည်းအဝေးကျင်းပခဲ့ကြတာမို့ တို့တစ်သက်တော့ မမေ့နိုင်စရာပါပဲ။ တို့တွေအိမ်ပြန်တော့ အချင်းချင်း Good Morning လို့တောင် နောက်ပြောင်နှုတ်ဆက်ကျရတယ်လေ။

အေဆမ်နိုင်ငံခြားရေးဝန်ကြီးများအစည်းအဝေးမှာအုပ်စုအလိုက် ညှိနှိုင်းရေးမှူးများအဖြစ် မြန်မာနိုင်ငံ၊ ဖိလစ်ပိုင်နိုင်ငံ၊ ပါကစ္စတန်နိုင်ငံ၊ အက်စတိုးနီးယားနိုင်ငံနဲ့ ဥရောပသမဂ္ဂပြည်ပဆက်ဆံရေးဌာနတို့က ဆောင်ရွက်ခဲ့တာတွေရပါတယ်။ မြန်မာနိုင်ငံကတော့ တို့ရဲ့ ခေါင်းဆောင်ဖြစ်တဲ့ ဒေါ်အောင်ဆန်းစုကြည်က Chair အဖြစ် ဆောင်ရွက်ခဲ့ပါတယ်။

## ASEM Key Characteristics

လွတ်လပ်ပွင့်လင်းစွာ ပူးပေါင်းဆောင်ရွက်မှုနဲ့ ထဲထဲဝင်ဝင်ဆွေးနွေးဖို့၊ ညီမျှမှုကို အခြေခံလို့ အပြန်အလှန်နားလည်မှုမြင့်တင်ဖို့၊ လုပ်ငန်းဆောင်ရွက်မှုတွေမှာ အဆင်ပြေချောမွေ့စေပြီး တက်တက်ကြွကြွဆောင်ရွက်ဖို့၊ နိုင်ငံအချင်းချင်းအကြား လုပ်ငန်းဆောင်ရွက်ဆွေးနွေးတဲ့ ကိစ္စ

ရပ်များကို အချိန်ကုန်သက်သာပြီး ထိရောက်စေဖို့တွေပဲ ဖြစ်ပါတယ်။ မူဝါဒချမှတ်သူတွေအတွက် နယ်ပယ် အသီးသီးက ပြည့်စုံတဲ့ အချက်အလက်များရရှိစေဖို့၊ နိုင်ငံ အချင်းချင်းအကြား ရှုထောင့်အမျိုးစုံကို ညီညီမျှမျှ၊ လွှမ်းခြုံ နိုင်စေဖို့၊ အပြန်အလှန်လေးစားခြင်းနဲ့ အပြန်အလှန်အကျိုး ကျေးဇူးရရှိစေမဲ့ နည်းလမ်းများဖြင့် ပူးပေါင်းဆောင်ရွက်နိုင် စေဖို့၊ နိုင်ငံခေါင်းဆောင်များနှင့် အဆင့်မြင့် တာဝန်ရှိသူ များ ဆွေးနွေးဆုံးဖြတ်ခြင်းမှ နိုင်ငံသူနိုင်ငံသားများအားဦး တည်အလေးထားနိုင်စေဖို့ စတဲ့ အချက်များဟာ အေဆမ် ရဲ့ လက္ခဏာရပ်တွေပါဘဲ။

**ASEM Achievements**

တရားဝင်ကန့်သတ်ချက်၊ ဆုံးဖြတ်ချက်များနဲ့ အပေးအယူသဘောမျိုး ဆောင်ရွက်တာမဟုတ်ဘဲ ရင်းနှီး ပွင့်လင်းလွတ်လပ်မှုကို အခြေခံတာကြောင့် အေဆမ်ဟာ ရင်ဖွင့်စရာ နေရာတစ်ခု (A Dialogue Facilitator)ဘဲ ဖြစ် ပါတယ်။ ကုလသမဂ္ဂ ပြုပြင်ပြောင်းလဲမှုဆိုင်ရာ ကိစ္စရပ် များ၊ လက်နက်ဖျက်သိမ်းရေးကိစ္စရပ်များ၊ အကြမ်းဖက် မှုဆိုင်ရာ ကိစ္စရပ်များ၊ အလုပ်သမားရွှေ့ပြောင်းမှုဆိုင်ရာ ကိစ္စရပ်များ၊ စားနပ်ရိက္ခာလုံခြုံမှုဆိုင်ရာ စေ့စပ်ညှိနှိုင်းမှု အစရှိတဲ့ နိုင်ငံတကာအရေးနဲ့ပတ်သက်လို့လဲ ဆွေးနွေးလို့ ရတဲ့ နေရာတစ်ခုဖြစ်ပါတယ်။ အာရှနဲ့ ဥရောပတစ်လွှား နိုင်ငံများအချင်းချင်း ပူးပေါင်းလို့ နိုင်ငံတကာအဆင့် လုံခြုံ မှုရှိတဲ့ ပတ်ဝန်းကျင်တစ်ခုကို ပိုမို တိုးတက်လာစေဖို့လဲ အတူတကွ ဆောင်ရွက်ခဲ့ကြတယ်။ အေဆမ်ဟာ အထောက် အကူပြုနိုင်တဲ့ လုပ်ငန်းစဉ် ဖြစ်လာခဲ့ပြီး နိုင်ငံများအကြား စီးပွားရေး မူဘောင်များကိုလည်း တိုးမြှင့်နိုင်ခဲ့ပါတယ်။

အေဆမ်ဟာ မူဝါဒချမှတ်ခြင်းများ စုဝေးရာအဖွဲ့ ကြီးတစ်ခု (A Policy-Making Laboratory)လဲဖြစ်ပါတယ်။ အနာဂတ်အတွက် ဖွံ့ဖြိုးတိုးတက်အောင် အကြံဉာဏ်အသစ် တွေပေးနိုင်တဲ့ အဖွဲ့ဝင်များကိုလည်း လက်ကမ်းကြိုဆိုလျက် ရှိပါတယ်။ ခေတ်ရေစီးကြောင်းနဲ့ ကိုက်ညီတဲ့ နိုင်ငံတကာ အစီအစဉ်များကိုလည်း ကူညီဆောင်ရွက်ခဲ့တယ်။ အထူး သဖြင့် သဘောထားကွဲလွဲတဲ့ နယ်ပယ်များမှာ လွတ်လပ်စွာ စေ့စပ်ညှိနှိုင်းခြင်းနဲ့ အခွင့်အရေးတစ်ရပ်ရရှိနိုင်အောင် ထောက်ပံ့ပေးခဲ့ပါတယ်။ နိုင်ငံအချင်းချင်း အသိပညာများ ဝေမျှခြင်းနဲ့ အတွေ့အကြုံဖလှယ်ခြင်းစတဲ့ အခွင့်အရေး များကို ဖန်တီးပေးနိုင်ခဲ့ပြီး နည်းပညာ လွှဲပြောင်းခြင်းများ ကိုလည်း ဆောင်ရွက်နိုင်ခဲ့ပါတယ်။

အေဆမ်ဟာ ဥရောပနဲ့ အာရှ ဆက်နွယ်ရင်းနှီးမှု (Managing Growing Europe-Asia Relations) ကို ပိုမို တည်တံ့စေပါတယ်။ ဥရောပနဲ့ အာရှအကြား ကောင်းမွန်တဲ့ အပြောင်းအလဲများဖြစ်ပေါ်လာအောင် အထောက်အကူပြု တဲ့နေရာမှာ ပံ့ပိုးပေးပြီး စုပေါင်းဆောင်ရွက်တတ်မှုစတဲ့ ကိစ္စရပ်များ တိုးမြင့်လာစေပါတယ်။ နိုင်ငံများ အကြား ကမ္ဘာလုံးဆိုင်ရာ တူညီတဲ့ ရည်မှန်းချက်များကို ဖော်ဆောင် ခြင်းနဲ့ အများရရှိနိုင်တဲ့ အကျိုးစီးပွားအတွက် ဒေသတွင်းနဲ့ နိုင်ငံတကာအကြား ခြုံငုံအကျိုးရှိဘို့ ဆောင်ရွက်နိုင်ခဲ့ပါ တယ်။

သူငယ်ချင်းရေ တို့အေဆမ်အကြောင်း ရှင်းပြတာ လဲ နဲနဲတော့ ပြည့်စုံပြီလို့ထင်ပါတယ်။ အေဆမ်ကဘာလဲ၊ သူ့ရဲ့ လက္ခဏာရပ်တွေနဲ့ အကျိုးရရှိမှုတွေက ဘယ်လိုလဲ၊ အေဆမ်အောက်မှာ ဘယ်လိုခေါင်းစဉ်တွေနဲ့ အစည်းအဝေး တွေကျင်းပကြလဲ၊ အစည်းအဝေးတက်ရောက်တဲ့သက်ဆိုင် ရာ ပုဂ္ဂိုလ်များအတွက် ဆက်ဆံရေးအရာရှိများရဲ့ တာဝန်က ဘယ်လိုမျိုးလဲဆိုတာ ပြည့်စုံ လောက်ပါပြီနော်။ အချိန် ကလဲ မရှိတော့လို့ စာကို ဒီမှာပဲရပ်လိုက်တော့မယ်။ မေး ခွန်းတွေမေးချင်ရင်လဲ စာရေးပေါ့။ ဒီထက် ပြည့်ပြည့်စုံစုံ သိချင်တယ်ဆိုရင်တော့ www.ASEMinfoboard.orgထဲ ဝင်ကြည့်လိုက်ရင် ပိုမိုတိကျတဲ့အချက်အလက်များကို ရ မယ်ထင်ပါတယ်။ အခု ၁၃ ကြိမ်မြောက် အေဆမ် နိုင်ငံခြား ရေးဝန်ကြီးများ အစည်းအဝေးမှာ တို့နိုင်ငံရဲ့ **Chair's Statement က Stxengthening Partnership for Peace and Sustainable Development** ပါတဲ့။ သူငယ်ချင်း ကျန်းမာ၊ ချမ်းသာပါစေ။

***မင်းရဲ့***
***မြန်မာပြည်က သူငယ်ချင်း***

*ကိုးကားချက် – နိုင်ငံခြားရေးဝန်ကြီးဌာနမှ ပြုလုပ်သည့် ဆက်ဆံရေးအရာရှိများ အစည်းအဝေးများမှ ကောက်နုတ်ချက်များ*

www.ASEMinfoboard.org

# E-GDDS
# အကြောင်းသိကောင်းစရာ

| ညောင်တိုင် (CSO) |




## နောက်ခံသမိုင်းကြောင်း

၁၉၉၄ – ၁၉၉၅ ဘဏ္ဍာနှစ်တွင် စာရင်းအင်းအရည်သွေးများကျဆင်းခြင်းနှင့် ပွင့်လင်းမြင်သာမှုအားနည်းခြင်းများကြောင့် ဈေးကွက်ကစဉ်ကလျားဖြစ်ခဲ့ပြီး ငွေရေးကြေးရေးအခက် အခဲများပေါ်ပေါက်ခဲ့ပါသည်၊ IMF Data Standards Initiative မှာ ၁၉၉၆ခုနှစ်တွင် Crisisဖြစ်ပွားမှုများကို ကာကွယ်ရန်အတွက် Dataများကို ဈေးကွက်များ၊ ပုဂ္ဂလိကကဏ္ဍများနှင့် မူဝါဒချမှတ်ဆောင်ရွက်မှုများအတွက် အချိန်မီမှန်ကန်စွာဖြင့် ထုတ်ဝေဖြန့်ဖြူးနိုင်ရန် General Data Dissemination System-GDDSကို တည်ထောင်ခဲ့ခြင်းဖြစ်ပါသည်။ ထို့ပြင် စာရင်းအင်းကဏ္ဍများဖြန့်ဝေရာတွင် Special Data Dissemination Standard (SDDS)ကို ဖွံ့ဖြိုးပြီး နိုင်ငံများတွင် လည်းကောင်း၊ e-GDDSကို ဖွံ့ဖြိုးဆဲနိုင်ငံများတွင်လည်းကောင်း၊ Data များကို နှစ်စဉ် (သို့မဟုတ်) အခါအားလျော်စွာ လိုအပ်လျှင် လိုအပ်သလို Review ပြန်လုပ်နိုင်ရန်နှင့် ထွန်းသစ်စဈေးကွက်များ (Emerging Market)၏ Crisis ဖြစ်ပွားမှုများကို အကဲဖြတ် ဆန်းစစ်လေ့လာသုံးသပ်နိုင်ရန်အတွက် SDDS Data(သို့မဟုတ်) GDDS Dataများ၏ အဆင့်အတန်းနှင့် ပတ်သက်သည့် Report on the Observance of Standards and Codes (data ROSCs)ကို ၁၉၉၀ ခုနှစ်တွင်စတင်ခဲ့ပါသည်။ ၂၀ရာစုနီးပါးခန့်က ဖွံ့ဖြိုးပြီးနိုင်ငံများ ၏ Data Dissemination သည် GDDS မှ SDDS သို့ အနည်းငယ်ပြောင်းလဲတိုးတက်ဆောင်ရွက်လာခဲ့ပါသည်။

## Data Standards Summary

Data Standards Summary အနေဖြင့် နိုင်ငံများတွင် Capital Markets မှ Key Data များ ဖြန့်ဖြူးထုတ်ဝေနိုင်ရန်အတွက် အသုံးပြုသူများ (Users)၊ ငွေရေးကြေးရေး ဘဏ္ဍာရေး ဈေးကွက်တွင် ပါဝင်သူများ (Financial Market Participants)အသီးသီးနှင့် နိုင်ငံတစ်နိုင်ငံချင်းစီ၏ စီးပွားရေးအခြေအနေ (Economic Situation)များတွင် ချင့်ချိန်ဆုံးဖြတ်နိုင်ရန်အတွက် SDDSနည်းလမ်းများဖြင့် ရှာဖွေလေ့လာသုံးသပ်ကြပါသည်၊ GDDSသည် နိုင်ငံများ၏ စာရင်းအင်းစနစ် ဖွံ့ဖြိုးတိုးတက်စေရန်အတွက် ယုံကြည်ကိုးစားလောက်သော Data များနှင့် ပိုမိုပြည့်စုံကောင်းမွန်အောင် ဖြန့်ဖြူးခြင်းများနှင့် Framework များအကြား ရှေ့ဆက်ဆောင်ရွက်လုပ်ကိုင်ရန် ထောက်ပံ့ပေးခြင်းမှတစ်ဆင့် SDDS ၏ လိုအပ်ချက်များကို ဖြည့်စွက်ဆောင်ရွက်သွားရမည်ဖြစ်ပါသည်။ ထို့အပြင် GDDS သည် Core of the Paris-21၏ အမျိုးသား စာရင်းအင်းဖွံ့ဖြိုးတိုးတက်မှု မဟာဗျူဟာ (National Statistical Development Strategies) နှင့် ပေါင်းစပ်ထားသည့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေး မဟာဗျူဟာအစီရင်ခံစာများ (Integrated Poverty Reduction Strategy Papers)ကိုလည်း ထောက်ပံ့မှုပေးခဲ့ပါကြောင်းလည်း သိရှိခဲ့ရပါသည်။

## Data Assessment of Progress

Data Assessment of Progress အနေဖြင့် GDDS မှတစ်ဆင့် SDDS ၊ ထိုမှတစ်ဖန် SDDS Plus သို့ Process အဆင့်ဆင့်ဖြင့် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ GDDS's Assessment of Progress အနေဖြင့် Metadata ဖြင့် ဖော်ပြခြင်းဖြစ်ပြီး ဖွံ့ဖြိုးတိုးတက်မှုစီမံကိန်းများမှာလည်း ကြီးမားစွာ အောင်မြင်မှုရရှိလျက်ရှိပါကြောင်း သိရှိခဲ့ရပါသည်၊ အချို့အရေးပါသော ဧရိယာများ၏ Progress အနေဖြင့် ယုံကြည်ကိုးစားနိုင်သော စာရင်းအင်းစနစ်မှာ အားနည်းနေဆဲဖြစ်ပြီး အချို့နိုင်ငံများတွင်လည်း National Summary Data Pages-NSDPs နှင့် Advance Release Calendars-ARCs တို့မှာ Data Dissemination တိုးမြှင့်ဆောင်ရွက်နိုင်ရန်မှာ အလွန်အရေးကြီးပါသည်။



## GDDS ၏ ရည်ရွယ်ချက်

GDDS၏ ရည်ရွယ်ချက်မှာ မဟာဗျူဟာများ တိုးမြှင့်ဆောင်ရွက်ချက်များဖြင့် ဝင်ငွေနည်းပါးသည့် နိုင်ငံများတွင် စာရင်းအင်း နယ်ပယ်ကဏ္ဍအရှိန်မြှင့်လာစေရန် Update Metadata\Plans များသည် ဖွံ့ဖြိုးတိုးတက်မှုအတွက် မလုံလောက်သော Progress များ၊ Data Dissemination ဆောင်ရွက်ရာတွင် မမှန်ကန်သော Progress များ၊ SDDS ကူးပြောင်းရန်အတွက် အဆင့်အတန်းနိမ့်ကျသည့်နှုန်းများကို အဆင့်မြှင့်တင်ရန်ဖြစ်ပါသည်။ ထို့ပြင် Data အရည်အသွေးပြည့်ဝခြင်းနှင့် ပွင့်လင်းမြင်သာမှုရှိခြင်းတို့သည် နိုင်ငံများ၏ Capital Markets ဝင်ရောက်မှုအတွက် အရေးကြီးသော အဆင့်မြှင့်တင်မှုဖြစ်ပါသည်။

## GDDS ဆောင်ရွက်ချက်မြှင့်တင်မှု

GDDS ဆောင်ရွက်ချက်မြှင့်တင်မှုအနေဖြင့် ဝင်ငွေနည်းသည့် နိုင်ငံများအတွက် နိုင်ငံတကာ Data များကို နှိုင်းယှဉ်နိုင်ခြင်းဖြင့် ရလဒ်များ လွယ်ကူစွာ ရရှိမည်ဖြစ်ခြင်း။ Statistical Capacity ဖွံ့ဖြိုးတိုးတက်ရန်အတွက် Stronger Focus ထောက်ပံ့ပံ့ပိုးပေးရန် လိုအပ်ခြင်းနှင့်ကဏ္ဍအသီးသီး၏ စာရင်းအင်းများ ထုတ်ဝေနိုင်ရန်အတွက်အရည်

အသေးပြည့်ဝသော ကိန်းဂဏန်းများရရှိအောင် ကြိုးပမ်းအားထုတ်မှု တွန်းအားလိုအပ်ခြင်းနှင့် ရန်ပုံငွေများနှင့်အလှူရှင်များ (Donors)အကြား နိုင်ငံတကာအဖွဲ့အစည်းများ (International Institutions)နှင့် နိုင်ငံများရှိ တာဝန်ရှိသူများနှင့် ပူးပေါင်းဆောင်ရွက်မှုများကို မြှင့်တင်ခြင်းတို့ဖြစ်ပါသည်။

**e-GDDS Features**

e-GDDS Featuresတွင် Data Categories (15) ခုကို အထူးအလေးထားစောင့်ကြည့်လေ့လာခြင်း (Focus on Surveillance)။ မက်လုံးပေးဆောင်ရွက်ချက်များကို စောင့်ကြည့်စစ်ဆေးခြင်း(Monitoring)နှင့် အစီရင်ခံစာရေးသားခြင်း(Reporting)နှင့် အကောင်အထည်ဖော်ဆောင်ရွက်ရမည့်ကာလ (Implementation Period)တို့ဖြစ်ပါသည်၊ e-GDDS အနေဖြင့် Data Provisionကို ပြည့်စုံစွာ ထပ်မံ Proposalလုပ်ဆောင်ရာတွင် GDDS Data ဖြင့် စောင့်ကြည့်လေ့လာသည့် ရည်ရွယ်ချက်များ (Statistical Profileကို မူဝါဒချမှတ်သူများ၊ ဘုတ်အဖွဲ့နှင့် တိုင်းပြည်များဖြင့် တိုးတက်အောင်ဆောင်ရွက်ခြင်း)ဖြင့် ဆောင်ရွက်လျက်ရှိပါသည်။

IMFအဖွဲ့ဝင်များမှ နိုင်ငံတကာစံနှုန်းများအတိုင်း စာရင်းအင်းများကို ဖော်ပြခြင်းဖြင့် GDDSသည် နိုင်ငံတကာအဖွဲ့အစည်းများသို့ အရည်အသွေးပြည့်ဝသော စာရင်းအင်းများကို ပံ့ပိုးပေးနိုင်မည်ဖြစ်ပါသည်၊ Special Data Dissemination Standard-SDDSနှင့် Special Data Dissemination Standard Plus-SDDS Plusတို့ကိုလည်း IMFမှတစ်ဆင့်ပြီးတစ်ဆင့် ဆက်လက်ဆောင်ရွက်လျက်ရှိပါသည်။

**မြန်မာနိုင်ငံ GDDS အဖွဲ့ဝင်အဖြစ်ဝင်ရောက်မှုအခြေအနေ**

မြန်မာနိုင်ငံသည် ၂၀၁၃ ခုနှစ်။ နိုဝင်ဘာလ (၁၄) ရက်နေ့တွင် GDDSသို့ (၁၁၀)ကြိမ်မြောက် GDDSအဖွဲ့ဝင်အဖြစ်ဝင်ရောက်ခဲ့ပြီးဖြစ်ပါသည်။ ၂၀၁၅ခုနှစ်။ ဧပြီလတွင် GDDSအဖွဲ့ဝင်နိုင်ငံ ၁၁၂ နိုင်ငံ၊ SDDSအဖွဲ့ဝင်နိုင်ငံ ၆၄ နိုင်ငံနှင့် SDDS Plusအဖွဲ့ဝင်နိုင်ငံ ၈ နိုင်ငံများပါဝင်ပါသည်၊ e-GDDSဖြင့် စာရင်းအင်းများဖြန့်ဖြူးခြင်းသည် စာရင်းအင်း ဖြန့်ဖြူးသူနှင့် ထောက်လှမ်းသူအကြား ပွင့်လင်းမြင်သာမှုဖြင့် ပံ့ပိုးပေးနိုင်ခြင်းနှင့် စာရင်းအင်းအရည် အသွေးတိုးတက်မှုကို အထောက်အကူဖြစ်စေနိုင်ပါသည်၊ နည်းပညာဖွံ့ဖြိုးတိုးတက်မှုအားနည်းခြင်းနှင့် ငွေကြေးအကူအညီလိုအပ်ချက်များသည်လည်း e-GDDSအဖွဲ့ဝင်နိုင်ငံများကို စာရင်းအင်းအရည်အသွေး တိုးတက်နေးကွေးစေသည့်အချက်ဖြစ်စေနိုင်ပါသည်၊ IMFအနေဖြင့် ကောင်းမွန်သောတိုးတက်မှုများဖြင့် SDDSအဆင့်သို့ ရောက်ရှိနိုင်ရေးအတွက် GDDSအဖွဲ့ဝင်နိုင်ငံများကို လိုအပ်သော နည်းပညာပံ့ပိုးကူညီမည်ဖြစ်ပါသည်။

**IMF Technical Assistance Mission**

IMF Technical Assistance Missionသည် ၂၀၁၆ ခုနှစ် ဖေဖော်ဝါရီလ ၁၅ ရက်နေ့မှ ၁၉ ရက်နေ့အထိ Enhanced General Data Dissemination System (e-GDDS)နှင့် စပ်လျဉ်း၍ National Summary Data Page (NSDP)ဖွံ့ဖြိုး တိုးတက်ရေးအတွက် သက်ဆိုင်ရာဌာနများမှ Data Sharing ပြုလုပ်ရာတွင် Data Update ပေးပို့နိုင်ရန် ဗဟိုစာရင်း အင်းအဖွဲ့မှ Focal Officeအဖြစ် တာဝန်ယူ၍ မြန်မာနိုင်ငံ တော်ဗဟိုဘဏ်။ ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာနနှင့် စီမံ ကိန်းရေးဆွဲရေးဦးစီးဌာနများရှိ အကြီးအကဲများဖြင့် သက် ဆိုင်ရာရုံးများတို့တွင် တွေ့ဆုံညှိနှိုင်းဆွေးနွေးမှုများပြုလုပ် ပြီး Wrap-up Meetingကို ရုံးအမှတ် (၃၂)။ ဗဟိုစာရင်းအင်း အဖွဲ့တို့တွင် သက်ဆိုင်ရာဌာန အကြီးအကဲများဖြင့် တွေ့ဆုံ ညှိနှိုင်းဆွေးနွေးခဲ့ပါသည်။

**e-GDDS Data Categories for Macroeconomic View**

မြန်မာနိုင်ငံအတွက် Macroeconomicအချက်အလက်ဖြန့်ဝေနိုင်ရန် e-GDDS Data Categories(၁၅) ခုများမှာ -

1. National Accounts
2. Counsumer Price Index
3. General Government Operations
4. Central Government Operations



5. Central Government Debt
6. Despoitory Corporatios Survey
7. Central Bank Survey
8. Interest Rates
9. Stock Market
10. Balance of Payments
11. Official Reserve Assets
12. Merchandise Trade
13. International Investment Position
14. External Debt
15. Exchange Rates တို့ဖြစ်ပြီး

Socio-Demographic Data အတွက် Population Indicator ပါဝင်ပါသည်။

**Data Updating**

၄င်း Data များကို e-GDDS မှ သက်ဆိုင်ရာ Indicator အလိုက် အချိန်ကာလသတ်မှတ် ထားသော်လည်း မြန်မာနိုင်ငံဘက်မှ Data တွက်ချက်ရရှိမှုအပေါ် အချိန်ကာလသတ်မှတ်ပြီး ၄င်း Data များကို Update လုပ်ရာတွင် သက်ဆိုင်ရာဌာနများမှာ ဖြစ်နိုင်ခြေရှိသည့် Data Dissemination ကာလများအတိုင်း အတိအကျ ဆောင်ရွက်ပေးရမည်ဖြစ်ပါသည်။ ထို့ပြင် ၄င်း Categories များကို IMF ၏ NSDP တွင် Metadata ဖြင့်လည်း ဖော်ပြထားပါသည်။ IMF Mission လာရောက်ချိန်တွင် မြန်မာနိုင်ငံအနေဖြင့် Categories(၁၅)ခုအနက်(၉)ခုသာ ဖော်ပြနိုင်ခဲ့သော်လည်း ယခုအခါ Interest Rates ကို မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ လည်းကောင်း၊ Stock Market ကို Yangon Exchange Center မှ လည်းကောင်း ထပ်တိုး စုစည်းနိုင်ခဲ့သည့်အတွက် Categories (၁၁) ခု ထိ ဖော်ပြနိုင်ပြီဖြစ်ပါသည်။

**Outcome Data**

Outcome Data ကို အထူးအလေးထား စောင့်ကြည့်ဆောင်ရွက်ရာတွင် Categories(၁၅)ခုသည် Real, Fiscal, Monetary and Financial, and external Sector များအပေါ် လွှမ်းခြုံပြီး Time Series Data များဖြစ်ပါသည်။ ၄င်း Data များသည် Table of Common Indicators Required for Surveillance (TCIRS) နှင့် Closely aligned ဖြစ်ပါသည်။ အခါအားလျော်စွာ ကောင်းမွန်သောလက်တွေ့လုပ်ခြင်း (Good Practice) နှင့် Timeliness အတိုင်း အချိန်အတိအကျ လုပ်ဆောင်ရန်အတွက် အရေးကြီးသော Categories များဖြစ်သည့် National Accounts နှင့် Balance of Payments တို့ကို လုပ်ဆောင်ရန်လိုအပ်ပါသည်၊ ထို့အပြင် Fiscal Sector နှင့် Financial Sector တို့တွင် Supplementary Data Categories များကိုလည်း အခြားနိုင်ငံများမှ လေ့လာကြည့်ရှုပြီး ရှေ့ဆက်ထည့်သွင်းဖော်ပြလိုသည့် Element များကို စောင့်ကြည့်ခြင်း (Surveillance) ဖြင့် လုပ်ဆောင်နိုင်ပါသည်။။

**e-GDDS မှ SDDS သို့တိုးမြှင့်ဆောင်ရွက်မှု**

Encourage Data Dissemination ကို Framework and Infrastructure များ ခိုင်မာအားကောင်းစေခြင်းဖြင့် ပံ့ပိုးရာတွင် Implementation Period ဖြစ်သည့် ၂၀၂၀ ခုနှစ်အကုန်တွင် အောင်မြင်ပြီးမြောက်ရမည်ဖြစ်ပါသည်၊

ထိုသို့ဆောင်ရွက်ရာတွင် Data Disseminationကို ပြည့်စုံစွာမရရှိခဲ့ဘဲ ပါဝင်ဆောင်ရွက်မှုမရှိခဲ့လျှင် နိုင်ငံတစ်ခုချင်းအပေါ်တွင် တာဝန်ရှိပါကြောင်း သိရှိခဲ့ရပါသည်၊ ၄င်း e-GDDS Data Categories(၁၅)ခုကို အောင်မြင်စွာ ဖော်ပြနိုင်ခဲ့မည်ဆိုလျှင် SDDSကို Linkချိတ်ပြီး တိုးမြှင့်ဆောင်ရွက်သွားရမည်ဖြစ်ပါသည်။

**Focal Office**

လက်ရှိမြန်မာနိုင်ငံအနေဖြင့် မည်သည့်အရာများဆောင်ရွက်နေသည်ကို သိရှိနိုင်ရန်အတွက် IMF NSDP Websiteကို သွားရောက်ကြည့်ရန် လိုအပ်ပါသည်။ NSDP ဆိုသည်မှာ e-GDDSတွင် ပါဝင်သူများမှ Encouraged Data Categories များကို NSDP မှတစ်ဆင့်ဖြန့်ဝေ ဖော်ပြခြင်းဖြစ်ပြီး e-GDDS မှ SDDS၄င်းမှ တစ်ဆင့် SDDS Plus Open-Data Platform (ODP)များဆောင်ရွက်ရာတွင် အစပထမ အခြေခံပုံစံ (Basic Form)များကိုသာ အသုံးပြုရမည်ဖြစ်ပါသည်။ Categoriesများကို Metadata များဖြင့် ရှင်းလင်းဖော်ပြထားပါသည်။ မြန်မာနိုင်ငံအနေဖြင့် စီးပွားရေးပွင့်လင်းလာမှု (Economy Transpaency)နှင့်အတူ NSDPဖွံ့ဖြိုးတိုးတက်ရေးအတွက် ဖော်ပြထားသော Categories Dataများကို သက်ဆိုင်ရာဌာနများမှ Data Sharing လုပ်ပြီး ဗဟိုစာရင်းအင်းအဖွဲ့မှ Focal Office အနေဖြင့် Data ကောက်ယူစုစည်း၍ Data Updating ကို တာဝန်ယူဆောင်ရွက် ပြုလုပ်ရပါသည်။ သက်ဆိုင်ရာဌာနများအနေဖြင့်လည်း ပေးပို့သော Data ကို NSDPတွင် ကြည့်ရှုနိုင်မည်ဖြစ်သကဲ့သို့ Updateလုပ်ကာ စစ်ဆေးနိုင်မည်လည်းဖြစ်ပါသည်။ ထိုသို့ပြုလုပ်ခြင်းဖြင့် မြန်မာနိုင်ငံ၏Macro-economy အတွက် Action ကောင်းဖြစ်လာမည်ဖြစ်ပါကြောင်း သိရှိခဲ့ရပါသည်။

**Data Website**

မြန်မာနိုင်ငံ၏ Data အချက်အလက်များကို လစဉ်စီးပွားရေး အခြေပြညွှန်းကိန်း (Selected Monthly Economic Indicators-SMEIs)နှင့် မြန်မာနှစ်စဉ်စာရင်းအင်းစာစောင် (Myanmar Statistical Year Book)နှင့် www.mmsis.gov.mmတို့တွင် စာရင်းအင်းများ ဖော်ပြသည်ထက် e-GDDS ဖြင့် NSDPတွင် ဖော်ပြနိုင်လျှင် မြန်မာနိုင်ငံ၏ စာရင်းအင်းများသည် ကမ္ဘာအနှံ့ပျံ့သွားမည်ဖြစ်ပါကြောင်း သိရှိခဲ့ရပါသည်။ ဗဟိုစာရင်းအင်းအဖွဲ့၏ www.csostat.gov.mm နှင့် mmsis Website ပေါ်ရှိ NSDPနှင့် Linkချိတ်ထားပြီး ထိုမှတစ်ဆင့် IMF၏ NSDP Website ဖြစ်သည့် www.dsbb.imf.org/pages/GDDS/ctyctglist.aspx?ctycode=MMRဖြင့်ထပ်မံ Linkချိတ်ထားသည့်အတွက် မြန်မာနိုင်ငံ၏ Macroeconomy View ကို လေ့လာသိရှိနိုင်မည် ဖြစ်ပါသည်။

**နိဂုံး**

အထူးသဖြင့် Investorများမှ နိုင်ငံတစ်နိုင်ငံသို့ဝင်ရောက်နိုင်ရန်အတွက် နိုင်ငံတစ်နိုင်ငံ၏ Macroeconomy ကို လေ့လာခြင်းဖြင့် သိရှိနိုင်ပါသည်။ ထို့ကြောင့် မိမိတို့နိုင်ငံကိုလည်း Macroeconomy View သိရှိနိုင်ရန် ပြုလုပ်ခြင်းဖြစ်ပါသည်။ IMF၏ နိုင်ငံတစ်နိုင်ငံအဖြစ် ဆောင်ရွက်ရန် Technical Assistance Missionမှ ဖိတ်ခေါ်ခဲ့ခြင်းဖြစ်ပါသည်။ Data Transpaency ကို မိမိတို့နိုင်ငံအနေဖြင့် Transpaencyရှိရှိ Launchလုပ်ရတော့မည့်အနေ အထားဖြစ်ပါသည်။ Data Disseminationနှင့် ပတ်သက်၍ Updateပြုလုပ်ရာတွင် သတ်မှတ်ထားသည့် Time Boundကို သတိထားရမည်ဖြစ်ပြီး သက်ဆိုင်ရာဌာနများနှင့် ဗဟိုစာရင်းအင်းအဖွဲ့တို့ ပူးပေါင်းပါဝင် ဆောင်ရွက်ကြခြင်းဖြင့် Implementation Period ဖြစ်သည့် ၂၀၂၀ ခုနှစ်အကုန်တွင် မြန်မာနိုင်ငံအနေဖြင့် e-GDDSကို ပြီးမြောက်အောင်မြင်အောင်ဆောင်ရွက်နိုင်မည်ဖြစ်ပါကြောင်း အကြံပြုရေးသားတင်ပြလိုက်ရပါသည်။

(မှတ်ချက် – IMF Technical Assistance Mission နှင့် စပ်လျဉ်းသည့် အစည်းအဝေးမှတ်တမ်းများနှင့် လက်တွေ့လုပ်ငန်းဆောင်ရွက်ချက်များမှ ကောက်နုတ်ရေးသားတင်ပြထားခြင်းဖြစ်ပါသည်။



# အမျိုးသမီးထုစွမ်းပကားမြှင့်တင်ရေးမှ ရေရှည်ဖွံ့ဖြိုးမှုဆီသို့

| သိန်းသိန်းစံ-စီမံကိန်း |

ယနေ့ခေတ်ကာလသည် နိုင်ငံအသီးသီးတွင် ရေရှည်ဖွံ့ဖြိုးတိုးတက်မှုကိုရရှိအောင် လုပ်ဆောင်နေကြ သောကာလဖြစ်သည်။ ၂၀၁၅ခုနှစ်တွင် ဆောင်ရွက်ပြီးစီးရန် သတ်မှတ်လျာထားခဲ့သော ထောင်စုနှစ်ရည်မှန်းချက်ပန်းတိုင်များ၏နောက်တွင် စဉ်ဆက်မပြတ်ဖွံ့ဖြိုး တိုးတက်မှု ရည်မှန်းချက်ပန်းတိုင်(၁၇)ချက်ကို ချမှတ်ခဲ့သည်။ ထိုပန်းတိုင် ၁၇ ချက်သည် ၂၀၃၀ ခုနှစ်အထိ ဆောင်ရွက်ရမည့် ရည်မှန်း ချက်ပန်းတိုင်များဖြစ်ပြီး ကျန်းမာရေး၊ ပညာရေး၊ ကျားမ တန်းတူညီမျှမှုရရှိစေရေး။ ဆင်းရဲမှုပပျောက်ရေးတို့အပြင် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးလုပ်ငန်းများကိုလည်း ပိုမိုအလေးပေးဆောင်ရွက်ရန် ရည်မှန်းလာကြခြင်းဖြစ်သည်။ ထောင်စုနှစ်ရည်မှန်းချက်ပန်းတိုင်များအနက် ဆက်လက်ဆောင်ရွက်ရန် လိုအပ်နေသေးသော လုပ်ငန်းများအတွက် ရည်မှန်းချက်များဆက်လက်ထားရှိရာတွင် ပန်းတိုင် အမှတ်(၅)။ ကျား/မတန်းတူညီမျှမှုရရှိရေးနှင့် အမျိုးသမီးများနှင့် အမျိုးသမီးငယ်များအားလုံး စွမ်းပကားတိုးမြှင့်စေရေးမှာလည်း ဆက်လက်ပါဝင်နေသေးသည်။ ဤအချက်ကို ကြည့်ခြင်းဖြင့် အမျိုးသမီးများ၏ စွမ်းဆောင်ရည်မြှင့်တင် ရေးလုပ်ငန်းများကမ္ဘာနှင့်အဝှမ်း ဆက်လက်လုပ်ဆောင်ရန် လိုအပ်နေသေးကြောင်း သက်သေပြလျက်ရှိသည်။

မြန်မာနိုင်ငံတွင် ကျား၊ မတန်းတူ ညီမျှမှုရရှိရေးနှင့် အမျိုးသမီးများ၊ အမျိုးသမီးငယ်များအားလုံး စွမ်းပကား တိုးမြှင့်စေရေး( High Level Conference on Sustainable Development Goal 5 -SDG 5) အဆင့်မြင့် အရာရှိကြီးများ ညီလာခံကို အောက်တိုဘာလအတွင်း နေပြည်တော်တွင် အောင်မြင်စွာကျင်းပပြုလုပ်ပြီးစီးခဲ့ပါသည်။ ကျား၊ မတန်းတူညီမျှမှုရရှိရေး အမျိုးသမီးစွမ်းပကား တိုးမြှင့်ရေးတို့ အတွက်ကြိုးပမ်းအားထုတ်မှု၏ အောင်မြင်မှုခြေလှမ်းတစ် ရပ်လည်းဖြစ်သည်။ ကျားမတန်းတူညီမျှမှု ရရှိရေးမှာ စဉ်ဆက်မပြတ်ဖွံ့ဖြိုး တိုးတက်မှု ပန်းတိုင်များ အနက် အရေး ပါသောပန်းတိုင်တစ်ရပ်လည်းဖြစ်ပေသည်။

ကျား၊ မတန်းတူညီမျှရှိရေးနှင့် အမျိုးသမီးများ စွမ်းပကား မြှင့်တင်ရေးသည်လည်း တစ်ခုနှင့်တစ်ခုဆက်စပ်နေကြသည်။ အမျိုးသမီးများအနေနှင့် ရုပ်ပိုင်းဆိုင်ရာသာမက စိတ်ပိုင်းဆိုင်ရာမှာပါ အမှီအခိုကင်းဖို့ မိမိဘဝကို မိမိဘာသာရပ်တည်နိုင်ဖို့ စွမ်းပကားရှိရန်လိုသည်၊ ဘဝရပ်တည်ရေးအတွက် အသက်မွေးဝမ်းကျောင်း ရွေးချယ်ရာတွင် အတတ်ပညာ၊ အနုပညာ၊ လက်မှုပညာစသည်အားဖြင့် ကွဲပြားခြားနားကြသော်လည်း မိမိရပ်တည်သော နယ်ပယ်၏ ကျွမ်းကျင်မှုများတည်ဆောက်ထားရန် လိုအပ်ပါသည်။ ဆင်းရဲမှုပပျောက်ရေး။ အမျိုးသမီးများ ပုံစံအမျိုးမျိုးဖြင့် အကြမ်းဖက်ခံရခြင်း၊ လူကုန်ကူးခံရခြင်း၊ လိင်ပိုင်းဆိုင်ရာ ခေါင်းပုံဖြတ်ခံရခြင်းတို့မှ လွတ်မြောက်ရေးစသည်တို့ အတွက် ကြိုးပမ်းရာတွင်လည်း အမျိုးသမီးထု၏ စွမ်းဆောင်ရည်မြှင့်တင်ရေးမှာ လွန်စွာအရေးကြီးလှပါသည်။

မြန်မာနိုင်ငံတွင် Women Empowerment၊ Gender Equlityတို့နှင့် ပက်သက်၍ ပြည်တွင်းပြည်ပအဖွဲ့အစည်းများကြိုးပမ်းဆောင်ရွက်မှုများ၊ နိုင်ငံတော်အနေဖြင့် ဆောင်ရွက်ပေးမှုများ၊ တစ်ဦးချင်းလုပ်ဆောင်မှုများ အများအပြားပင်ရှိနေကြသည်။ အမျိုးသမီးလုပ်ငန်းရှင်တချို့ မှာလည်း နယ်စပ်ဒေသနှင့် ဝေးလံခေါင်သီသော ဒေသများမှ အတန်းပညာသင်ကြားရန် အခက်အခဲရှိသော အမျိုး သမီးငယ်များအတွက် ရက်ကန်းသင်တန်း၊ အပ်ချုပ်သင်တန်း များတက်ရောက်နိုင်အောင် ပညာသင် ထောက်ပံ့ကြေးများ ပေးခြင်း။ အလုပ်အကိုင် အခွင့်အလမ်းများဖန်တီးပေးခြင်း တို့ကို ဆောင်ရွက်ပေးနေသည်များလည်း အများအပြားရှိသည်။ သို့ရာတွင် အိမ်နီးချင်းနိုင်ငံများသို့ တရားမဝင် အလုပ်သွားရောက်လုပ်ကိုင်ခြင်းပြည်တွင်းရှိ မလုံခြုံသော လုပ်ငန်းအချို့တွင် ဝင်ရောက်လုပ်ကိုင်ခြင်းနှင့် လူကုန်ကူ ခံရမှုများမှာလည်း ဆက်လက်များပြားနေဆဲဖြစ်သည်၊ အိမ်ဖော်အဖြစ် ဝင်ရောက်လုပ်ကိုင်ရာမှ ညှင်းပမ်းနှိပ်စက်ခံရ သော လူမမယ်အမျိုးသမီးငယ်များမှာလည်း ဆက်လက် များပြားနေဆဲဖြစ်ကြောင်း ထိုအခြင်းအရာများနှင့် ပတ်သက်သောအမှုအခင်းဖြစ်ပွားမှုများကို မြင်တွေ့ခြင်းဖြင့် သိနိုင်သေးသည်။

ကျွန်မတို့ အမျိုးသမီးများအတွက် အကြောင်းအမျိုးမျိုးကြောင့် ပညာသင်ရန် အခွင့်အလမ်းမရှိခဲ့လျှင် အသက်မွေးမှုအတွက် လက်မှုပညာတစ်ခုမဖြစ်မနေတတ်မြောက်ထားရန်အရေးကြီးသည်။ ထိုပညာမှာလည်းအမှန်တကယ် အသက်မွေးဝမ်းကျောင်းပြုနိုင်သောအတတ်ပညာတစ်ရပ်ဖြစ်ရန် လိုအပ်လှသည်။

Women Empowerment Forum ကို တစ်လောက နေပြည်တော်မှာပင် ကျင်းပပြုလုပ်ခဲ့ရာထိုဖိုရမ်မှ စာရွက် စာတမ်းများထည့်ပြီး ဝေငှသောချည်အိတ် ကလေးတစ်လုံးဆရာသမားတစ်ယောက်ထံမှ ကျွန်မလက်ခံရရှိခဲ့သည်။ ချည်သားပိတ်စအပိုင်းအစကလေးများဖြင့် ဆက်စပ်ပြီးချုပ် လုပ်ထားသော ချည်အိတ်ကလေးတစ်အိတ်သာဖြစ်ရာ အမှတ်တမဲ့ ကြည့်လျှင်လှလည်း မလှ။ ပိတ်သားစများကို စပ်ချုပ်ထားသောကြောင့် ချုပ်ရန် အချိန်လည်းအထိုက် အလျောက်ကုန်နိုင်ပါသေးသည်။ သို့သော် ထိုအိတ်ကလေးသည်အမျိုးသမီးများစွမ်းပကားမြှင့်တင်ရေးအတွက် လမ်းစတစ်ခုဟု ကျွန်မမြင်မိပါသည်။ ထိုအိတ်ကလေးမှ ကျွန်မရခဲ့သော အတွေးတစ်ချို့မှာလည်း အမျိုးသမီးများစွမ်းပကား မြှင့်တင်ရေးအသက်မွေးဝမ်းကျောင်းမှုဆိုင်ရာ အခွင့် အလမ်းကောင်းများနှင့် ဆက်စပ်နေသည်။


ယနေ့ခေတ်ကာလတွင် အမျိုးသမီးငယ်များအနေဖြင့် အတတ်ပညာသင်ယူကြရာ၌ လူကြိုက်များသောသင်တန်းများကိုသာ ဦးစားပေးပြီးတက်ရောက် သင်ယူနေကြသော်လည်းအမှန်တကယ် အသက်မွေးဝမ်းကျောင်းပြုရန်

အထောက်အကူမပြုဘဲ အချိန်ကုန်ငွေကုန်လူပမ်းဖြစ်ရသည့် အခြေအနေများလည်းအများကြီး တွေ့မြင်နေရသည်။ မိမိ၏အခြေအနေဝါသနာနှင့် ကိုက်ညီပြီးဘဝရပ်တည်ရေးအတွက် အမှန်တကယ် အထောက်အကူပြုနိုင်သောအတတ်ပညာများသင်ကြားတတ်မြောက်ရန် အရေးကြီးလှသည်။ ကျေးလက်ဒေသ၊ နယ်စပ်နှင့်ဝေးလံခေါင်သီသောဒေသများရှိအမျိုးသမီးငယ်များ အထူးသဖြင့် ပညာရေးကိုဆုံးခန်းတိုင်အောင် သင်ယူနိုင်ခြင်းမရှိကြသော အမျိုးသမီးငယ်များအတွက် လက်မှုပညာများဖြင့် အသက်မွေးဝမ်းကျောင်းပြုနိုင်ရန် လိုအပ်သည်။

ဘူတန်နိုင်ငံတွင် အိမ်မှုကိစ္စများကိုသာ လုပ်ကိုင်သော အမျိုးသမီးများမှာ အိမ်နေရင်းဘူတန် ရိုးရာအိတ်များကိုရက်လုပ်ကြသည်။ ခိုင်ခံ့လှပပြီး ကျက်သရေရှိသော ဘူတန်ရိုးရာအိတ်များမှာ နိုင်ငံတကာသို့ တင်ပို့ရောင်းချနိုင်ပါက ဈေးကွက်ကောင်းတစ်ခုဖန်တီးနိုင်မည်ဟု ကျွန်မထင်သည်။ အိမ်ရှင်မများမှာ အိမ်နေရင်း အပိုဝင်ငွေရအောင် အဆိုပါ အိတ်ကလေးများအားဖန်တီးထုတ်လုပ်ကြသည်ဟု ဘူတန်နိုင်ငံသူသူငယ်ချင်းမှ သူတို့ရိုးရာအိတ်ကလေးကိုလက်ဆောင်ပေးရင်းပြောဖူးသည်ကို သတိရမိသည်။ ထိုအိတ်ကလေးများမှာ လှပခြင်း၊ ခိုင်ခံ့ခြင်း စသောအားသာချက်များကို သုံးကြည့်ရင်းဖြင့်ပင် ကျွန်မသတိထားမိခဲ့သည်။

မြန်မာနိုင်ငံတွင် ခေတ်ကာလမည်သို့ပင် ပြောင်းလဲသွားစေကာမူ ဂလိုဘယ်လိုက်ဇေးရှင်း၊ အကျိုးသက်ရောက်မှုကြောင့် မည်သို့ပင် ယဉ်ကျေးမှုများကူးစက်ပျံ့နှံ့စေကာမူ မြန်မာအမျိုးသမီးဝတ်စုံ ဈေးကွက်မှာကား မပျောက်မပျက်တည်ရှိနေဆဲဖြစ်သည်။ အမျိုးသမီးဝတ်စုံချုပ်သူနှင့် ဝတ်ဆင်သူအချိုးမှာလည်း အဆမတန်ကွာခြားနေဆဲဖြစ်ပြီး အမျိုးသမီးများသည် အထည်ချုပ်ဆိုင်များတွင် ဝတ်စုံတစ်စုံကို လနှင့်ချီစောင့်ဆိုင်းချုပ်နေရဆဲဖြစ်သည်၊ ကျွန်မတို့ မြန်မာအမျိုးသမီးများအတွက် ဝတ်စုံချုပ်သူ လူတန်းစား ပိုမိုများပြားအောင် လုပ်ဆောင်ရန် လိုအပ်နေကြောင်း ထိုအကြောင်းအရာများက သက်သေထူလျက်ရှိသည် မဟုတ်ပါလား။ ဝတ်စုံသာမကအခြားအသုံးအဆောင်များဖြစ်သည့် ပုဝါ၊ အိတ်ဖိနပ် စသည်ဖြင့် အမျိုးသမီးဖက်ရှင်ရေစီးကြောင်းကို လိုက်၍ အမျိုးသမီးများ အသက်မွေးဝမ်းကျောင်းပြုရန်၊ ဝင်ငွေတိုးပွားရန် အခွင့်အလမ်းများစွာရှိနေသည်။ ထိုအခွင့်အလမ်းများကို အရယူပြီး မိမိဘဝတိုးတက်ကောင်းမွန်ရေးကို ဆောင်ရွက်နိုင်ရုံသာမက အမျိုးသမီးထုတစ်ရပ်လုံး၏ စွမ်းပကားမြှင့်တင်ရေးကို လုပ်ဆောင်နိုင်ရာလည်း ရောက်သေးသည်။ အရင်းအနှီးအများအပြားမလိုအပ်ဘဲ တစ်ပိုင်တစ်နိုင် ငွေကြေးအနည်းငယ်ရှိရုံဖြင့် မိမိဘဝရပ်တည်ချက်ကို အာမခံပေးနိုင်သောလုပ်ငန်းမှာကို ပြောရမည်ဆိုလျှင်လည်း စက်ချုပ် လုပ်ငန်းကိုပင်ညွှန်းဆိုရမည်ထင်သည်။ စက်ချုပ်လုပ်ငန်းကိုအောက်ခြေမှ စတင်လုပ်ကိုင်ပြီး ဘဝအခြေအနေအဆင့်အဆင့် တိုးတက် ကာအောင်မြင်မှုရရှိသွားသူများမှာလည်း အများအပြားရှိသည်။

ကျွန်မတို့ မြန်မာနိုင်ငံတွင် ဘာသာရေးအရသော်လည်းကောင်း၊ ရိုးရာ ထုံးတမ်းစဉ်လာအရသော်လည်းကောင်း ကျားမခွဲခြားဆက်ဆံမှု အများအပြားမရှိသော်လည်း ပင်ကိုယ်သဘာဝအရအားနည်းမှုကြောင့် အချို့သောကိစ္စရပ်များတွင် အမျိုးသားများနှင့် ရင်ဘောင်မတန်းနိုင်မှု၊ အချို့သော ရိုးရာဓလေ့များ၏ ပိတ်ပင်တားဆီးမှုစသည့် အချက်များရှိနေသေးသည်ကိုမူ မည်သူမျှ ငြင်းနိုင်လိမ့်မည်မဟုတ်ပါ။ ပင်ကိုယ်သဘာဝအရ အားနည်းချက်များကြောင့် ဆင်းရဲသည့် အမျိုးသမီးများမှာ အမျိုးသားများထက် ပိုမိုများပြားသည်မှာလည်း အမှန်ပင်ဖြစ်သည်။ အမျိုးသမီးများ စွမ်းပကား မြှင့်တင်ရေးသည် ဆင်းရဲမှုပပျောက်ရေးကိုလည်း တစ်ဘက်တစ်လမ်းမှ အထောက်အကူပြုနိုင်မည်လည်းဖြစ်သည်။ အမျိုးသမီးအများစုမှာ ဆင်းရဲမှုမှ လွတ်မြောက်အောင် ဆောင်ကြဉ်းခြင်းဖြင့် စဉ်ဆက်မပြတ်ဖွံ့ဖြိုးမှုပန်းတိုင် (၁) ဖြစ်သော ဆင်းရဲမှုပုံစံအမျိုးမျိုးမှ လွတ်မြောက်ရေး ကိုလည်း တစ်ဘက်တစ်လမ်းမှ အထောက်အကူပြုနိုင်မည် ဖြစ်သည်။ ထို့ကြောင့် အမျိုးသမီးများ အသက်မွေးဝမ်းကျောင်းနှင့် လက်မှုပညာတတ်မြောက်မှုမှတစ်ဆင့် ဆင်း ရဲမှုလျှော့ချရေးနှင့် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးဆီသို့ လျှောက်လှမ်းနိုင်ပါကြောင်း တိုက်တွန်းရေးသားလိုက်ရပေသည်။





# ကျွန်မဘယ်သူလဲ (၂)

| နှင်းသန့်ဖြူ |

“ကျွန်မဘယ်သူလဲ” ဟူသော Mission Statement အိမ်စာမှ သုံးခုမြောက်မေးခွန်းမှာ “ကျွန်မ ရင်ဆိုင်ဖြေရှင်းလိုသည့် သူတို့ "My Stakeholders" များ၏ လိုအပ်ချက်ပြဿနာများမှာ ဘာတွေလဲ” ဆိုသည့် မေးခွန်းကို Flow Chat ပုံစံဖြင့် ဂရပ်ရေးဆွဲကာ ဖြေဆိုခိုင်းခြင်းဖြစ်သည်။ ဖြေရှင်းပေးရမည့် ကျွန်မကို စမှတ်အနေဖြင့်စ၍ ဦးတည်ကာ သူတို့ "My Stakeholders" များ၊ လိုအပ်ချက်များအား သိရှိခြင်းနှင့် သူတို့အား ကျွန်မဘက်မှ ကောင်းမွန်မှန်ကန်သော စိတ်သဘောထားပေးအပ်ခြင်းတို့အား ဆက်စပ်အစိတ်အပိုင်းများအဖြစ် ဒုတိယအဆင့် တပြိုင်နက်တည်း ထည့်သွင်းစဉ်းစားခဲ့သည်။ ၎င်းတို့လိုအပ်ချက်သည် ၎င်းတို့၏ ပြဿနာများနှင့် မိမိနှင့် သူတို့အကြား နွေးထွေးသော ဆက်ဆံရေးများ ဖြစ်ထွန်းခြင်းပင်ဖြစ်ကြောင်း တတိယအဆင့်အနေဖြင့် ဖော်ထုတ်လိုက်ပါသည်။ ၎င်း ပြဿနာများကို ၎င်းတို့ကိုယ်စား ရင်ဆိုင်ခြင်းနှင့် ၎င်းတို့ဘက်မှ နွေးထွေးသော ဆက်ဆံရေး လက်ခံခြင်းကို စတုတ္ထအဆင့်အနေဖြင့် ထည့်သွင်းထားပါသည်။

### (3) What are their needs I want to meet or problems I want to address´





တစ်ဖက်၌ နွေးထွေးသောဆက်ဆံရေး လက်ခံခြင်းမှာ ကျွန်မက ချစ်သောသူများနှင့် ကျွန်မကိုချစ်သောသူများ ဖြစ်ကြပေရာ အိမ်မွေးတိရစ္ဆာန်များပင် ပါဝင်ပေသည်၊ တစ်ဖက်၌ ကျွန်မနှင့် ပတ်သက်သူများ "My Stakeholders"ကို ဥပမာ-သက်ကြီးရွယ်အို မိဘများကို ကြည့်ရှု စောင့်ရှောက်ရန် ဆုံးဖြတ်ချက်ချခြင်း "Decision"အပိုင်းကို ပထမအဆင့်၌ ထည့်သွင်း စဉ်းစားရပြီဖြစ်ရာ Yes(or)Noထွက်ပေါ်လာပြီဖြစ်ပြီး သက်ကြီးရွယ်အိုများအား စောင့်ရှောက်ခြင်း "PerventionofAgeism"နှင့် မစောင့်ရှောက်နိုင်ခြင်း "No Prevention"တို့ဖြစ်ကြောင်း ဖော်ပြခဲ့ပါသည်။

အိမ်စာ၌ပါရှိသောနံပါတ်လေးမေးခွန်းမှာ “မည်သည့်အရာက ကျွန်မကို တစ်မူထူးခြားစေသလဲ” ဟူ၍ဖြစ်သည်။ ဤမေးခွန်းအတွက် KDI School တွင် ပညာသင်ခွင့်ရသော ကျွန်မအတွက် သိပ်စဉ်းစားစရာ မလိုအောင်ပင် လွယ်ကူအဖြေရှာတွေ့ခဲ့ပါသည်။ တက္ကသိုလ်၏အဆောင်အယောင်များ "Facilities" ဖြစ်သော သမိုင်းပြတိုက် "Museum"။ စာတိုက် "Post Office"။ ကင်တင်း "Cateen"။ ကော်ဖီဆိုင်များ "Coffee Shops"။ ဘဏ် "Bank & ATM Machines"၊ အားကစားခန်းမ "Gym"၊ အကလေ့ကျင့်ရေးခန်းမ "Dance Room"၊ ဘာသာပေါင်းစုံ ဝတ်ပြုခန်းမများ "Religious Room"၊ မီနီစတိုးဆိုင် "GS 25 Store"၊ ကျောင်းသား နားနေခန်း၊ ကျောင်းသူနားနေခန်း၊ ဂီတခန်းမ "Music Room & Piano"၊ အစည်းအဝေးခန်းမများ "Meeting Room"၊ ဘွဲ့နှင်းသဘင်ခန်းမကြီး "Lincom Hall"၊ ကျန်းမာရေး စောင့်ရှောက်စင်တာ "Health Center"၊ တက္ကသိုလ်စာကြည့်တိုက် "Library"၊ အားကစားလေ့ကျင့်ကွင်း "Ballon ground"၊ အုပ်စုဖွဲ့စာကြည့်ရန်အခန်းများ "Group Study Room"၊ တကိုယ်ရည်သီးသန့်စာကြည့်ရန်အခန်းများ "Private Study Room"၊ ကွန်ပျူတာများ "Personal Computers"၊ စာကူးစက်များ "Copiers"၊ စာထုတ်စက်များ "Printers"၊ Writing Center၊ ခေတ်မီနည်းပညာများဖြင့် ဖွဲ့စည်းထားသော စာသင်ခန်းများ "Lecture Rooms"၊ အဆောင်များ "Dormitories"၊ ဘာသာရပ်များအား တစ်ဖက်ကမ်းခတ်ကျွမ်းကျင်သည့် စာသင်ကြားပေးသော ပါမောက္ခများ "Professional Professors"များနှင့် ဖွဲ့စည်းထားရှိသည်ကို တွေ့ရှိရသော


အခါ တက္ကသိုလ်ဆိုတာ ဒီလိုပါလားဟု သိမြင်ခံစားမိပါသည်၊ ဦးပုည၏ ရေသည် ပြဇာတ်ထဲမှ "အာဂပါးစပ်လူဖြစ်ကျိုးနပ်လှချည့်"ဆိုသည့် ရေသည်ယောက်ျား၏ ကျိုးဝါးမှုကိုပင် အမှတ်ရစေသော ခံစားမှုဖြစ်မိသည်အထိပင်၊ ထို့ပြင် Korea Development Institute "KDI"ကဲ့သို့ တည်ထောင်ရန် ရည်ရွယ်ထားသော Myanmar Development Institute "MDI" Project ၏ ပညာသင်ဆုဖြင့် ရွေးချယ်စေလွှတ်ခြင်းခံရကာ ပညာသင်ကြားခွင့်ရသူများအနက် တစ်ယောက်ဖြစ်သော ကျွန်မအား ကျောင်းတော်ကြီးမှ နိုင်ငံတကာဗဟုသုတများနှင့် အရောင်တင်ပေးခြင်းဖြင့် မိမိအသက်မွေးဝမ်းကြောင်းအလုပ်၏ တမူထူးခြားစေမည်ဟုတွေးတောပြီး အောက်ပါ Flow Chartအား တည်ဆောက်ခဲ့ပါသည်။

**(4) What makes me distinctive or unique?**




နံပါတ်ငါးမေးခွန်းမှာ "ကျွန်မအား တမူထူးခြားစေခဲ့သောအရာများမှ မည်သည့်အရာတွေကို ယေဘူယျအားဖြင့် သိရှိလက်ခံ၊ တုန့်ပြန်၊ မျှော်လင့်ထားသလဲဆိုတာကို "Mission Statement Diagram "ဖြင့် ဖော်ပြစေခြင်းဖြစ်သည်။ ဤမေးခွန်းအတွက် ကျွန်မရည်မှန်းချက်ပန်းတိုင်အား ရေတို/ရေရှည်ဖြင့် ခွဲခြားသတ်မှတ်လိုက်သည်။ ရေတိုရည်မှန်း ချက်ပန်းတိုင်မှာ လတ်တလော တက်ရောက်နေသော တပြည်ရပ်ခြားကျောင်းတွင် စိတ်အေးအေးချမ်းချမ်း ကိုယ်ကျန်း ကျန်းမာမာဖြင့် ပြည်သူ့ရေးရာ မူဝါဒမဟာဘွဲ့အား အောင်အောင်မြင်မြင်ဆွတ်ခူးရယူရန်ဖြစ်ရာ ၄င်းပန်းတိုင်အတွက် လေ့လာသင်ယူခြင်းတလျှောက်စိတ်ဖိစီးမှုကင်းကင်းနှင့် အချိန်အား စီမံခန့်ခွဲတတ်စေရန်ကို ပေါင်းစပ်ထားခဲ့ပါသည်။ ရေရှည်ရည်မှန်းချက်ပန်းတိုင်ကိုမူ ဝင်ငွေကောင်းသော အသက်မွေးဝမ်းကျောင်း အလုပ်တစ်ခုဖြစ်ရန်ဖြစ်သည်ဟု ထိုစဉ် က မျှော်မှန်းတွေးတောခဲ့ကာ မရှိမပဋိပဋ္ဌာကျသော အားထုတ်မှု၊ ကံတရားမျက်နှာသာပေးမှုများနှင့် လက်မလွှတ်တမ်း အခွင့်အလမ်းများအချိန်ကိုက် ဖမ်းဆုပ်ခွင့်ရခြင်းတို့ဖြင့် အောက်ပါအတိုင်း ဖွဲ့စည်းခဲ့ပါသည်။

**(5)In general, what do I do to recognize, anticipate, and respond to these needs or problems by using what makes me unique?**




ကျွန်မ၏ဖြစ်ချင်သော ရည်မှန်းချက်အား ကျွန်မ၏ စိတ်ကူးယဉ်မှုဖြင့် ပေါင်းစပ်တင်ပြခွင့်ရခဲ့သော အိမ်စာအား ပြုလုပ်စေသူ Professor Junesoo Lee (ပါမောက္ခ ဂျွန်ဆိုအီ)အား ဤစာစုဖြင့် ရည်မှန်းကန်တော့ရင်း နိဂုံးချုပ်အပ်ပါသည်။




# အလုပ်အကိုင်အခွင့်အလမ်းများ ဖော်ထုတ်ပေးခြင်းဖြင့် အဆီအစဥ်ကျသော လုပ်သားဈေးကွက်ဖြစ်ပေါ်လာရေး

| မိုင်အက်စတာ (Mai Ester) |

၂၀၁၄ ခုနှစ် မြန်မာနိုင်ငံ လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းအရ အသက် ၁၅ နှစ်မှ ၆၄ နှစ်ကြားရှိ အလုပ်လုပ်နိုင်သော လူဦးရေမှာ စုစုပေါင်းလူဦးရေ ၆၅.၆% ရှိပြီး လုပ်သားအင်အားများပြားသည့် လူဦးရေဆုလာဒ်ရရှိထားသဖြင့် မြန်မာနိုင်ငံသည် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် အားသာချက်များကို ပိုင်ဆိုင်ထားပါသည်။ အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုဖန်တီးနိုင်ရန် ရင်းနှီးမြှုပ်နှံမှုအသစ်များ ဝင်ရောက်လာရန်မှာအထူးအရေးကြီးပါသည်။ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှု ကော်မရှင်သည် မူဝါဒပိုင်းဆိုင်ရာဖြေလျှော့မှုများ၊ လုပ်ငန်းစဉ်ဆိုင်ရာဖြေလျှော့မှုများပြုလုပ်ကာ ရင်းနှီးမြှုပ်နှံမှုများ ပိုမိုစီးဝင်လာနိုင်စေရန် ဆောင်ရွက်လျက်ရှိပါသည်။ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများ ဝင်ရောက်လာခြင်းဖြင့် လုပ်သားအခြေပြု လုပ်ငန်းများ (Labour intensive industries)များ ဖွံ့ဖြိုးလာပြီး ပြည်တွင်းတွင် အလုပ်အကိုင်အခွင့်အလမ်းများစွာကို ဖန်တီးနိုင်မည်ဖြစ်ပါသည်၊

နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေနှင့် မြန်မာနိုင်ငံသားရင်းနှီးမြှုပ်နှံမှု ဥပဒေတို့ပြဋ္ဌာန်းပေးခဲ့ခြင်းကြောင့် ရင်းနှီးမြှုပ်နှံမှုများ ပိုမိုများပြားလာပြီး အလုပ်အကိုင်အခွင့်အလမ်း ဖန်တီးပေးနိုင်သည့် ပြည်တွင်းလုပ်သားဦးရေမှာလည်း တိုးတက်လာခဲ့ပါသည်။ ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ်မှ ၂၀၁၅ ၂၀၁၆ ဘဏ္ဍာနှစ်အထိ စုစုပေါင်းလုပ်သား ၃၅၀၈၉၅ ဦးအား အလုပ်အကိုင် ဖန်တီးပေးနိုင်ခဲ့ပြီး စုစုပေါင်းအလုပ်အကိုင်အခွင့်အလမ်းများ . ၆၇.၈၅ % ခန့် ရှိပါသည်။ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေအရ အလုပ်အကိုင် အခွင့်အလမ်းဖန်တီးလာနိုင်သော ပြည်တွင်းလုပ်သားဦးရေအား အောက်ပါဇယားဖြင့်ဖော်ပြအပ်ပါသည်။

## ဇယား(၁) - ပြည်တွင်းလုပ်သားဦးရေ အခြေအနေ

| စဉ် | ဘဏ္ဍာနှစ် | နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ဥပဒေအရ ပြည်တွင်း လုပ်သားဦးရေ | မြန်မာနိုင်ငံသား ရင်းနှီးမြှုပ်နှံမှု ဥပဒေအရ ပြည်တွင်း လုပ်သားဦးရေ | စုစုပေါင်း ဦးရေ | နှစ်စဉ် တိုးတက်မှု နှုန်း |
|---|---|---|---|---|---|
| ၁ | ၂၀၁၁-၂၀၁၂ | ၆,၈၁၄ | ၉,၀၁၅ | ၁၅,၈၂၉ | - |
| ၂ | ၂၀၁၂-၂၀၁၃ | ၆၂,၄၁၂ | ၁၈,၈၆၇ | ၈၁,၂၇၉ | ၅.၁၃ |
| ၃ | ၂၀၁၃-၂၀၁၄ | ၇၇,၅၉၇ | ၁၇,၂၆၉ | ၉၄,၈၆၆ | ၁.၁၆ |
| ၄ | ၂၀၁၄-၂၀၁၅ | ၁၁၅,၅၀၀ | ၁၂,၅၉၃ | ၁၂၈,၀၉၃ | ၁.၃၅ |
| ၅ | ၂၀၁၅-၂၀၁၆ | ၈၈,၅၇၂ | ၂၂,၈၉၄ | ၁၁၁,၄၆၆ | ၀.၈၇ |
| | စုစုပေါင်း | ၃၅၀,၈၉၅ | ၈၀,၆၃၈ | ၄၃၁,၅၃၃ | |

ဓာတ်မြစ်- ၂၆.၃.၂၀၁၆ ရက်စွဲပါ ကြေးမုံသတင်းစာ

နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများ စီးဝင်လာခြင်းတွင် Positive Externalities များစွာရှိသော်လည်း ပြည်တွင်းသက်နှစက်မှုလုပ်ငန်းများမှာ ယှဉ်ပြိုင်နိုင်စွမ်း အားနည်းကာ ပြိုလဲသွားနိုင်သဖြင့် အဆိုပါလုပ်ငန်းများတွင် ဝင်ရောက်လုပ်ကိုင်သူများအတွက် Negative Externalities များရှိလာနိုင်သည်ကိုလည်း ကြိုတင်စဉ်းစားကာ စည်းမျဉ်းစည်းကမ်းများ ခိုင်မာအားကောင်းစေရေးအတွက် ဆောင်ရွက်သွားရန်လိုအပ်ပါသည်၊ FDIများဝင်ရောက်လာခြင်းဖြင့် လုပ်သားများအတွက်သာမက လုပ်ငန်းရှင်များအတွက်ပါ အသိပညာဆင့်ပွားရရှိမှု "Knowledge Spillover"ရရှိနိုင်ရန်လည်း လိုအပ်ပါသည်။ တာဝန်ယူမှုရှိသည့် ရင်းနှီးမြှုပ်နှံမှု များကို ဖိတ်ခေါ်ပြီး ပြည်တွင်း SMEလုပ်ငန်းများနှင့် FDIစီးဝင်လာမှုတို့ကြား သမမျှတသည့် ပတ်ဝန်းကျင်ကောင်းတစ်ခုပေါ်ထွန်းလာရန်အတွက်လည်း ဆောင်ရွက်ရမည်ဖြစ်ပါသည်။

ပြည်တွင်းနေနိုင်ငံသားများနှင့် နိုင်ငံရပ်ခြားမှပြန်လည်ရောက်ရှိလာသော မြန်မာနိုင်ငံသားများအားလုံးအတွက် အလုပ်အကိုင်အခွင့်အလမ်းများ ဖော်ထုတ်ပေးရန်အထူးအရေးပါသည့်အချက်မှာ အခြေခံအဆောက်အအုံများခိုင်မာပြည့်စုံစေရေးဖြစ်ပါသည်။ ပြီးပြည့်စုံသောအခြေခံအဆောက်အအုံများရှိခြင်းသည် အချိန်နှင့် ငွေကြေးကုန်ကျစရိတ်များကို သက်သာစေပါသည်။ ပြည်သူများအဆင်ပြေလုံခြုံပြီး စရိတ်စကသက်သာသည့် သယ်ယူပို့ဆောင်ရေးဝန်ဆောင်မှုများ၊ ဝင်ငွေအလယ်အလတ်နှင့် ဝင်ငွေနိမ့်လုပ်သားများအတွက် အိမ်ယာငှားရမ်း နေထိုင်မှုကုန်ကျစရိတ်သက်သာစေမည့် အစီအမံများကို စနစ်တကျဆောင်ရွက်ပေးရန်လိုအပ်ပါသည်။

ITနည်းပညာဝန်ဆောင်မှုလုပ်ငန်းများ ဖွံ့ဖြိုးလာခြင်းသည် စက်မှုလက်မှုလုပ်ငန်းများထက် သယ်ယူပို့ဆောင်ရေးနှင့် စွမ်းအင်အသုံးပြုမှု လိုအပ်ချက်သက်သာစေပါသည်။ ဥပမာ-အိန္ဒိယနိုင်ငံသည် ICT Exportsများစွာတင်ပို့နိုင်ပြီး အလုပ်အကိုင်အခွင့်အလမ်းများစွာကို ဖန်တီးပေးကာ စက်မှုကဏ္ဍနှင့်နှိုင်းစာလျှင် အခြေခံအဆောက်အအုံအသုံးပြုမှု အနည်းဆုံးဖြင့် နိုင်ငံတိုးတက်မှုကို အ

ထောက်အပံ့ပေးလျက်ရှိပါသည်။ တောင်အာရှရှိအိန္ဒိယနှင့် အိမ်နီးချင်း နိုင်ငံများတွင်လည်း Knowledge Spillover Effect ကို ရရှိခံစားနိုင်ကြပြီး ဈေးကွက်မှာလည်း ပိုမိုကျယ်ပြန့်လျက်ရှိပါသည်။

မြန်မာနိုင်ငံအပါအဝင် အာရှရှိဖွံ့ဖြိုးဆဲနိုင်ငံအများစုတွင် ကြုံတွေ့ရလျက်ရှိသော အကြီးမားဆုံးအခက်အခဲမှာ အခြေခံအဆောက်အအုံ လုံလောက်မှုမရှိခြင်းပင်ဖြစ်ပါသည်၊ အလုပ်အကိုင်ထက် အလုပ်သမားကို အကာအကွယ်ပေးနိုင်သည့် ခိုင်မာတင်းကြပ်သော လုပ်သားဥပဒေများပေါ်ပေါက်ရန်လည်းအထူးလိုအပ်ပါသည်။ Formal Sectorတွင် တရားဝင် အလုပ်လုပ်ကိုင်သူဦးရေ များပြားလာစေရန် ဆောင်ရွက်ပေးရမည်ဖြစ်ပါသည်။ မြန်မာနိုင်ငံတွင် အချို့ဒေသများ ပထဝီဝင်အနေအထားအရ အတားအဆီးများရှိခြင်း၊ လူမှုရေးအရ ခွဲခြားမှုများရှိခြင်း၊ မြေယာပိုင်ဆိုင်မှုမရှိခြင်း၊ မူပိုင်ခွင့်ဆိုင်ရာ အခွင့်အရေးများအားနည်းခြင်း၊ အခြေခံအဆောက်အအုံများကို လက်လှမ်းမီစွာအသုံးပြုခွင့်မရခြင်း၊ ထိုဒေသများသို့ အစိုးရမှပြည်သူ့ဝန်ဆောင်မှုများကို ပံ့ပိုးပေးနိုင်ခြင်းစသည့် အကြောင်းရင်းများကြောင့် အလုပ်အကိုင်အခွင့်အလမ်းများ ဆုံးရှုံးလျက်ဆင်းရဲနွမ်းပါးမှုပိုမိုဖြစ်ပေါ်ကာ အခြားဒေသများနှင့် နှိုင်းစာလျှင် လူမှုရေး၊ စီးပွားရေး၊ ပညာရေးစသည်ဖြင့် အစစအရာရာနောက်ကျကျန်လျက်ရှိနေပါသည်။

ပုဂ္ဂလိကကဏ္ဍမှ အလုပ်အကိုင်အများစုကို ဖန်တီးပေးနိုင်သောကြောင့် အစိုးရ၏ အခန်းကဏ္ဍဘက်မှအလုပ် အကိုင်များကို ကိုယ်တိုင်ထောက်ပံ့ပေးရေးအတွက် ဦး တည်ဆောင်ရွက်ရန်မလိုအပ်ပဲ အများပြည်သူသုံး အခြေခံ အဆောက်အအုံများနှင့် ပုဂ္ဂလိကကဏ္ဍတွင် အလုပ်အကိုင် အခွင့်အလမ်းများ ဖန်တီးနိုင်မည့်အခြေအနေကောင်းများကို ပံ့ပိုးထောက်ပံ့ပေးနိုင်ရန် လိုအပ်ပါသည်။ နိုင်ငံအခြေ အနေနှင့် လိုက်လျောညီထွေဖြစ်စေမည့် အခြေခံလစာများကို လုပ်သားများ ရရှိခံစားနိုင်ရန်နှင့်ပြည်တွင်းပြည်ပမှ ရင်းနှီး မြှုပ်နှံမည့်လုပ်ငန်းရှင်များအတွက် လုပ်သာကိုင်သာရှိသည့် စီးပွားရေးပတ်ဝန်းကျင်ကောင်းကို ဖန်တီးပေးနိုင်ရေးတို့အတွက် အဟန့်အတားဖြစ်နေသော အတားအဆီးများကို အစိုးရမှ ဖယ်ရှားပေးရန်လည်း လိုအပ်ပါသည်။

လုပ်သားရေးရာမူဝါဒများသည် ထိခိုက်ခံစားလွယ်မှု အခြေအနေအများဆုံးရှိသော လုပ်သားထု၏ ဆန္ဒသဘောထားများကို ထင်ဟပ်မှုရှိကာ ၄င်းတို့အတွက် လူမှုရေးအရ အကာအကွယ်ပေးနိုင်စွမ်းရှိရမည်ဖြစ်ပါသည်။ ဈေးကွက်၏ စွမ်းဆောင်ရည်မပြည့်ဝမှုနှင့် အလုပ်အကိုင် ဖန်တီးနိုင်ရန် ပုဂ္ဂလိကကဏ္ဍ၏ လုပ်ဆောင်ချက်များကို အဟန့်အတားဖြစ်စေမည့် အဖွဲ့အစည်းဆိုင်ရာ အားနည်း ချက်များ Institutional Failureများကို ဖယ်ရှားနိုင်ရန် အထူးလိုအပ်မည်ဖြစ်ပါသည်။ အဆိုပါကန့်သတ်ချက်များကို ဖယ်ရှားနိုင်ခြင်းမပြုနိုင်လျှင် အဆိုပါတည်ဆဲမူဝါဒများ၏ အကျိုးသက်ရောက်မှု အားနည်းစေမည့် Offsetting Policies များချမှတ်သင့်ပါသည်။

အလုပ်အကိုင်ဖန်တီးရေးအတွက် စိန်ခေါ်မှုများနှင့်ကြုံတွေ့ရာတွင် မူဝါဒချမှတ်သူများအနေဖြင့် လုပ်သားများနှင့်သက်ဆိုင်သောမူဝါဒများ၊ လုပ်သားဈေးကွက်၏ အခြေအနေများ၊ လူမှုရေး အာမခံထားရှိမှုနှင့်ပတ်သက်သည့် အကြောင်းခြင်းရာများကို စေ့စပ်စွာခြုံငုံသုံးသပ်သင့်ပါသည်။ အလုပ်အကိုင်ဖန်တီးမှုကို အကန့်အသတ် ဖြစ်စေသည့်အချက်များမှာ လုပ်သားဈေးကွက်ပြင်ပရှိ မေခရိစီးပွားရေးတည်ငြိမ်မှုမရှိခြင်း၊ စီးပွားရေးလုပ်ငန်းများ အဆင်ပြေစွာ လုပ်ကိုင်နိုင်ရန် စီးပွားရေးပတ်ဝန်းကျင်ကောင်းမရှိခြင်း၊ ခိုင်မာအားကောင်းသော ဥပဒေများ မရှိခြင်းတို့ဖြစ်ရာ အဆိုပါ နယ်ပယ်များတွင် အားနည်းချက်များ လျော့နည်းအောင် ဆောင်ရွက်ရန်လိုအပ်ပါသည်။

သတင်းအချက်အလက်များ အချိန်နှင့်တပြေးညီ သိနိုင်သော သက်ဝင်လှုပ်ရှားနေသည့် လုပ်သားဈေးကွက် အစီအစဉ်များ ဖြစ်ထွန်းလာခြင်းသည် ကျွမ်းကျင်မှုအဆင့် အလိုက်အလုပ် ရှာဖွေနေသော အလုပ်သမားများနှင့် လုပ်သားလိုအပ်ချက်ရှိနေသော အလုပ်ရှင်များအကြား Labour demand နှင့် Labour Supplyကို ပိုမိုထိရောက်စွာ စီမံခန့်ခွဲနိုင်ရန် အထောက်အပံ့ကောင်းဖြစ်စေမည်ဖြစ်ပါကြောင်း အကြံပြုရေးသားလိုက်ရပါသည်။



# စစ်တမ်းဆိုသည်မှာ(သို့) နမူနာအချက်အလက်များ၏ အရေးပါပုံ

| ဦးထွန်းထွန်းဝင်း (စာရင်းအင်းပညာ) |

၁။ ယနေ့ သုတေသန အသိုင်းအဝိုင်းကြားတွင် ပုံမှန်ကြားနေကြစကားလုံးတစ်လုံးမှာ Survey(စစ်တမ်း) ဖြစ်ပါသည်။ Socio-economic Survey, KAP Survey, Based Line Survey, Brand Tracking Survey စသည်ဖြင့် Survey အမျိုးမျိုးကိုအဖွဲ့အစည်းအမျိုးမျိုးကအချိန်ကာလအမျိုးမျိုးတွင် ဆောင်ရွက်လျက်ရှိကြပါသည်။ ထို့ကြောင့် Survey ဆိုသည်မှာ မည်သို့သောလုပ်ဆောင်မှုမျိုး ဖြစ်သနည်း။ မည်သည့်အတွက်ကြောင့် Survey လုပ်ကြသနည်း ဆိုသည့် မေးခွန်းများပေါ်ထွက်လာကြပါသည်။

၂။ သို့သော် Survey ၏ အဓိပ္ပာယ်ကိုသိရှိနိုင်ရန် အဆိုပါ Survey နှင့် ဆက်စပ်နေသည့် Population, Sample နှင့် Census တို့၏ အဓိပ္ပာယ်တို့ကိုလည်းသိရှိရန် လိုအပ်လာပါသည်။

**Population** (ဦးရေ)

ယေဘုယျအားဖြင့် မိမိတို့ လေ့လာမှုတွင်ပါဝင်သည့် အရာဝတ္ထု(သို့မဟုတ်) အတိုင်းအတာ(သို့မဟုတ်) လူပုဂ္ဂိုလ် စသည့် အရေအတွက် အားလုံး ပါဝင်သည့် အစု (set) ဖြစ်ပါသည်။

**Sample**(နမူနာ)

Population ၏ အစိတ်အပိုင်း(subset of the population) တစ်ခုသာဖြစ်ပါသည်။

**Census**(သန်းခေါင်စာရင်း)

Population အပေါ်တွင် အခြေခံ၍ လေ့လာခြင်း ဖြစ်သည်။

## Survey(စစ်တမ်း)

Sampleအပေါ်တွင်သာအခြေခံ၍ လေ့လာခြင်းဖြစ်သည်။

၃။ Censusဆောင်ရွက်ခြင်းသည် Population အပေါ်တွင် အခြေခံ၍ ဆောင်ရွက်ခြင်းဖြစ်သဖြင့် Sampling error (နမူနာရွေးချယ်မှုကြောင့် ဖြစ်ပေါ်တတ်သည့် အမှား)ကို ရှောင်ရှားနိုင်သည်ဖြစ်ရာ ကွဲလွဲမှု(variation) နည်းနိုင်မည်ဖြစ်ပါသည်။ သို့သော် လက်တွေ့တွင် Census ဆောင်ရွက်ခြင်းသည် အချိန်ကြာမြင့်ခြင်းနှင့် စရိတ်အကုန်အကျများခြင်း အပါအဝင် အခြားသောအခက်အခဲများကြောင့် Censusဆောင်ရွက်ခြင်းအစား Surveyကို ဆောင်ရွက်ခြင်းဖြစ်ပါသည်။

၄။ Survey ဆောင်ရွက်ခြင်းသည် Sample အပေါ်တွင် အခြေခံ၍ ဆောင်ရွက်ခြင်းဖြစ်သော်လည်း Sample ၏ ဝိသေသနလက္ခဏာများ၊ အကြောင်းအရာများကိုသာ လေ့လာလိုခြင်းမဟုတ်ဘဲ Sampleမှ ရရှိသည့် အချက်အလက်များအပေါ်အခြေခံပြီး Population ၏ ဝိသေသနလက္ခဏာများ၊ အကြောင်းအရာများကိုကောက်ချက်ချနိုင်ရန်(inference)အတွက်လေ့လာခြင်းသာဖြစ်ပါသည်။

၅။ သို့သော် Populationကိုကောက်ချက်ချနိုင်ရန်အတွက် မိမိရွေးချယ်ထားသည့် Sampleသည် Population ကိုကိုယ်စားပြု(Representative)သည့် Sampleဖြစ်ရန် လိုအပ်မည်ဖြစ်ပါသည်။ တနည်းအားဖြင့် Representative sample ဖြစ်မှ Populationကို Inferenceလုပ်လို့ရမည်ဖြစ်ပါသည်။

၆။ ထို့ကြောင့် မိမိတို့၏ Sample သည် Representative sampleဖြစ်ရန်အတွက် နမူနာအရွယ်အစား (samplesize)ရွေးချယ်မှုသင့်လျော်ခြင်း ရှိရမည်ဖြစ်သကဲ့သို့ နမူနာရွေးချယ်သောနည်းလမ်း (sampling method) လည်းမှန်ကန်မှုရှိရမည်ဖြစ်ပါသည်။ တဖက်တွင်လည်း အမှန်တကယ် ကွင်းဆင်းဆောင်ရွက်သည့် အဖွဲ့အနေဖြင့်လည်းရွေးချယ်အတည်ပြုထားသည့် sampling method များအတိုင်းအတိအကျ ဆောင်ရွက်ရန်လည်းလိုအပ်မည်ဖြစ်ပါသည်။

၇။ အထက်ပါ ဖော်ပြချက်များနှင့် ပတ်သက်ပြီး ဥပမာတစ်ခုမှာ -

အိမ်ထောင်စုများအနေဖြင့် နေ့စဉ် ထမင်းချက်ရသည်ဖြစ်သည်။ ထမင်းအိုးထဲတွင် ဆန်စေ့ပေါင်းများစွာပါဝင်ခြင်းဖြစ်သည်။ အဆိုပါ ထမင်းအိုးတွင်ပါရှိသည့် ဆန်စေ့အားလုံးကျက်မှ ထမင်းကျက်သည် ဖြစ်ရာအဆိုပါ ဆန်စေ့များကိုတစ်စေ့ချင်းမည်သည့် ဆန်စေ့ကကျက်သည်၊ မည်သည့် ဆန်စေ့က မကျက်သေးဟုစစ်ဆေးရန် မဖြစ်နိုင်ပါ။

၈။ ထို့ကြောင့် မိမိတို့သည် ထမင်းအိုးအတွင်းရှိဆန်စေ့များအားယောင်းမဖြင့် မွှေပြီးဆန်စေ့အနည်းငယ်ကို သာရွေးချယ်၍အဆိုပါရွေးချယ်ထားသည့် ဆန်စေ့အနည်းငယ်၏အခြေအနေအပေါ် အခြေခံပြီးထမင်းအိုးတစ်အိုးလုံးကိုကျက်/မကျက် သုံးသပ်ကြခြင်းဖြစ်ပါသည်။

ရှင်းလင်းချက် - မိမိတို့သည် ထမင်းအိုးထဲတွင် ရှိသောဆန်စေ့အားလုံး(Population)ကျက်ခြင်းကိုသာလိုလားခြင်းဖြစ်သည်။ သို့သော် အဆိုပါ ဆန်စေ့အားလုံး (Po--pulation)အပေါ်တွင် လေ့လာရန် မဖြစ်နိုင်ပါ။ ထို့ကြောင့် အဆိုပါ ဆန်စေ့အားလုံး(Population)ထဲမှ ဆန်စေ့အနည်းငယ်(Sample)ကိုရွေးချယ်ပြီး Surveyလေ့လာမှု ဆောင်ရွက်ကြသည်။

သို့သော် မိမိတို့သည် ဆန်စေ့အနည်းငယ် (Sample)၏ ဝိသေသနလက္ခဏာများ၊ အကြောင်းအရာများကို အခြေခံပြီး ဆန်စေ့အားလုံး(Population) ၏ ဝိသေသနလက္ခဏာများ၊ အကြောင်းအရာများ (ကျက်/မကျက်) ကို ကောက်ချက်ချခြင်း(inference) ဖြစ်သည်။

အဆိုပါ လုပ်ဆောင်မှုတွင် ဆန်စေ့အနည်းငယ် (Sample)ကိုရွေးချယ်ရန် ယောင်းမဖြင့် မွှေလေ့ရှိခြင်းမှာမိမိတို့ ရွေးချယ်လိုက်သည့် ဆန်စေ့များသည် ကျပန်း(random) ဖြစ်ရန် အတွက်ရည်ရွယ်ခြင်းဖြစ်ရာလက်တွေ့ Project Surveyများအကောက်အထည်ဖော်ဆောင်ရွက်ရာတွင် randomဖြစ်ရန် Samplingmethodများကို လေ့လာရန် လိုအပ်မည်ဖြစ်သကဲ့သို့ ဆန်စေ့မည်မျှ(Samplesize)ရွေးသင့်သည်ကိုလည်း သိရှိရန် လိုအပ်မည်ဖြစ်သည်။



# လူမှုဆက်ဆံရေးပညာ

## မိတ်ဆက်

| မိုး၁ |

တက္ကသိုလ်တစ်ခုခုက ဘွဲ့ရဖြစ်ဖြစ်၊ ဘ၀ပေး အခြေအနေအရ တစ်၀က်တစ်ပျက်နဲ့ကျောင်းထွက်လိုက်တာပဲဖြစ်ဖြစ်၊ ကိုယ့်ခြေထောက်ပေါ် ကိုယ်ရပ်တည်နိုင်ဖို့ မိဘကျေးဇူးပြန်ဆပ်နိုင်ဖို့အတွက် လုပ်ငန်းခွင်ဝင်ကြရပါတယ်။

### လုပ်ငန်းခွင်ဝင်တဲ့အခါ ဘာတွေပြင်ဆင်ထားဖို့လိုအပ်မလဲ၊ အရေးအကြီးဆုံး အချက်က ဘာတွေလဲ။

ကျွန်တော်သိသလောက်နဲ့ ယုံကြည်ရာကို ပြောရရင်တော့ “ပေါင်းသင်းဆက်ဆံရေး”ပါပဲ။ အင်္ဂလိပ်လိုဆိုရင်တော့ Interpersonal Skills ပေါ့။ တချို့က **Social Skills\Communication Skills**လို့လည်း ပြောဆိုကြပါတယ်။ ထားပါတော့။ အင်္ဂလိပ်လိုအသုံးအနှုန်းနဲ့ ဝေါဟာရအနက် အဓိပ္ပာယ်ဖွင့်ဆိုချက်တွေ ဘယ်လိုပဲကွဲကွဲ မြန်မာလိုကတော့ ပေါင်းသင်းဆက်ဆံရေးဟာ အဓိကကျပါတယ်။

အစိုးရဝန်ထမ်းပဲလုပ်လုပ်၊ ကုမ္ပဏီဝန်ထမ်းပဲ လုပ်လုပ်၊ ကိုယ်ပိုင်စီးပွားရေးနဲ့ ရပ်တည်ရပ်တည် ပေါင်းသင်းဆက်ဆံရေးမကောင်းရင် ဘယ်လုပ်ငန်းမှ မအောင်မြင်ပါဘူး။ အင်္ဂလိပ်စာ၊ ကွန်ပျူတာနဲ့ တခြားသောဘာသာစကားတွေ တတ်ကျွမ်းဖို့လည်း လိုအပ်ပါတယ်။ အဲဒါတွေက **Technical Skills** တွေပါ။ အတတ်ပညာနဲ့ဆိုင်ပါတယ်။

ကိုယ့်ရဲ့ခံယူချက်၊ စိတ်ဓာတ်နဲ့ အမြော်အမြင်တွေ ပါဝင်တဲ့ အသိပညာနဲ့ဆိုင်တဲ့ ပညာရပ်ကတော့ ပေါင်းသင်းဆက်ဆံရေးပါပဲ။ Communication Skills ကောင်းတဲ့သူတွေဟာ စောစောကပြောတဲ့ Technical Skills ကောင်းတဲ့သူတွေကို လိုသလိုအသုံးချနိုင်ပါတယ်။ အဲဒါအရေးကြီး လျှို့ဝှက် ချက်ပါပဲ။ Technical Skills ကောင်းတယ်ဆိုပြီး ဘဝင်မမြင့်ဘဲ Communication Skills ကောင်းအောင် ကြိုးစားပါလို့ အကြံပေးချင်ပါတယ်။

ယနေ့ ပုဂ္ဂလိကဘဏ်တွေ ဘာလို့လူကြိုက်များတာလဲ။ ဈေးကြီးပေမယ့် ပုဂ္ဂလိကဆေးရုံတွေ ဘာလို့အောင်မြင်တာလဲ။ ပုဂ္ဂလိက ကိုယ်ပိုင်အထက်တန်းကျောင်းတွေ ဘာလို့များပြားလာတာလဲ၊ အဖြေကတော့ ရှင်းပါတယ်။ ဝန်ဆောင်မှုကောင်းလို့ပါ။ ဆက်ဆံရေးကောင်းတဲ့အတွက် စိတ်ချမ်းသာကြတယ်။ ပိုက်ဆံပိုကုန်ပေမယ့် လူတွေက ပိုပြီးသဘောကျနှစ်ခြိုက်ကြပါတယ်။

လုပ်ငန်းခွင်မှာ ပေါင်းသင်းဆက်ဆံရေးဟာ အဓိကအခရာပါပဲ။ လူဖြစ်တဲ့အတွက်လူတွေနဲ့ အလုပ်လုပ်ရပါတယ်။ အဲဒါကိုပဲ လူတွေနဲ့အဆင်ပြေအောင် မပေါင်းသင်းတတ်တဲ့သူ၊ မဆောင်ရွက်တတ်တဲ့ သူဟာ ကျရှုံးတာပါပဲ။ ပေါင်းသင်းဆက်ဆံရေးညံ့ဖျင်းပြီး ကိုယ့်ကိုယ်ကိုယ်ရောပတ်ဝန်းကျင်ကိုပါ ဒုက္ခပေးနေတဲ့သူတွေကိုပါ 'မသိဘူး။ မရှိဘူး။ မလုပ်တတ်ဘူး။ အဲဒါ ငါနဲ့မဆိုင်ဘူး သူ့သွားမေး။ ရှုပ်ကိုရှုပ်တယ် အာရုံနောက်တယ် ။ ဘာတွေမှန်းမသိဘူး အမျိုးမျိုးပဲ' အစရှိသဖြင့် မြည်တွန်တောက်တီးနေတဲ့ သူတွေ၊ ကိုယ့်တာဝန်ကိုယ်မယူချင်၊ လူကြီးခိုင်းလိုက်ရင် အမျိုးမျိုးဆင်ခြေပေးပြီး ခေါင်းရှောင်ချင်သူတွေ၊ ပြဿနာဖြစ်လာရင် တစ်ဖက်သားကိုထိုးချပြီး ကိုယ်လွတ်ရုန်းတဲ့သူတွေ၊ နိုင်ငံတော်က ပေးထားတဲ့အာဏာကို လုပ်ငန်းစီမံခန့်ခွဲတဲ့နေရာတင်သုံးရုံမက လုပ်ငန်းခွင်မှာ ပညာပြပြီး အာဏာရူးနေသူတွေ အများကြီးပါပဲ။

အဲဒီလူတွေကို ကြည့်လိုက်ရင် လုပ်ငန်းခွင်ပျော်ရွှင်မှု "sense of happiness" ပျောက်ဆုံးနေသလို သူ့ လုပ်ငန်းခွင်ကလည်း သူ့ကြောင့်စိတ်ဆင်းရဲရပါတယ်။ ဌာနမှာ အဲဒီလူတွေများနေရင် အဲဒီဌာန့ လုပ်ငန်းဟာ ကျရှုံးတာပါပဲ။ လုပ်ငန်းစွမ်းဆောင်ရည်ဟာ သူများထက်စာရင် သိသိသာသာနိမ့်ကျသွားပါတယ်၊ ပေါင်းသင်းဆက်ဆံရေးမကောင်းရင် လူတွေထဲမှာနေပြီး သူ့အလိုလိုဘေးရောက်သွားပါတယ်။ သူနဲ့ပတ်သက်ရတာ စိတ်ဆင်းရဲရတယ်ဆိုရင် မလွဲသာမရှောင်သာကလွဲလို့ ဘယ်သူမှသူနဲ့ မပတ်သက်ကြတော့ပါဘူး။ ကြာတော့ သူ့ရဲ့ ပုံရိပ် "image" လည်း ကျဆင်းသွားပါတယ်။ ဒီလိုနဲ့ သူ့တက်လမ်းကိုသူ ပိတ်မှန်းမသိပိတ်နေမိပါတယ်။

ဒီလောက်ရေးပြရင် ပေါင်းသင်းဆက်ဆံရေး ဘယ်လောက်အရေးကြီးတယ်ဆိုတာ စာဖတ်သူများ သဘောပေါက်လောက်ပါပြီ။ လုပ်ငန်းခွင်အောင်မြင်ဖို့ ၊ ရာထူးတက်ဖို့။ စီးပွားရေးလုပ်ငန်းတွေကြီးထွားလာဖို့ဆိုတာ ခဏထားပါဦး၊ ကိုယ်နဲ့ပတ်သက်ရတာ စိတ်မဆင်းရဲရဘူး။ စိတ်ချမ်းသာရတယ်ဆိုရင် ဘယ်လောက်များကုသိုလ်ရလိုက်သလဲ၊ ကုသိုလ်ဆိုတာ ပိုက်ဆံတွေအများကြီးလှူမှ ကုသိုလ်ရတာ၊ သတင်းသီလဆောက်တည်မှ ကုသိုလ်ရတာမျိုးမဟုတ်ပါဘူး။ တစ်ဖက်သားကို တတ်နိုင်သမျှ ကူညီပေးလိုက်ရင်လည်း ကုသိုလ်တွေအများကြီးရပါတယ်။ သူ့ဆီက အကျိုးတစ်စုံတရာကိုတော့ မမျှော်လင့်မိလို့ လိုအပ်ပါတယ်၊ ဒီလိုမှမဟုတ်ဘဲ သူနဲ့အလုပ်လုပ်ရတာ စိတ်ဆင်းရဲတယ်၊ သူနဲ့ပတ်သက်မယ့်အစား ကျားမြီးသာပြေးဆွဲလိုက်ချင်တယ်ဆိုရင် အဲဒီလူဟာ ဘယ်လောက်များ အကုသိုလ်ဖြစ်နေမလဲ၊ အလုပ်လုပ်ရင်း ကုသိုလ်ယူမလား အကုသိုလ် ယူမလား ရွေးချယ်ခွင့်ဟာ ကိုယ့်လက်ထဲမှာပါ။

စာလည်းရှည်သွားပါပြီ၊ ဒီတစ်ပတ်တော့ ပေါင်းသင်းဆက်ဆံရေး အရေးကြီးတဲ့အကြောင်းပဲ ရေးပေးလိုက်ပါတယ်၊ နောက်တစ်ပတ်တော့ ပေါင်းသင်းဆက်ဆံရေးကောင်းတဲ့သူတစ်ယောက်ဖြစ်အောင် ဘယ်လိုလုပ်မလဲ။ လုပ်ငန်းခွင်မှာ ထိပ်ဆုံးရောက်နေပြီး ပျော်ရွှင်အောင်မြင်နေသူတွေရဲ့ လျှို့ဝှက်ချက်တွေ။ ကမ္ဘာကျော်စာရေးဆရာတွေက ထုတ်နုတ်ထားတဲ့ 'လွယ်ကူရိုးရှင်းတဲ့' ပေါင်းသင်းဆက်ဆံရေးကောင်းစေကြောင်း နည်းလမ်းကောင်းတွေကို အချိန်ယူပြီး ရေးပို့လိုက်ပါဦးမယ်၊ အားလုံးပဲ ပေါင်းသင်းဆက်ဆံရေးကောင်းမွန်ပြီး ပျော်ရွှင်အောင်မြင်တဲ့လူငယ်တွေ ဖြစ်နိုင်ကြပါစေလို့ ဆန္ဒပြုလိုက်ပါတယ် . . .။















# ၂၀၁၈ ကစ ဦးစားပေးလုပ်သင့်တဲ့အရာတွေ

| မိုး၁ |

၁။ စာဖတ်ပါ
၂။ နေ့စဉ်မှတ်စုရေးပါ
၃။ ကျန်းမာရေးလိုက်စားပါ
၄။ အလုပ်ကြိုးစားပါ
၅။ ဘာသာတရားကိုင်းရှိုင်းပါ
၆။ ပရဟိတလုပ်ပါ
၇။ ဘာသာစကား၊ ပညာရေးအတွက် လေ့လာပါ

## ၁။ စာဖတ်ပါ

စာဖတ်ခြင်းရဲ့ ကောင်းကျိုးတွေကို ရေးပြပါဆိုရင် ဝတ္ထုတစ်ပုဒ်မကသလို ကျမ်းစာတစ်စောင်လောက်နဲ့လည်း မလုံလောက်ပါဘူး။ စာဖတ်ခြင်းရဲ့အကျိုးကျေးဇူးတွေ အများကြီးပါ။ ရှေးတုန်းက လူကြီးတွေ အရမ်းတော်ကြတယ်။ ဗိုလ်ချုပ်တို့ ထက်ထက်မြက်မြက်နဲ့ နိုင်ငံကိုဦးဆောင်နိုင်ခဲ့ကြတာ စာအရမ်းဖတ်လို့ပါ။ သူတို့တွေ နိုင်ငံ

ရေးမလုပ်သေးဘဲ အားနေတဲ့အချိန်ဆို စာပဲဖတ်ခဲ့ကြပါတယ်။ ဖွံ့ဖြိုးတိုးတက်ပြီး နိုင်ငံတိုင်းကိုလေ့လာကြည့်ရင် အစိုးရစီမံခန့်ခွဲမှုကောင်းသလို နိုင်ငံသားတွေကလည်း စာဖတ်မပျင်းကြပါဘူး။

စာမဖတ်လို့ ချက်ချင်းမသိသာပါဘူး။ တစ်ရက် တစ်လနဲ့လည်း မသိသာပါဘူး။ တစ်နှစ် နှစ်နှစ်အတွင်း သိသာလာပါပြီ။ ခံယူချက်တွေ၊ အတွေးအခေါ်တွေ၊ ယုံကြည်ချက်တွေဟာ စာဖတ်သူနဲ့ စာမဖတ်သူကြားသိသိသာသာကွာခြားလာပါတယ်။ ပတ်ဝန်းကျင်မှာ လက်တွေ့အမြင်ပဲဖြစ်ပါတယ်။ စာမဖတ်သူဟာ ဗဟုသုတနည်းသလို ဆင်ခြင်တုံတရားနိမ့်ကျတဲ့အတွက် အယုံလွယ်ပါတယ်။ သွေးဆူလွယ်ပါတယ်။ သူများပါးစပ်မှာတင် လမ်းဆုံးပါတယ်။ ဒါကြောင့် ဗဟုသုတကြွယ်ဝပြီး ဆင်ခြင်တုံတရားမြင့်မားစေဖို့ စာဖတ်ပါ။

နိုင်ငံခြားသားတစ်ယောက်နဲ့ စကားပြောကြည့်ရင် ပိုသိသာပါတယ်။ သူတို့က 'လက်တွေ့' ကျပါတယ်။ အချက်အလက်တိတိကျကျမဟုတ်ရင် ဘယ်အရာကိုမှ မယုံပါဘူး။ စာကိုဖတ်ရင်လည်း ဖတ်ပြီးရုံမဟုတ်ဘဲ လက်တွေ့ဆန်းစစ်ပြီး ပြန်လည်အသုံးချပါတယ်။ ဥရောပနိုင်ငံတွေ အရမ်းတိုးတက်ပြီး ချမ်းသာသွားတာ အတွေးအခေါ်တွေကောင်းမွန်ပြီး လက်တွေ့တီထွင်စမ်းသပ် အသုံးချနိုင်ခဲ့လို့ပဲဖြစ်ပါတယ်။

စာဖတ်ပြီး ဗဟုသုတကြွယ်ဝတဲ့ မိဘဟာ ကလေးငယ်ကို စနစ်တကျပြုစုပျိုးထောင်ပေးပါတယ်။

တပည့်တွေကို ပျင်းစရာကောင်းတဲ့ သင်ခန်းစာတွေအပြင် စိတ်ခံစားမှုနဲ့ ကိုယ်ရည်ကိုယ်သွေး ဖွံ့ဖြိုးဖို့အထိ သင်ကြားပြသဆိုဆုံးမပေးနိုင်တဲ့ဆရာတွေဖြစ်ဖို့ စာဖတ်ဖို့ အရေးကြီးပါတယ်။ လုပ်ငန်းတွေ ထိရောက်အောင်မြင်စွာ ဆောင်ရွက်နိုင်ရေး လိုအပ်တဲ့စီမံခန့်ခွဲမှုတွေပြုလုပ်နိုင်တဲ့ ခေါင်းဆောင်ကောင်းတွေဖြစ်ဖို့ စာဖတ်ပါ။

စာမေးပွဲမှာ မြန်မာစာကို ကောင်းကောင်းဖြေဆိုနိုင်ဖို့ စာဖတ်ပါ။

အင်္ဂလိပ်စာကို မြန်မာလိုပြန်ဆိုရေးသားတဲ့အခါ ဝါကျတွေ ချောမွေ့နေစေဖို့ စာဖတ်ပါ။

ကိုယ်ပြောချင်တဲ့အကြောင်းအရာကို တစ်ဖက်သားနားလည်လွယ်စေဖို့ စာဖတ်ပါ။ ရုံးစာတစ်စောင်ကို လိုတိုရှင်းရေးနိုင်ဖို့ စာဖတ်ပါ။

စာတတ်ပြီး စာမဖတ်လို့ ဉာဏ်ရည်နိမ့်ကျနေသူတွေကိုကယ်တင်ဖို၊ ဆင်ခြင်တုံတရားနိမ့်ကျနေတဲ့ လူ့အဖွဲ့အစည်းကို ပြန်လည်ပြင်ဆင်ဖို့ စာဖတ်ပါ။ စာဖတ်ခြင်းဖြင့် ပိုမိုကောင်းမွန်သောဘဝကို တည်ဆောက်ပါ။

## ၂။ နေ့စဉ် မှတ်စုရေးပါ

တစ်နေ့ တစ်နေ့ ကိုယ်ဘာတွေလုပ်ဖြစ်သလဲ သိရတာပေါ့။ အရေးကြီးတဲ့အချက်အလက်တွေကို မှတ်စုထုတ်မှတ်သားထားရင် တစ်ချိန်မှာ ပြန်လည်အသုံးဝင်လာမှာပါ။ ကျွန်တော် ပြန်တမ်းဝင်အရာရှိစာမေးပွဲ (ယခင်အခေါ် ပီအက်စီစာမေးပွဲ)ကို အောင်မြင်ခဲ့တာ မှတ်စုလေးတွေရဲ့ကောင်းကျိုးတွေလည်းပါဝင်ပါတယ်။ အမေရိကန်သမ္မတဟောင်း ဘားရက်အိုဘားမားဟာ မှတ်စုစာအုပ်ငယ် (notepad)ကို အသုံးပြုလေ့ရှိပါတယ်။ နည်းပညာထွန်းကားတဲ့ နိုင်ငံကြီးတွေမှာတောင် မှတ်စုရေးသားတာကို အလေးအနက်လုပ်ဆောင်ဆဲဖြစ်ပါတယ်။ မှတ်စုရေးသားရခြင်းကောင်းကျိုး ၁၀ပါးကို မရေးပြတော့ပါဘူး။ လက်တွေ့ရေးသားရင်းနဲ့ သိလာမှာမို့ပါ။

## ၃။ ကျန်းမာရေးလိုက်စားပါ

မကျန်းမာမှ ကျန်းမာခြင်းရဲ့တန်ဖိုးကို ပိုသိတာပါ။ အဲဒီတော့ ကျန်းမာရေးလိုက်စားပါ။ သင့်တော်သောကိုယ်လက်လေ့ကျင့်ခန်းတစ်ခုပြုလုပ်ပါ။ အနည်းဆုံးမနက်စောစောလမ်းထလျှောက်ပါ။ လတ်ဆတ်သန့်ရှင်းသောလေကို ရှူရှိုက်ပါ။ ညဉ့်နက်တဲ့အထိ မနေပါနဲ့။ စောစောအိပ်ရာဝင်ပါ။ ရေများများသောက်ပါ။ ကျန်းမာမှ ပျော်ရွှင်မှာ။ ပျော်ရွှင်မှ လူ့ဘဝဟာ အဓိပ္ပာယ်ပြည့်စုံမှာပါ။

## ၄။ အလုပ်ကြိုးစားပါ

ကိုယ့်အလုပ်ကိုယ် စေတနာထားပါ။ အထက်လူကြီးမသိရင်တောင် အနည်းဆုံးကိုယ့်ကိုကိုယ်သိတယ်၊ လုပ်ဖော်ကိုင်ဖက်တွေသိပါတယ်။ အချိန်တန်ရင် စေတနာ



အတိုင်း အကျိုးပေးရစမြဲပါ။အလုပ်တာဝန် ကျေပွန်ခြင်းဖြင့် မိမိကိုယ်ကို ဂုဏ်ယူလိုက်ပါ။ မိမိတန်ဖိုးကို မြှင့်တင်နိုင်ပါစေ။

## ၅။ ဘာသာတရားကိုင်းရှိုင်းပါ

နေ့စဉ်ဝမ်းရေးအတွက်ပဲဖြစ်ဖြစ်၊ ဘဝရည်မှန်းချက်အောင်မြင်ဖို့ဖြစ်ဖြစ် ကြိုးစားရုန်းကန်နေတဲ့နေရာမှာ လောဘ၊ ဒေါသ၊ မောဟတွေမကင်းကြပါဘူး။ ဒီလိုအခြေအနေတွေကို ထိန်းညှိဖို့အတွက် ဘာသာတရားဟာ အစွမ်းအထက်ဆုံးလက်နက်ဖြစ်ပါတယ်။ ကိုယ့်အိမ်ကဘုရားကို ရှိခိုးလည်း ဒီကုသိုလ်၊ မြို့လယ်က ဘုရားကိုရှိခိုးလည်း ဒီကုသိုလ်ဆိုပေမယ့် ဘုရားစေတီရင်ပြင်တော်ပေါ်ရောက်တဲ့အချိန်ဟာ အိမ်မှာနေတာထက် ပိုငြိမ်းချမ်းတာမို့ တစ်ပတ်တစ်ခါလောက်ဖြစ်ဖြစ်၊ တစ်လတစ်ခါလောက်ဖြစ်ဖြစ် ဘုရားသွားပေးပါ။ ကုသိုလ်ကောင်းမှုပြုဖို့ မမေ့လျော့ပါနဲ့။ သေရင်ကိုယ့်နောက်ပါမှာ ဒါန၊ သီလ နဲ့ဘာဝနာဆိုတာကို သတိပြုပါ။ ဘာသာတရား အမှန်တကယ်ရှိသေကိုင်းရှိုင်းရင် လူ၊ နတ်တို့ချစ်ခင်ပါတယ်။ ဒီ့အတွက် လုပ်ငန်းကိုင်ငန်းတွေလည်း တိုးတက်အောင်မြင်ပါတယ်။


## ၆။ ပရဟိတလုပ်ပါ

ပရဟိတလို့ပြောလိုက်ရင် လူအများစုက နာရေးကူညီတာ၊ သွေးလှူတာ၊ ရေဘေး၊ လေဘေး၊ ငလျင်ဘေး ကူညီတာ၊ အလှူမှာ ဝိုင်းလုပ်ပေးတာတို့ပဲ ယူဆကြပါတယ်။ တကယ်တော့ ပရဟိတရဲ့ မူရင်းအနှစ်သာရဟာ အများကောင်းကျိုးကို စေတနာသန့်သန့်နဲ့လုပ်ကိုင်ဆောင်ရွက်ခြင်းပါ။ အရှင်းလင်းဆုံးဥပမာထပ်ပေးရရင် ကိုယ်ကျိုးစီးပွားမပါတဲ့ ကောင်းသောလုပ်ငန်းမှန်သမျှ ပရဟိတပါပဲ။ အိမ်မှာနေရင်းလည်း လုပ်လို့ရပါတယ်။ ရုံးမှာလည်း လုပ်လို့ရပါတယ်။ ဈေးရောင်းရင်လည်း လုပ်လို့ရပါတယ်။ ဆိုက္ကားနင်းရင်းလည်း လုပ်လို့ရပါတယ်။ တစ်ဖက်သားကို ဘာအကျိုးအမြတ်ကိုမှမမျှော်လင့်ဘဲ ကူညီပေးလိုက်တာလည်း မွန်မြတ်တဲ့ပရဟိတပါပဲ။ ဒီလောက်ရေးပြရင် စာဖတ်သူအနေနဲ့ ပရဟိတရဲ့ မူရင်းအနှစ်သာရကို သဘောပေါက်ပြီလို့ ယူဆမိပါတယ်။ ကိုယ်ကျိုးစီးပွားပဲ တွေးတောလုပ်ကိုင်နေသူတွေထက် အများအကျိုးစီးပွားအတွက် ဆောင်ရွက်နေတဲ့ ပရဟိတသမားတွေ နိုင်ငံတော်အတွက် များးစွာလိုအပ်ပါတယ်။

## ၇။ ဘာသာစကား၊ ပညာရေးအတွက် လေ့လာပါ

ခေတ်က တဖြည်းဖြည်းနဲ့ နည်းပညာခေတ်၊ ပညာခေတ် ပိုပြီး ပီပြင်လာပါပြီ။ အရည်အချင်းရှိတဲ့သူတွေ နေရာရမယ်။ ကြိုးစားတဲ့သူတွေ နေရာရမယ့်ခေတ်ပါ။ ဝေလေလေလုပ်ပြီး အချိန်ဖြုန်းနေရင်၊ တစ်နေ့တစ်နေ့ သောက်စားမူးယစ်၊ အင်တာနက်၊ ဖုန်းသုံးပြီး အချိန်ဖြုန်းနေရင် သူများနောက် ကျန်နေခဲ့မှာပါ။ Undertaking without visions forwards will be always lagged behind others. ဘာသာစကားသင်တန်းတွေတက်ပါ။ အထူးသဖြင့် အင်္ဂလိပ်စာကို အခြေခံမှစ ကျွမ်းကျင်အောင် ကြိုးစားပါ။ လက်ရှိရထားတဲ့ ဘွဲ့အပြင် တခြားသော ဒီပလိုမာတွေ၊ မဟာဘွဲ့တွေ ယူနိုင်အောင်ကြိုးစားပါ။ သိတဲ့သူက မသိတဲ့သူကို ဦးဆောင်တာမို့ ကိုယ်ကဦးဆောင်နိုင်သူဖြစ်အောင် ကြိုးစားပါ။

၂၀၁၇ ကစ ဦးစားပေးလုပ်သင့်တဲ့အရာတွေကို လက်တွေ့လုပ်ကိုင်ရင်း **ပိုမိုကောင်းမွန်တဲ့ဘဝ (better life)** ကို ရရှိပိုင်ဆိုင်နိုင်ကြပါစေ။




# နိုင်ငံရေး၏ အဓိပ္ပာယ်

|သုံးည|

နိုင်ငံရေးဟူသော စကားသံကိုကြားလိုက်သည် နှင့် လူအများစု၏စိတ်ထဲတွင် ကြောက်ရွံ့မှုများ ဖြစ်ပေါ် လာတတ်ကြသည်၊ ထိုစကားသံသည် ယင်းတို့နှင့် လား လားမျှမဆိုင်ဟု ထင်မြင်တတ်ကြသည်၊ အကြောက်တရားများအကြား နေထိုင်ခဲ့ရ၍နိုင်ငံရေးသည် အိမ်မက်ဆိုးသဖွယ် ထင်မှတ်စေရန် စနစ်တကျ ပုံစံသွင်းထားခြင်းခံရသော ကြောင့်ဟု သုံးသပ်မိရင်း လွန်စွာဝမ်းနည်းဖွယ်ကောင်းသော ခေါက်ရိုးကျိုးနေသည့် အတွေးများအား ပြန်လည်ရှင်သန်စေချင်မိသည်။

## နိုင်ငံရေးဆိုတာဘာလဲ

နိုင်ငံရေးဆိုတာ သိပ်ကိုယဉ်ကျေးပြီး အင်အား ကြီးမားတဲ့ အလှတရားတစ်ခုဟု  အဓိပ္ပာယ်ဖွင့်ဆိုချင်မိသည်။ လမ်းပေါ်၌တွေ့ရသော အမှိုက်တစ်စအားကောက်ယူ၍ အမှိုက်ပုံးထဲသို့ စနစ်တကျ စွန့်ပစ်ခြင်းသည် နိုင်ငံရေးဖြစ်သည်။ ကွမ်းတံတွေး စည်းကမ်းတကျ ထွေးခြင်းသည် နိုင်ငံရေးဖြစ်သည်။ အိမ်၌ဖြစ်စေ၊ ဆိုင်၌ဖြစ်စေ မိမိစားသုံးသော အစားအသောက်များအား အလေအလွင့်မရှိစေဘဲ ကုန်စင်အောင် စားသုံးခြင်းသည် နိုင်ငံရေးဖြစ်သည်။ အားငယ်သူကို အားပေး၍ ဒုက္ခရောက်နေသူကို ကူညီခြင်းသည် နိုင်ငံရေး ဖြစ်သည်။ ထို့ကြောင့် နိုင်ငံရေးဆိုသည်မှာ

မိမိ၏နေထိုင်ပြုမူပုံသည် စည်းစနစ်ကျနစွာဖြင့် လူ့အသိုင်းအဝိုင်းအား ထိခိုက်မှုမရှိစေဘဲ တိုးတက်ကောင်းမွန်အောင် လုပ်ဆောင်ခြင်းပင်ဖြစ်သည်။

## နိုင်ငံရေးသမား

အာဏာရအစိုးရအား အတိုက်အခံပြုလုပ်နေမှသာ နိုင်ငံရေးသမားဟု မဆိုအပ်သကဲ့သို့ လမ်းပေါ်ထွက်ဆန္ဒပြသူတိုင်းသည်လည်း နိုင်ငံရေးသမားမဟုတ်ပေ။ မိမိပတ်ဝန်းကျင်အားလည်းကောင်း၊ မိမိနိုင်ငံအားလည်းကောင်း၊ မိမိလူမျိုးအားလည်းကောင်း တိုးတက်ကောင်းမွန်စေရန်အတွက် အမှန်တရားအားမျက်နှာမူ၍ ကိုယ်ကျိုးစွန့်အနစ်နာခံသူတိုင်းသည် နိုင်ငံရေးသမားဖြစ်ပေသည်။ ထိုကဲ့သို့ မွန်မြတ်ဖြူစင်သော စိတ်ထားမျိုးရှိနေပါက သင်သည်လည်း နိုင်ငံရေးသမားကောင်းတစ်ယောက်ပင် ဖြစ်သည်။ လူအများ သတ်မှတ်ထားသည့် နိုင်ငံရေးသမားများ ဖြစ်တည်လာပုံမှာ ကိုယ်ကျိုးစွန့်အနစ်နာခံသည့် စိတ်ထဲသို့ မတရားမှုအား ခေါင်းငုံ့မခံသည့်သတ္တိများ ဝင်ရောက်လာကာ အနိုင်ကျင့်ကြီးစိုးမှုများအား တွန်းလှန်တိုက်ထုတ်ခြင်းကြောင့်ပင်ဖြစ်သည်။

## ကျွန်တော်နှင့် နိုင်ငံရေးစိတ်

ငယ်စဉ်ကတည်းကပင် စာဖတ်ခြင်းအား ဝါသနာကြီးသူ ကျွန်တော့်အတွက် စာအုပ်များသည် အကောင်းဆုံးသူငယ်ချင်းများဖြစ်ခဲ့သည်။ ပုံပြင်များဖတ်ရှုရခြင်းထက် သမိုင်းဖြစ်ရပ်မှန်များ ဖတ်ရှုရခြင်းကို ပိုမိုနှစ်သက်ခဲ့သည်။ ရသစာပေထက် သုတစာပေများ ပိုမိုဖတ်ရှုဖြစ်ခဲ့သည်။ နိုင်ငံရေးစာပေများကို ချစ်မြတ်နိုးသူတစ်ဦးဟုဆိုလျှင် မှန်ပေလိမ့်မည်။ ငယ်စဉ်က သင်ကြားခဲ့ရသော ဘာသာရပ်များထဲတွင် သမိုင်းဘာသာနှင့် ပထဝီဘာသာမှ သင်ခန်းစာများသည် အပြင်ဗဟုသုတစာအုပ်များ ဖတ်ရှုတတ်သူ ကျွန်တော့်အား နိုင်ငံချစ်စိတ်၊ အာဏာရှင် တွန်းလှန်ချင်စိတ်များ ဖြစ်ပေါ်စေခဲ့သည်။ သမိုင်းဘာသာရပ်တွင်ပါရှိသော အင်္ဂလိပ်တို့မှ မြန်မာပြည်အား နယ်ချဲ့ကျူးကျော်ပုံများ၊ ဂျပန်တို့မှ ကူညီမှုပေးသလိုနှင့် ထပ်မံကျူးကျော်ပုံများ၊ လွတ်လပ်ရေးရရှိစေရန် စွမ်းစွမ်းတမံဆောင်ရွက်ခဲ့ကြသော သူရဲကောင်းတို့၏ ကြိုးပမ်းမှုများသည် ဖယောင်းပျော့သဖွယ် လိုရာပုံသွင်းနိုင်သော ကျောင်းသား၊ ကျောင်းသူလူမမယ်လေးများအား မျိုးချစ်စိတ်များ ပေါက်ဖွားလာစေသကဲ့သို့ သူတစ်ပါးပိုင်နက်အား နယ်ချဲ့ကျူးကျော်ခြင်းသည် အင်မတန်မှ နိမ့်ကျ၍ လူသားမဆန်သော စိတ်ဓာတ်ဟု မှတ်သားစေခဲ့သည်။ ဖဆပလ အကြောင်းများ သင်ကြားပြီးချိန်တွင် မြန်မာ့နိုင်ငံရေးပြောင်းလဲမှုအား ရှေ့ဆက်မသင်ကြားတော့ဘဲ တတိယ မြန်မာနိုင်ငံတော် တည်ထောင်သူ အလောင်းမင်းတရားကြီး ဦးအောင်ဇေယျသည် ဆင်ဖြူတော်ကိစ္စကို အကြောင်းပြု အယုဒ္ဓယပြည် (ယခုယိုးဒယားနိုင်ငံ)အား နယ်ချဲ့ သိမ်းပိုက်ပုံအား ဂုဏ်ယူဝင့်ကြွားစွာဖြင့် နောက်ကြောင်းပြန်သမိုင်း သင်ကြားမှုအား ကြားဖြတ်ပြုလုပ်ခဲ့သည်။ အင်္ဂလိပ်နှင့် ဂျပန်မှမြန်မာပြည်အားကျူးကျော်ရာတွင် သူတစ်ပါးပိုင်နက်အား ကျူးကျော်သည်မှာ မကောင်းမှုဟု သင်ကြားထားသော်လည်း အဘယ့်ကြောင့် မြန်မာမင်းတစ်ပါးမှ သူတစ်ပါးမြေအား ကျူးကျော်သည့်ကိစ္စကို ဂုဏ်ယူဝင့်ကြွားစွာ သင်ကြားနေပါသလဲဆိုသည့် ကိုယ်ပိုင်အတွေးငယ်တစ်ခု ဖြစ်ပေါ်ရင်း ဒွိဟစိတ် ဝင်ရောက်လာခဲ့သည်။ ထိုဒွိဟစိတ်ဆိုသည်မှာ ဖယောင်းပျော့သဖွယ်ဖြစ်နေသော ကျွန်တော်တို့၏စိတ်ထဲတွင် သူတစ်ပါးပိုင်ဆိုင်မှုအား မိမိ၏လိုချင်တပ်မက်မှုကြောင့် ရယူခြင်းသည် ကောင်းမွန်မလား၊ မကောင်းမွန်မှုလားဆိုသည့် စဉ်စားစရာများပင် ဖြစ်သည်၊ ပြင်ပမှ သမိုင်းအမှန်များ ရှာဖွေမှတ်ရှုခြင်းမှ သိရှိလာရသော ဗဟုသုတများကြောင့်သာ သူတစ်ပါးပိုင်ဆိုင်မှုအား မတရားရယူလိုမှုသည် မကောင်းမွန်သည့်စိတ်ဖြစ်ကြောင်း အတုမြင်အတတ်သင်သည့် ငယ်ရွယ်စဉ်ကတည်းက သိရှိခဲ့ရသည်။ ထိုကဲ့သို့ သင်ခန်းစာပြောင်းလဲသင်ကြားမှုသည် ကားမှတ်တိုင်၏ အမျိုးသမီးနှစ်ယောက်ရန်ဖြစ်နေသည်ကို လူအများ ဝိုင်းအုံကြည့်နေချိန်တွင် ကားတစ်စီးမှ မှတ်တိုင်အနီးရှိလမ်းဘေးဓာတ်တိုင်အား တမင်တကာ ဝင်တိုက်လိုက်ခြင်းနှင့်တူသည်။ ထိုအခါ လူအများ၏အာရုံစိုက်မှုသည် ကားတိုက်ရာသို့ ရောက်ရှိသွားမည်မှာ ရာနှုန်းပြည့်သေချာပါသည်။ အမဲရောင်အမှန်တရားတစ်ခုအား လူအများအာရုံစိုက်ခြင်းကင်းဝေးစေရန် ကြိုတင်ကြံစည်ထားသော လုပ်ကြံမှုပြုလုပ်ခြင်းဖြစ်ပေသည်။

ပထဝီဘာသာရပ် သင်ကြားရာတွင် မြန်မာနိုင်ငံအနှံ့အပြား၏ သဘာဝသယံဇာတများထွက်ရှိသည်ဟု သင်ကြားခဲ့ရသော်လည်း အဘယ့်ကြောင့် ကျွန်တော်ချစ်သော အမိမြန်မာပြည်သည် ကမ္ဘာ့အဆင်းရဲဆုံး နိုင်ငံစာရင်းထဲပါရှိနေသနည်းဟု စဉ်းစားမိရာမှစတင်၍ မတရားမှုအားတွန်းလှန်ချင်သည့် နိုင်ငံရေးစိတ်စတင်ဝင်ရောက်ခဲ့သည်မှာ ယခုအချိန်ထိပင် ဖြစ်လေသည်။

## ယနေ့ခေတ်လူငယ်နှင့် နိုင်ငံရေး

နိုင်ငံရေးသည် မိမိနှင့်မသက်ဆိုင်သည့် အရေးအရာကိစ္စဟု ထင်မှတ်သူအများစုသည် ယနေ့ခေတ်လူငယ်များပင်ဖြစ်သည်။ ထိုကဲ့သို့ ထင်မှတ်မှုသည် သမိုင်းအမှန်များကို မသိရှိခဲ့ရခြင်း၊ ကြောက်စိတ်များ ရိုက်သွင်းခံရခြင်း၊ ပုံစံခွက်ထဲ နေထိုင်ခဲ့ရခြင်း၊ ကိုယ်ပိုင်အတွေးအခေါ်များ ထုတ်ဖော်ခွင့်မရခြင်းတို့ကြောင့်ဖြစ်သည်။ ယနေ့ လူငယ်များသည် နောင်တစ်ချိန် တိုင်းပြည်ခေါင်းဆောင်များဖြစ်ကြမည်မှာ ဧကန်မုချပင်။ Entertainment Program တစ်ခုဖြစ်သော Money Drop Myanmarတွင်ယှဉ်ပြိုင်သူ လူငယ်များ၏အဖြေအများစုကြောင့် တိုင်းပြည်အနာဂတ်အတွက် ရင်လေးမိသည်။ လွတ်လပ်ရေးဖခင် ဗိုလ်ချုပ်အောင်ဆန်း၏ မိခင်နာမည်အား မသိရှိခြင်း၊ မြန်မာပြည်မြောက်ပိုင်းတွင် မည်သည့်ပြည်နယ်ရှိခြင်းအား မသိရှိခြင်းစသည့် မြန်မာနိုင်ငံသားတိုင်း သိထားသင့်သော ဗဟုသုတများအား လေ့လာမှုနည်းပါးခြင်းသည် လွန်စွာစိတ်မကောင်းဖွယ်ရာကိစ္စပင်ဖြစ်သည်။ အနာဂတ်ကြယ်ပွင့်များ အလင်းရောင် ပျောက်နေကြသည်။ ဘွဲ့ရပညာတတ်များ ပေါများလာသော်လည်း ဗဟုသုတကြွယ်ဝသည့် ပညာရှိများ ရှားပါးလာသည်။

## ပြောင်းလဲချိန်တန်ပြီ

ကျွန်တော့် မိတ်ဆွေများထဲတွင်လည်း "ကိုယ်အလုပ်လုပ်မှ ကိုယ်စားရတာ၊ ဘယ်သူပဲတိုင်းပြည် အုပ်ချုပ်အုပ်ချုပ် နိုင်ငံရေး စိတ်မဝင်စားဘူး" စသည့် အတွေးအခေါ်များဖြင့် စကားပြောသူများရှိသည်။ လူမှန်လျှင် အလုပ်လုပ်ရမည့်အရွယ်တွင် အလုပ်လုပ်ရမည်ဖြစ်သောကြောင့် "ကိုယ်အလုပ်လုပ်မှ ကိုယ်စားရတာ" ဆိုသည့် စကားအား အပြည့်အဝထောက်ခံသော်လည်း "ဘယ်သူပဲတိုင်းပြည် အုပ်ချုပ် အုပ်ချုပ် နိုင်ငံရေး စိတ်မဝင်စားဘူး" ဆိုသည့် စကားအား ငြင်းပယ်ရပါမည်။ အဘယ့်ကြောင့် ဆိုသော် မိမိအလုပ်လုပ်မှုနှင့်ညီမျှသည့် ဝင်ငွေရရှိပါသလား၊ မွေးရာပါ လူ့အခွင့်အရေး အပြည့်အဝရရှိပါသလား၊ လျှပ်စစ်မီးအပြည့်အဝရရှိပါသလား၊ ဆက်သွယ်သွားလာရေး လွယ်ကူပါရဲ့လား၊ ထိုမေးခွန်းများအတွက် အဖြေများသည် တိုင်းပြည်အုပ်ချုပ်နေသူများ၏ အရည်အချင်းရှိမှု၊ ကိုယ်ကျိုးစွန့်အနစ်နာခံမှုများပေါ်တွင် မူတည်နေသည်။ ထိုတိုင်းပြည်အုပ်ချုပ်သူများအား ယခုကဲ့သို့ပွင့်လင်းမြင်သာသည့် ခေတ်တွင် သင်ကိုယ်တိုင်ရွေးချယ်ခွင့်ရှိသည်။ ထို့ကြောင့် သင့်ထံတွင် ကောင်းမွန်သောအရာကို ရွေးချယ်ပေးနိုင်မည့် အစွမ်းအစ အသိဉာဏ် ဗဟုသုတများရှိရန် လိုအပ်သည်။ သို့မှသာ တိုင်းပြည်အတွက် ကိုယ်ကျိုးစွန့် အနစ်နာခံမည့် ခေါင်းဆောင်များအား ရွေးချယ်နိုင်မည်ဖြစ်သည်။ စင်္ကာပူနိုင်ငံသားအများစု မြန်မာနိုင်ငံလာရောက်မှုသည် အလုပ်ရှင်အဖြစ် လာရောက်ခြင်းဖြစ်ပြီး မြန်မာနိုင်ငံသား အများစု စင်္ကာပူနိုင်ငံသို့ သွားရောက်ခြင်းသည် အလုပ် သမားအဖြစ် သွားရောက်ရသည်မှာ အားလုံးလက်ခံရမည့် အမှန်တရားပင်ဖြစ်သည်။ စင်္ကာပူနိုင်ငံ၏ အကျယ်အဝန်းသည် ရန်ကုန်မြို့တစ်မြို့စာမျှသာ ကျယ်ဝန်းပြီး မည်သည့် သယံဇာတမှ မထွက်ရှိသောနိုင်ငံ ဖြစ်သော်လည်း ကမ္ဘာက လေးစားရသော ထိပ်တန်းနိုင်ငံဖြစ်လာသည်။ ခေါင်းဆောင် လီကွမ်ယု၏ လမ်းညွှန်ချက်များအား နောက်တက်ခေါင်း ဆောင်များမှ လိုက်နာကျင့်သုံး၍ ပြည်သူတစ်ဦးချင်းစီမှလည်း နိုင်ငံကြီးသားပီသစွာဖြင့် မိမိတာဝန် မိမိကျေပွန်စွာ ထမ်းဆောင်ခြင်းကြောင့်ပင်ဖြစ်သည်။ ထို့ကြောင့် ကမ္ဘာမှာ "မြန်မာဟေ့" လို့ ကြွေးကြော်ချင်ပါက ခေါင်းဆောင် ကောင်းရှိမှုသည် အရေးကြီးသကဲ့သို့ ပြည်သူတစ်ဦးချင်းစီ ၏ စိတ်နေစိတ်ထားများသည်လည်း ကောင်းမွန်ရန် လိုအပ် ပေသည်။ ထို့ကြောင့် လွန်စွာလှပသော နိုင်ငံရေးအား အိမ်မက်ဆိုးဟု ထင်မှတ်နေသည့် အတွေးများအားပြောင်းလဲချိန် တန်ပြီဟု အကြံပြုချင်ပါတော့သည်။



# MEMORY FLASHBACK

|နယဉ်|

နာရီလက်တံများက အချိန်တွေကို စားသုံးရင်း ပြက္ခဒိန်တွေဟောင်း၊ ရာသီတွေပြောင်းလာခဲ့တာ ၂၀၁၇ ခုနှစ်ပင် ကုန်ဆုံးတော့မည်ဖြစ်သည်။ ပြောင်းလဲမှုများစွာနဲ့ ကမ္ဘာကြီးထဲမှာ ဘဝရဲ့နိဒါန်းမှစ နေ့ရက်တွေကျော်လွှားရင်း ကျမကိုယ်တိုင်လည်း အတန်အသင့်တော့ ပြောင်းလဲခဲ့ပြီပဲ။ တစ်ချို့သောအရာတွေက ရှိခဲ့ဖူးတယ်။ တစ်ချို့အရာတွေက ဝိုးတဝါး၊ တစ်ချို့အရာတွေက ပြန်ပြောင်းသတိရတိုင်း မှတ်မှတ်ထင်ထင်ရှိနေတဲ့ မှတ်ဉာဏ်တွေကို "အမှတ်တရ" "Memory"လို့ ခေါ်ကြသည်မလား၊ အခုတော့ မဝေးသေးတဲ့ အတိတ်တ်ပုံရိပ်တွေကို တစ်ခါပြန်အမှတ်ရတိုင်း ဇာတ်ကားတစ်ကားကို Backward လုပ်သလောက်ပင်မကြာဘဲ ပုံရိပ်တွေဟာလည်း ပိတ်ကားပေါ်ကထက် ကြည်လင်ပီပြင်စွာဖြင့် ....

## ၇-၈-၂၀၁၇ (တနင်္လာနေ့)

ပထမဆုံး အလုပ်ဝင်မည့်နေ့မို့ စိတ်တွေလှုပ်ရှားနေခဲ့သည်။ ရုံးဝတ်စုံလေးနဲ့ မိမိကိုယ်ကိုမှန်ထဲကြည့်ရင်း သူငယ်တန်းကျောင်းသူဘဝ အဖြူအစိမ်းနဲ့ ကျောင်းပထမဆုံးတက်တဲ့ ရင်ခုန်မှုမျိုးကို ပြန်ခံစားမိသည်။ တကယ်ဆိုလည်း ကျမရဲ့ ပထမဆုံးအလုပ်ဝင်မယ့်နေ့ပဲလေ။ ယူနီဖောင်းလေးနဲ့ ရုံးကားကိုစီးပြီး ရုံးတက်ချင်သောဆန္ဒသည် မနက်တိုင်းတွေ့ရတတ်တဲ့ ရုံးကားတွေကို မြင်နေရတိုင်းဖြစ်သည်။

"ဟိုမှာ .. ရုံးကားလာနေပြီ" ဆိုသည့် ဘေးနားမှအသံကြောင့် ခဏလွတ်ထွက်သွားတဲ့ စိတ်တွေကို ပြန်စုစည်းရင်း ကားကိုကြည့်နေမိသည်။ 'ဗဟိုစာရင်းအင်းအဖွဲ့' ဟူသည့် စာတန်းနှင့်ကားကို မြင်ရသောအခါ စိတ်လှုပ်ရှားမှုက အသစ်ကစသည်။ ဘေးနားမှာလည်း "ငါတို့တကယ်ဝန်ထမ်းဖြစ်ပြီပဲ .. ရုံးကားစီးရတော့မယ်" ဆိုတဲ့အသံတွေ "တကယ်လား .. ငါတော့ဝန်ထမ်းဖြစ်ပြီ။ မယုံနိုင်သေးဘူး" ဆိုတဲ့ စိတ်လှုပ်ရှားစွာဆိုနေတဲ့ အသံတွေက ပြည့်နှက်နေလျှက်။

"ဟုတ်ပါသည်။ တကယ်ကို ကျမတို့အားလုံး စိတ်လှုပ်ရှားမှုကိုယ်စီနဲ့ ကားပေါ်ပါလာခဲ့ကြပါသည်။


### ပထမဆုံးစိန်ခေါ်မှု (First Challenge)

သင်တန်းပထမဆုံးနေ့တွင် ပထမဆုံးစိန်ခေါ်မှုမှာ ကျမ ဘယ်သူ့ကိုမှ မသိခြင်းဖြစ်လေသည်။ တကယ်ဆို ကျမတစ်ယောက်တည်းမဟုတ်။ အချို့သောသူများလည်း ထိုကဲ့သို့ပင်ဖြစ်ပေလိမ့်မည်။ ဘယ်နေရာဝင်ထိုင်ရမှန်းမသိလူတွေကို လိုက်ကြည့်ရင်း ပြုံးပြတဲ့သူဘေးနားဝင်ထိုင်ခဲ့ရသည်မှာလည်း ထိုနေ့အမှတ်တရပင်ဖြစ်သည်။ သင်တန်းပထမဆုံးနေ့မို့ ဗဟိုစာရင်းအဖွဲ့ ညွှန်ကြားရေးမှူးချုပ် ဒေါက်တာဝါဝါမောင်မှ အမှာစကားပြောကြားပြီး Leadership and Management နှင့်ပတ်သက်၍ ရှင်းပြခဲ့သည်။ ထို့နောက် သင်တန်းပို့ချပေးမည့်သူ အသီးသီးနှင့်သော်လည်းကောင်း၊ သင်တန်းမှူးများနှင့်သော်လည်းကောင်း မိတ်ဆက်ပေးပြီး သင်တန်းစည်းကမ်းစည်း မျဉ်းများပြောပြခြင်း၊ အုပ်စုများ "Groups" ခွဲကာ အုပ်စုခေါင်းဆောင်များ "Group Leaders" သတ်မှတ်ခြင်း စသည်ဖြင့် စိတ်ဝင်စားစရာ အကောင်းဆုံးနေ့တစ်နေ့ ဖြစ်ခဲ့ပါသည်။ ထိုနေ့နှင့်ပတ်သက်၍ထူးခြားသော အခိုက်အတန့်မှာ သင်ခန်းစာများ တစ်ခုပြီးတစ်ခု ပို့ချပြီးသည့်နောက် လက်ထောက်သင်တန်းမှူးမှ သင်ကြားပေးသွားသည့် သင်ခန်းစာများနှင့်ပတ်သက်၍ Assessments ပေးရမည်ဟု ပြောခြင်းဖြစ်လေသည်၊ ထိုနေ့အတွက် Assessmentဟူသည့် စာလုံးသည် ကျမအတွက် ပဟေဠိဖြစ်ဖို့ လုံလောက်ခဲ့သည်။ ထိုစကားလုံးကို လိုက်မေးရင်း သူငယ်ချင်းများ၊ ခင်မင်ရင်းနှီးမှုများ ရခဲ့လေသည်။ အမှတ်တရမှာ ထိုစကားလုံးကို သူတို့လည်းမသိ၍ Dictionary ရှာခဲ့ရသည်ဟု ပြန်ပြောပြရင်း အတူရယ်ခဲ့ရခြင်းဖြစ်သည်။

### သင်တန်းတစ်ပတ်ခန့်ကြာသော်

ထိုနေ့သည်လည်း အမှန်တကယ်ပင် အမှတ်ရစရာနှင့် ပြန်တွေးတိုင်း ပြုံးမိသည်နေ့တစ်နေ့ပင်ဖြစ်ခဲ့သည်။ ထိုနေ့က လက်ထောက်သင်တန်းမှူးမှ သင်တန်းသားများအား မှာကြားလိုသည်များကို လာရောက်မှာကြားသောနေ့ဖြစ်သည်။ လက်ထောက်သင်တန်းမှူးမှ "ဆရာတို့၊ ဆရာမ

> **အလုပ်လုပ်ရာတွင် Head သာမက Heart နှင့် ပေါင်းစပ်လုပ်ကိုင်ရမည်ဟူသော အချက်များသည် မမေ့နိုင်သည့်အချက်များပင် ဖြစ်သည်။**



တို့ကို ဒီနေ့အတွက် ပြောချင်တာကတော့ ''ဟုပြောခြင်းမှ စလေသည်။ လုပ်ငန်းခွင်မဝင်မီ ကျောင်းတက်နေစဉ် ကာလသော်လည်းကောင်း။ ပြင်ပသင်တန်းများ တက်ရောက်စဉ်ကသော်လည်းကောင်း ''သားတို့၊ သမီးတို့သာ အခေါ်ခံခဲ့ဖူးသော ကျမတို့အဖွဲ့အတွက် ''အခြားသူများ အတွက်ပြဿနာမဖြစ်သော်လည်း'' ဆရာတို့၊ ဆရာမတို့ ''ဟု အခေါ်ခံလိုက်ရသောကြောင့် တက်ညီလက်ညီပင် ထိုင်ခုံမှ ''၃'' လက်မခန့် ကြွတက်သွားခဲ့သည်။ အမှန်အတိုင်းဝန်ခံရလျှင် လန့်သွားခြင်းဖြစ်သည်။ ထိုနေ့က ကျမတို့ Group မှာ နောက်ဆုံးတန်းတွင်ထိုင်ရန် အလုပ်ကျခြင်းကြောင့် အများမသိလိုက်သော်လည်း နောက်တန်းနှင့် ဘေးတန်း များ၏ ''ဘာလဲ''ဟူသော အကြည့်တို့ဖြင့် အကြည့်ခံလိုက်ရပါသေးသည်။ နေ့လယ်ထမင်းစားချိန်ရောက်သောအခါ ''အဲ့ဒီတုန်းက ဘာဖြစ်ကြတာတုန်း'' လာမေးကြ၍ ''ဆရာတို့၊ ဆရာမတို့အခေါ်ခံရ၍ လန့်သွားခြင်းဖြစ် ကြောင်း ပြောပြရင်း ပွဲကျခဲ့ကြသေးသည်။ ထိုနေ့ရက်များမှာ တကယ်ပင် ပေါ့ပေါ့ပါးပါးနှင့် ပျော်ပျော်ပါးပါးဖြစ်ခဲ့ရသည်။

အချိန်တွေ တရွေ့ရွေ့သွားရင်း သင်တန်းသည်ပင် တစ်လပြည့်တော့မည် ဖြစ်သည်။ ကျမသည်လည်း သင်တန်းရှိလူများနှင့် ခင်မင်ရင်းနှီးနေပြီဖြစ်သည်။ သင်ခန်းစာများမှာလည်း အမှန်တကယ်ပင် စိတ်ဝင်စားစရာကောင်းလှပြီး ညွှန်ကြားရေးမှူးချုပ် သင်ခန်းစာဖြစ်သည့် Leadership and Management နှင့်ပတ်သက်သော အကြောင်းအရာများသည် ကျွန်ုပ်တို့၏ mindset နှင့် concept များကို များစွာပြောင်းလဲပေးနိုင်ခဲ့သည်။ Boss နှင့် Leader တို့၏ ကွာခြားချက်၊ အလုပ်လုပ်ရာတွင် Head သာမက Heart နှင့် ပေါင်းစပ်လုပ်ကိုင်ရမည်ဟူသော အချက်များသည် မမေ့နိုင်သည့်အချက်များပင် ဖြစ်သည်။ အထူးသဖြင့် သင်တန်းသားအားလုံးမှာ စာရင်းအင်းဆိုင်ရာ Specilization များမဟုတ်သည့်အတွက် စာရင်းအင်းနှင့် ပတ်သက်သော သင်ခန်းစာများတွင် အတန်အသင့် အခက်အခဲများနှင့် ရင်ဆိုင်ကြရသည်။ ကျမအနေဖြင့်လည်း "Social, Survey, Vital, Price" စသည့် သင်ခန်းစာများတွင် အခက်အခဲ အနည်းငယ်ရှိသော်လည်း စိတ်ဝင်စားဖွယ် ကောင်းလှပါသည်။ ထို့ပြင် ကျမတို့ ''၁၀၀'' အဖွဲ့မှာ အခွင့်အရေးရ၍ စိုက်ပျိုးရေးဆိုင်ရာ data များကို data entry လုပ်ခွင့်ရခဲ့သည်၊ data entry သွင်းခြင်းမှ ရရှိခဲ့သော သင်ခန်းစာသည် ဂဏန်းတစ်လုံး မှားသွင်းမိသည်နှင့် နစ်နာဆုံးရှုံးမှုများစွာ ရှိမည်ဖြစ်သည်။ ပထမနေ့တွင်ဖြင့် သာမာန် ဂဏန်းရိုက်သွင်းရုံမျှ ထင်မိသော်လည်း နောက်နေ့များတွင် ကျမတို့ လုပ်နေသောအရာသည် အလွန်အရေးပါကြောင်း၊ မှားသွင်းမိသော်လည်းကောင်း၊ သုည တစ်လုံးပို (သို့)လို သွားလျှင်လည်းကောင်း ထိခိုက်မှုများစွာရှိနေသည်ကို သိရှိခဲ့ရသည်။ "Better Data, Better Lives"ဟူသည့် ဆောင်ပုဒ်ကို ထိုနေ့က ကောင်းစွာသဘောပေါက် နားလည်ခဲ့ရခြင်းဖြစ်သည်။ Social နှင့်ပတ်သက်သော lecture ချိန်ကို မှတ်မိပါသေးသည်။ မှီခိုမှုအချိုး၊ ကျောင်းနေနှုန်းကြမ်း၊ လူနာနှင့် ခုတင်အချိုးစသည်ဖြင့် တွက်ချက်ရာတွင် ရှုပ်လည်ခဲ့ဖူးသည်။ ခေါင်းချင်းဆိုင်တွက်ရင်း ခေါင်းချင်းတိုက်မိကြသည်မှာ အမှတ်တရပင် ဖြစ်သည်။

ထို့နောက် Group Discussion အတွက် Viber

groupဖွဲ့ပြီး informationsharingလုပ်ကြသည်။ ထမင်းအတူစာရင်း သင်ခန်းစာများ ဆွေးနွေးဖြစ်သည်။ viber groupတွင် informationသာမက အိပ်ငိုက်နေသော ရယ်စရာဓာတ်ပုံများပို့ကြရင်း ပိုမိုရင်းနှီးလာကြသည်။ ဟုတ်ပါသည်။ ကျွန်မတို့သင်တန်းတောင် ပြီးတော့မှာပဲ ပို့ချပေးခဲ့ သော သင်ခန်းစာများအတွက် စစ်ဆေးမည့် examလည်း ရှိဦးမည်။ Group Presentationအတွက်လည်း ပြင်ဆင်ကြရဦးမည်။ ထို့အတွက် လက်ထောက်သင်တန်းမှူးမှ သင်တန်းစတင်ကတည်းက အသိပေးပြီးဖြစ်သော်လည်းရောက်လာချိန် မြန်လွန်းသည်ဟုထင်မိသည်။ (စာရေးသူအမြင်သာ)။ စာမေးပွဲအတွက်သော်လည်းကောင်း၊ Presentation အတွက်သော်လည်းကောင်း စနေ၊ တနင်္ဂနွေနေ့များတွင် ဝိုင်းဖွဲ့ဆွေးနွေး ပြင်ဆင်ကြသည်မှာ အနည်းငယ် ပင်ပန်းသော်ငြား ပျော်စရာဖြစ်ခဲ့သည်။

စာမေးပွဲသည်လည်း မကြာမီ စတင်တော့မည်။ ကျွန်မတို့ တစ်ချိန်လုံး မေ့လျော့နေသော အရာသည်လည်း စာမေးပွဲနှင့်အတူ ပါလာခဲ့သည်။ ကျမတို့အားလုံးသည် ပြည်နယ်တိုင်းဒေသကြီး အသီးသီးမှ လာရောက်ခဲ့ကြသည်။ ထို့အတွက် သင်တန်းပြီးလျှင် မိမိတို့တာဝန်ကျရာနေရာသို့ သွားကြရမည်ဖြစ်သည်။ သေချာသည်မှာ ကျမတို့နှင့်အတူ တာဝန်ကျမည့်သူရှိသလို ခွဲခွာသွားမည့်သူလည်း ရှိမည်ပင်ဖြစ်သည်။ ထို့ကြောင့် အမှတ်တရသိမ်းရန် "selfie"ဓာတ်ပုံလည်း ပိုရိုက်ဖြစ်လာသည်။ ယခင်က သိပ်စကားမပြောဖြစ် ခဲ့သောသူများနှင့်လည်း ပိုမို စကားပြောဖြစ်လာသည်။ ကျမအထင် သိပ်မတည့်တဲ့သူများပင် ပိုရင်းနှီးလာကြမည်ထင်သည်။ ဒါဟာ ခွဲခွာခြင်းရဲ့ နိမိတ်ပဲမလား....။

စာမေးပွဲလည်း ကောင်းစွာဖြေပြီးဖြစ်သည်။ အဖွဲ့အားလုံးသည်လည်း Presentationအတွက် တတ်နိုင်သလောက် ကြိုးစားလုပ်ဆောင်ခဲ့ပြီး သင်တန်းဆင်းပွဲနှင့် မိမိတာဝန်ကျရာ နေရာကို သိရတော့မည် ဖြစ်သည်။ အများစုမှာ ရုံးချုပ်တွင်ထားမည်ဖြစ်သော်လည်း အချို့မှာ သက်ဆိုင်ရာ ပြည်နယ်၊ တိုင်းဒေသကြီးများသို့ သွားရမည်ဖြစ်သည့်အတွက် ကိုယ်စီစိတ်လှုပ်ရှားမှုနှင့်ဖြစ်သည်။ ဝန်ခံရလျှင် ထိုအရာမှာ စာမေးပွဲထက်ပင် ပို၍ရင်ခုန်စရာ ကောင်းလှသည်။ နယ်သွားမည့်သူကသွား။ သက်ဆိုင်ရာ sectionသို့ ရောက်သူကရောက်မို့ ငိုသူကငို၊ လွမ်းသူကလွမ်းကာ ဆွေးသူကဆွေးပေလိမ့်ဦးမည်။ ကျမတို့အုပ်စုသည်လည်း မွန်ပြည်နယ် ရောက်သူကရောက်၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ် ရောက်သူကရောက်မို့ ကားဂိတ်လိုက်ပို့တိုင်း မရှက်နိုင်ငိုရသည်မှာအမောဖြစ်သည်။ 'တွေ့ကြုံဆုံကွဲ' ဆိုသည့် လောကနိယာမရှိသကဲ့သို့ 'တွေ့ဆုံခြင်းသည် ခွဲခွာခြင်း၏ အစ' ဟု ဆိုလျှင် 'ခွဲခွာခြင်းသည် ပြန်လည် တွေ့ဆုံရန် ဖြစ်သည်' ဟု ယုံကြည်ရင်း... ကျမတို့ ယခုထိလည်း အဆက်အသွယ် မပြတ်ကြပေ။ ပြန်တွေ့သောအခါ၌လည်း အရင်လို ခင်မင်မှုများနှင့် ရှိနေဦးမည်ဖြစ်သည်။

''ဖယ်ရီကားလာနေပြီ'' ဟူသော အသံကြောင့် ကျမသည် တွေးလက်စအတိတ် နယ်ပယ်မှ ပစ္စုပ္ပန်သို့ ရုတ်ခြည်းရောက်ရှိလာခဲ့သည်။ ဒီနေ့က စောစောပြင်ဆင်ပြီး၍ ဖယ်ရီကို စောစောလာစောင့်နေခြင်း ဖြစ်သည်။ ထို့နောက် ဖုန်းစကရင်ကိုကြည့်ရင်း ခါတိုင်းလို date ကြည့်ရာမှ တိုက်ဆိုင်စွာ အလုပ်ဝင်သည်မှာ '၄' လမြောက်သည့် နေ့ဖြစ်၍ အတွေးတို့က အတိတ်သို့တစ်ခေါက် ပြန်ရောက်သွားခြင်းဖြစ်လေသည်။ သွားနေကျရုံးလမ်းကို ငေးလာရင်း... ကျမတို့ဘွဲ့ရခဲ့ပြီ... အလုပ်ရခဲ့ပြီ..အောင်မြင်မှုသစ်သီးဟာ ခက်ခဲခြင်းသစ်ပင်မှာ သီးတယ်ဆိုရင်တောင် ကြိုးစားမှုကို ပျော်ရွှင်မှုတစ်ခုအနေနှင့် မှတ်ယူရင်း ရင့်ကျက်လာခဲ့ပြီဖြစ်သည်။ တဖြည်းဖြည်းနဲ့ ရုံးသို့ရောက်ရှိလာပြီဖြစ်သည်။ ရုံးသို့ရောက်သည်နှင့် ခါတိုင်းလို ချက်ချင်း မဝင်ဖြစ်သေးပဲ... ထိုအထဲမှာ ကျမရဲ့ယုံကြည်ရသော အမတွေရှိတယ်... အကိုတွေရှိတယ်... ဆရာသမားလို သင်ပြပဲ့ပြင်ပေးမယ့်သူတွေ ရှိတယ်... မှန်ပါတယ် ထိုသူတွေဟာ ကျမရဲ့ ဒုတိယ မိသားစုတွေပဲ.. ကျမတို့သူငယ်ချင်းတွေ နေပြည်တော်ကို တာဝန်နဲ့လာတဲ့အခါ။ အလည်လာကြတဲ့အခါ ဒါမှမဟုတ် ကျမသွားဖြစ်တဲ့အခါ ကျမတို့တွေ့ကြုံခဲ့ရတဲ့ လုပ်ငန်းခွင် တစ်နေ့တာအကြောင်းတွေ ဖလှယ်ရင်းမှ နောက်ထပ်ဝတ္ထုတစ်ပုဒ် ဖြစ်လာဦးမှာပဲဟု တွေးရင်း...

လေးစားလျက်